# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ပညာဆီမီးကို ရှာဖွေကြိုးစား**

လောဘစသော မီးတဟုန်းဟုန်း တောက်လောင်ခြင်းကို ခံနေရပါလျက် အဘယ်ကြောင့် လူတို့သည် ပြုံးရွှင်ပျော်မြူးနေကြရပါသနည်း။ နှစ်လိုဝမ်းသာခြင်း ဖြစ်နေရပါသနည်း။ ထိုရာဂ စသော မီးတို့ကို ငြိမ်းသတ်နိုင်ရန် အားထုတ်သင့်ကြ၏။ မသိအောင် ဖုံးလွှမ်းထားသော အဝိဇ္ဇာအမှောင်တိုက်ကြီးအတွင်းမှ ထွက်မြောက်ရန် ပညာတည်းဟူသော ဆီမီးကို ရှာဖွေကာ ကြိုးစားသင့်၏။

ရာဇဝဂ်(ဓမ္မပဒ - ၁၄၆)


၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၃ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၁ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၂၄၂)


# မူးယစ်ဆေးဝါးအန္တရာယ်ကို ပြည်သူများကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် ပညာပေးစည်းရုံးလှုံ့ဆော် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်၊ လက်ဝယ်ထားရှိ၊ သယ်ဆောင်ဖြန့်ဖြူးခြင်းများကို ထိရောက်ပြစ်ဒဏ်များချမှတ်



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**နေပြည်တော် မေ ၃၁**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့် အဖွဲ့ဝင်များအား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်ဧည့်ခန်းမ၌ တွေ့ဆုံမှာကြားသည်။

တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတက တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် လူငယ်များ မူးယစ်ဆေးဝါးသုံးစွဲမှု ပိုမိုများပြားလာသည်ကို သိရှိရပါကြောင်း၊ အနာဂတ်လူငယ်များကို လူညွှန့်တုံးစေပါကြောင်း၊ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ပိုမိုတိုးမြှင့် လုပ်ဆောင်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ ဗဟိုအဖွဲ့၏ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ပိုမိုအားထည့် ဆောင်ရွက်သွားစေလိုပါကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် UN Convention ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်စေလိုပါကြောင်း၊ *စာမျက်နှာ ၃ ကော်လံ ၁* ◆

## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ခုကို ဖွဲ့စည်းသွားရန်ရှိ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**နိုင်ငံတော်သမ္မတရုံး**

**သတင်းထုတ်ပြန်ချက် အမှတ်၊ ၃/၂၀၁၈**

**၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၂ ရက်**

**(၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်)**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ခုကို ဖွဲ့စည်းသွားရန်ရှိ**

၁။ ရခိုင်ပြည်နယ်အတွင်း ပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့ ဆောင်ရွက်ရာတွင် အမျိုးသား အစီအစဉ်တစ်ရပ်အနေဖြင့် မြန်မာအစိုးရသည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းရန် ဆုံးဖြတ်ပြီး ဖြစ်သည်။ ရခိုင်ပြည်နယ်ဆိုင်ရာအကြံပြုချက်များ အကောင်အထည်ဖော်ရေးကော်မတီ၏ အကြံပေးအဖွဲ့၏ ကြားဖြတ်အကြံပြုချက်များကိုပါ ထည့်သွင်းစဉ်းစားလျက် *စာမျက်နှာ ၃ ကော်လံ ၄* ✻

## ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂအေဂျင်စီများအကြား နားလည်မှုစာချွန်လွှာအား ကနဦးလက်မှတ်တိုရေးထိုး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**

**သတင်းထုတ်ပြန်ချက်**

**၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၂ ရက်**

**(၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်)**

**ရခိုင်ပြည်နယ်မှနေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်ကို အထောက်အပံ့ပြုနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂအေဂျင်စီများအကြား နားလည်မှုစာချွန်လွှာအား ကနဦးလက်မှတ်တို ရေးထိုးခြင်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ (၂၃) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သည့် “ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်”အား အကောင်အထည်ဖော်ရာ၌ မြန်မာနိုင်ငံအစိုးရ၏ ဆောင်ရွက်မှုများအား *စာမျက်နှာ ၃ ကော်လံ ၄* ✻


KBZ BANK
STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

# သစ်ပင်သစ်တောနှင့် မိုးရေ

မုတ်သုံလေအားကောင်းနေသည်ဟု မိုးလေဝသခန့်မှန်းချက်က ဆိုသည်။ အချို့ဒေသများမှာ မိုးပြတ်တောင်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ တချို့ဒေသမှာ မိုးအသင့်အတင့် ထစ်ချုန်းရွာနိုင်သည်။ အချို့ဒေသများတွင် မိုးပိုလာနိုင်သည် စသည်ဖြင့် ခန့်မှန်းဖော်ပြထားသည်။ ပြီးခဲ့သည့် ရက်ပိုင်းအတွင်းက ဝင်ရောက်ခဲ့သည့် အားကောင်းသောမုန်တိုင်းငယ်က သယ်ဆောင်လာသော မိုးရေတို့ကြောင့်လည်း နွေရာသီအပူရှိန်ကြောင့် ခြောက်သွေ့နေသော ဒေသများမှာ စိမ်းလန်းစိုပြည်လာသည်။

သစ်ပင်သစ်တောများနှင့် မိုးရေတို့မှာ အဆက်အစပ်ရှိသည်။ ရွာချလိုက်သော မိုးရေတို့က ရွက်အုပ်များရှိသော သစ်ပင်တို့ကြောင့် မြေပေါ်တွင် အလျင်အမြန် စီးဆင်းမသွားနိုင်ဘဲ မြေအောက်သို့ စိမ့်ဝင်သွားကာ မြေအောက်ရေကို ဖြည့်ဆည်းပေးကြသည်။ သစ်ပင်ရွက်အုပ်များက ရေစီးဆင်းမှုကို ၇ ရာခိုင်နှုန်းမှ ၁၂ ရာခိုင်နှုန်းအထိ လျော့နည်းစေသည်ဟု သုတေသနပြုမှုများအရ သိရသည်။ ရေစီးဆင်းမှုနှုန်း လျော့ကျသွားသောအခါ မြေတိုက်စားမှုလည်း လျော့ကျသည်။ ရေကြီးရေလျှံမှုကိုလည်း လျော့ကျစေသည်။ ဆည်မြောင်းချောင်းကန်များအတွင်း နုန်းပို့ချမှုကို လျော့ကျစေသည်။ ရွက်အုပ်သစ်တောများကို ဖြတ်သန်းစီးဆင်းလာသော မိုးရေများက တိုက်စားမှုနည်းသည်နှင့်အမျှ အမှိုက်၊ နုန်းအနည်တို့ နည်းပါးကာ သန့်ရှင်းကြည်လင်သော ရေများကိုသာ မြစ်ချောင်းများ အတွင်း စီးဆင်းစေသည်။ သို့ဖြစ်ရာ သစ်ပင်သစ်တောများက မိုးသက်မုန်တိုင်းကို အရှိန်လျော့စေပြီး ရေတိုက်စားစီးဆင်းမှုကို ထိန်းသိမ်းထားကာ မြစ်ချောင်းများဆီသို့ အမှိုက်အနည်များ ရောက်ရှိမသွားအောင် ထိန်းသိမ်းထားနိုင်သည့် ရေစစ်များသဖွယ်ဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။

ရွက်အုပ်သစ်တောများဟုဆိုရာတွင် ပင်မြင့်များ၊ ယင်းအောက်မှ ပင်နိမ့်များနှင့် ချုံနွယ်များ၊ ယင်းအောက်မှမြက်များနှင့် အရွက်ကြွေများ စသည် ဖြင့် အဆင့်ဆင့်ရှိနေသော သစ်တောများကို ဆိုလိုသည်။ မိုးပေါ်မှ ရွာချလာသော မိုးရေများကို ပင်မြင့်များမှ သစ်ရွက်များက စုပ်ယူပြီး အချို့ကို အငွေ့ပျံစေသည်။ အချို့ကမူ အောက်သို့ထပ်မံကျဆင်းသွားသည်။ ယင်းကျဆင်းသွားသော မိုးရေများက ပင်နိမ့်များနှင့် ချုံနွယ်များဆီသို့ ကျရောက်သွားပြီး ယင်းမှတစ်ဖန် အောက်ခြေရှိ မြက်ပင်များနှင့် ရွက်ကြွေများပေါ်သို့ ကျရောက်ကာ မြေအောက်သို့ စိမ့်ဝင်ရခြင်းဖြစ်သည်။ အပူပိုင်းဒေသ၏ သစ်ပင်တစ်ပင်သည် တစ်နှစ်လျှင် မိုးရေဂါလန် ၅၀၀ မှ ၇၀၀ အထိ ထိန်းယူနိုင်ပြီး အရွယ်ရောက်အမြဲစိမ်းသစ်ပင်တစ်ပင်သည် ပျမ်းမျှ တစ်နှစ်လျှင် မိုးရေဂါလန် ၄၀၀၀ ခန့်အထိ ထိန်းထားနိုင်သည်ဟု သုတေသနပြုမှုများအရ သိရသည်။ အရွယ်ရောက်သစ်ပင် ၂၀ ခန့်ပါဝင်သည့် သစ်တောတစ်ကေသည် တစ်နှစ်လျှင် မိုးရေဂါလန် ၁၀၀၀၀ ခန့်ကို စုပ်ယူထားနိုင်ကြောင်း လေ့လာတွေ့ရှိခဲ့ရာ သစ်တောများကို ကောင်းမွန်စွာ ထိန်းသိမ်းထားနိုင်သည်နှင့်အမျှ နွေရာသီတွင် မြစ်ချောင်းများနှင့် မြေအောက်ရေများခန်းခြောက်ကာ ရေရှားပါးပြီး အပူလွန်မှု၊ မိုးရွာသည်နှင့် မြေပြင်ပေါ်တွင် မိုးရေကိုမထိန်းသိမ်းနိုင်ဘဲ စီးဆင်းတိုက်စားကာ ရေကြီးရေလျှံမှု၊မြေပြိုမှု၊ သီးနှံစိုက်ခင်းများနှင့်မြို့ရွာများ ရေနစ်မြုပ်မှုစသည့် သဘာဝဘေးအန္တရာယ်များကို လျော့ပါးသွားစေမည် ဖြစ်သည်။

အဖိုးတန် သဘာဝသယံဇာတသစ်ပင်သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ကာ အလွန်အကျွံခုတ်လှဲမှု၊ ထုတ်ယူသုံးစွဲမှုတို့မှ ကာကွယ်ခြင်း၊ သစ်ပင်သစ်တောများ ပြုစုပျိုးထောင်ကာ စိုက်ပျိုးခြင်းအားဖြင့် အနာဂတ်မျိုးဆက်များအတွက် စိမ်းလန်းစိုပြည်သော သဘာဝပတ်ဝန်းကျင်အမွေအနှစ်ကောင်းကို ချန်ထားပေးအပ်နိုင်ပါစေကြောင်း။

## မြန်မာ့ပင်လယ်ပြင် လှိုင်းအသင့်အတင့်ရှိ

**နေပြည်တော် မေ ၃၁**

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ရေကြောင်းပညာတက္ကသိုလ် ကျောင်းဆင်းဘွဲ့ရများ အလုပ်အကိုင်အခွင့်အလမ်း ယခင်ထက်ပိုမိုများပြား

**ရန်ကုန် မေ ၃၁**

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်မှ ကျောင်းဆင်းဘွဲ့ရများအား နိုင်ငံတကာသင်္ဘောကုမ္ပဏီကြီးများအပြင် ပြည်တွင်းပြည်ပ စက်ရုံ၊ အလုပ်ရုံများ၊ဆိပ်ကမ်းများနှင့် ချိတ်ဆက်ကာ ဆောင်ရွက်ပေးနေသောကြောင့် ယခင်ထက် အလုပ်အကိုင်အခွင့်အလမ်းရရှိမှု ပိုမိုများပြားလာကြောင်း မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က ပြောသည်။

"ကျွန်တော်တို့ ကျောင်းမှာတက်ရောက်တဲ့ကလေးတွေ ကျောင်းပြီးတာနဲ့ အလုပ်အကိုင်ရဖို့၊ ရနိုင်လောက်တဲ့ တတ်ကျွမ်းမှုမျိုးလည်း ရှိပါမယ်၊ ဆရာမတွေရော ကျွန်တော်တို့တွေပါ အစွမ်းကုန်ကြိုးစားပြီး ဆောင်ရွက်ပေးနေပါတယ်၊ ကျောင်းကနေ ဘွဲ့ပေးတဲ့ ခုနစ်ခုမှာ သုံးခုက သင်္ဘောလိုင်းတိုက်ရိုက်လိုက်နိုင်တယ်၊ အဲဒီအတွက် Shipping ကုမ္ပဏီတွေကို Scholar နဲ့ ပတ်သက်တဲ့ ကျောင်းတက်နေတုန်းခေါ်တာနဲ့ ကျောင်းပြီးဘွဲ့ရမှခေါ်တဲ့ Non- Scholar စာချုပ်တွေချုပ်ဆိုထားတာတွေနဲ့လည်း အလုပ်အကိုင်အခွင့်အလမ်းရရှိဖို့ ဖန်တီးပေးနေပါတယ်၊ ဒီနည်းတွေနဲ့လည်း ကျောင်းသားတွေ သင်္ဘောလိုက်နိုင်ဖို့ အလုပ်အကိုင်ရရှိစေဖို့ ဆောင်ရွက်ပေးတာ အလွန်အဆင်ပြေပါတယ်၊ အခုနောက်ပိုင်းဆိုရင် အတော်များများ အလုပ်တွေရရှိနေကြပါပြီ၊ သင်္ဘောမဟုတ်တဲ့ ကျန်တဲ့လေးဘာသာက ဘွဲ့တွေပေါ့၊ ဒါတွေကိုလည်း ပြည်တွင်းက စက်ရုံတွေ၊ အလုပ်ရုံတွေအပြင် အစိုးရအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ကာဆောင်ရွက်ပေးနေသလို နိုင်ငံတကာမှာဆိုရင် အထူးသဖြင့် ဂျပန်က အဖွဲ့အစည်းသုံးခုလောက်နဲ့ချိတ်ဆက်ပြီး ဒီ နှစ်နှစ်၊ သုံးနှစ်ကာလအတွင်းမှာ အလုပ်အတွက် လွှတ်နေတာ၊ အခုဆို ၁၀၀ ကျော် လောက်ရှိနေပါပြီ၊ တချို့လည်း အလုပ်မဝင်ဘဲ ME တို့၊ Ph.D တို့ယူပြီး ဥရောပ၊ ဂျပန်၊ ကိုရီးယားဘက်ကိုသွားတာတွေလည်း ရှိပါတယ်၊ အလုပ်အကိုင်အားနဲ့ တဖြည်းဖြည်း ပိုများလာပါတယ်၊ လောလောဆယ်မှာ ကျွန်တော်တို့ ကျောင်းနဲ့အနီးဆုံးမှာရှိတဲ့ သီလဝါအထူးစီးပွားရေးဇုန်က ခေါ်ချင်လို့လာပြီး ဟောပြောစည်းရုံးနေတာတွေလည်း ရှိပါတယ်" ဟု မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ်က ဆက်လက်ပြောပြသည်။

ယခုအခါတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်အနေဖြင့် ရေယာဉ်တည်ဆောက်မှု အင်ဂျင်နီယာဘာသာရပ် (NA)၊ တော်ဝင်ရေယာဉ်ဗိသုကာ ၊ ဆိပ်ကမ်းအင်ဂျင်နီယာဘာသာရပ်၊ မြစ်ချောင်းနှင့် ကမ်းရိုးတန်းအင်ဂျင်နီယာဘာသာရပ်နှင့် အခြားရေကြောင်းဆိုင်ရာ ဘာသာရပ်၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရွန်နစ်ဘာသာရပ်၊ ရေကြောင်းစက်မှု အင်ဂျင်နီယာဘာသာရပ်၊ ရေကြောင်းသိပ္ပံဘာသာရပ်၊ ရေယာဉ်တည်ဆောက်မှုဘာသာရပ်၊ သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှုဘာသာရပ်၊ ဆိပ်ကမ်းစီမံခန့်ခွဲမှု ဘာသာရပ်၊ ထောက်ပံ့သယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှုဘာသာရပ်နှင့် အခြားရေကြောင်းဆိုင်ရာ ဘာသာရပ်အလိုက် BE ခြောက်ဘွဲ့နှင့် B.Sc တစ်ဘွဲ့ စုစုပေါင်း ဘွဲ့ ခုနစ်ဘွဲ့၊ ဒီပလိုမာသုံးခုကို နှစ်နှစ်သင်တန်းအဖြစ် ဖွင့်လှစ်ပေးနေကြောင်း သိရသည်။ ကျောင်းဆင်း ဘွဲ့များကို ၂၀၀၇ ခုနှစ်မှ ၂၀၁၈ ခုနှစ် အထိ (၁၂) ကြိမ်တိုင် ပေးအပ်ခဲ့ပြီးဖြစ်ရာ ရေကြောင်းဘက်ဆိုင်ရာဘွဲ့နှင့် ဒီပလိုမာဘွဲ့ရ ကျောင်းသား ကျောင်းသူ စုစုပေါင်း၄၈၆၀ အား မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြင့်မောင်စိုး**

# ကမ္ဘာ့ဆေးလိပ်မသောက်ရနေ့ အထိမ်းအမှတ်အခမ်းအနား ဘားအံမြို့၌ ကျင်းပ

**ဘားအံ မေ ၃၁**

ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျင်းပသော ကမ္ဘာ့ဆေးလိပ်မသောက်ရနေ့ အထိမ်းအမှတ်အခမ်းအနားကို ဘားအံမြို့ အဆိုပါရုံးခန်းမ၌ မေ ၃၁ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ တင်ဝင်းကျော်က အမှာစကားပြောကြားပြီး ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာ ထွန်းမင်းက ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော ဆေးလိပ်၊ ဆေးရွက်ကြီးနှင့်ပတ်သက်၍ ကျန်းမာရေးအသိမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တင်ပြသည်။

ထို့နောက် ပြည်နယ်အထူးကုဆရာဝန်ကြီး ဒေါက်တာ မြတ်ကောင်းက ဆေးလိပ်၊ ဆေးရွက်ကြီးကြောင့်ဖြစ်တတ်သော အန္တရာယ်နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

"ကျွန်တော်တို့ ၂၀၁၄ ခုနှစ် စစ်တမ်းတွေအရ ဆိုရင် မြန်မာနိုင်ငံမှာ အရွယ်မရောက်သေးတဲ့ အမျိုးသားတွေအနက် ၄၉ ဒသမ ၈ ရာခိုင်နှုန်းနဲ့ အရွယ်ရောက်ပြီး အမျိုးသမီး ၈ ဒသမ ၄ ရာခိုင်နှုန်းဟာ လတ်တလော ဆေးလိပ်သာက်သုံးနေကြသူများ ဖြစ်ကြပါတယ်၊ အမျိုးသား ၆၂ ဒသမ ၂ ရာခိုင်နှုန်း၊ အမျိုးသမီး ၂၄ ဒသမ ၁ ရာခိုင်နှုန်းဟာ ကွမ်းယာနှင့် ဆေးရွက်ကြီးထွက် ပစ္စည်းတွေကို လတ်တလော တွဲဖက်သုံးစွဲနေကြတာတွေ့ရှိရပြီး အရှေ့တောင်အာရှနိုင်ငံတွေမှာ သုံးစွဲမှုအများဆုံးဖြစ်တယ်" ဟု ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာ တင်ဝင်းကျော်က ပြောသည်။



ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ တွက်ချက်မှုများအရဆေးလိပ်နှင့်ဆေးရွက်ကြီးသုံးစွဲမှုကြောင့် နှလုံးနှင့် သွေးကြောရောဂါဖြစ်ပွားမှုနှုန်းသည် အများဆုံးဖြစ်ပြီး အသက်အရွယ် အားဖြင့် ၃၀ မှ ၄၄ နှစ်ကြားလူလတ်ပိုင်းများတွင် အဖြစ်များနေသည်ကို တွေ့ရကြောင်း ၎င်းဆက်လက်ပြောပြသည်။

ဆေးလိပ်၊ ဆေးရွက်ကြီးသုံးစွဲမှုကြောင့် ကမ္ဘာတစ်ဝန်းမှာ နှစ်စဉ် လူဦးရေ ခုနစ်သန်းကျော်ဟာ နာတာရှည်ရောဂါမျိုးစုံဖြစ်ပွားပြီး သက်တမ်းစေ့မနေရဘဲ ဆောလျင်စွာသေဆုံးလျက်ရှိကြောင်း၊ လူဦးရေ ခုနစ်သန်းအနက် ကိုးသိန်းကျော်သည် ကိုယ်တိုင် ဆေးလိပ်၊ ဆေးရွက်သုံးစွဲခြင်းကြောင့် မဟုတ်ဘဲ သူတစ်ပါး၏ဆေးလိပ်ငွေ့ကို တစ်ဆင့်ရှူရှိုက်ရသည့်အတွက် ရောဂါဖြစ်ပွားပြီး သေဆုံးနေရကြောင်း သိရသည်။

**မင်းရာဇာ**

# ပဲခူးမြို့၌ ကျောင်းအပ်နှံရေးအခမ်းအနားကျင်းပ

**ပဲခူး မေ ၃၁**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ကျောင်းအပ်နှံရေး အခမ်းအနားကို မေလနောက်ဆုံးပတ်က ပဲခူးမြို့အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးကျော်ဆင့်နှင့် အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းနုတို့က အမှာစကားပြောကြား သည်။

မူလတန်းအဆင့်မှစ၍ အခြေခံအဆင့် ကျောင်းသား ကျောင်းသူအားလုံး စာဖတ်တတ်ရန်၊ စာရေးတတ်ရန်နှင့် အခြေခံသင်္ချာ နိုင်နိုင်နင်းနင်းတွက်ချက်နိုင်ရေးတို့ကို အလေးအနက်ထားသင်ကြားပေးကြပြီး ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် ပညာသင်ကြားနိုင်ရေးကို မိဘများနှင့် ပူးပေါင်းဆောင်ရွက်ကြရန်၊ မိဘများကလည်း မိမိတို့၏ သားသမီးများကို ကျောင်းအပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ပညာရေးမှူးနှင့် အမှတ် ၁ ဒုတိယတိုင်းပညာရေးမှူး၊ ခရိုင်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းသားကျောင်းသူများတက်ရောက် ကြသည်။

ကျောင်းအကျိုးဆောင်များက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်းသီဆို၍ အခမ်းနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**၁၄၂**



## ခိုင်ကမ်းမြို့အတွက် အိမ်သုံးမီတာ ၁၇၂ လုံးထပ်မံရရှိ

**ခိုင်ကမ်း မေ ၃၁**

ချင်းပြည်နယ် တီးတိန်မြို့နယ် ခိုင်ကမ်းမြို့အတွက် အိမ်သုံးလျှပ်စစ်မီတာ ၁၇၂ လုံးကို မေ ၂၉ ရက်တွင် ထပ်မံရရှိကြောင်း၊ အဆိုပါ အိမ်သုံးမီတာများကို ခိုင်ကမ်းမြို့ ရပ်ကွက် လေးရပ်ကွက်ရှိ မီတာလျှောက်ထားသူ ပြည်သူများအား One Stop Service စနစ်ဖြင့် နေ့ချင်းပြီး တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ် လျှပ်စစ်မှူးရုံးမှ သိရသည်။

ခိုင်ကမ်းမြို့သည် ချင်းပြည်နယ်အတွင်းရှိ မဟာဓာတ်အားလိုင်းရရှိသော မြို့များ ထဲတွင် တစ်ခုအပါအဝင် ဖြစ်ပြီး ၂၀၁၇ ခုနှစ် ဇွန်လတွင် အိမ်သုံးမီတာ ၂၉၉ လုံးကို ပထမဆုံးအကြိမ်အဖြစ် တပ်ဆင်၍ ဒီဇင်ဘာလတွင် နောက်ထပ် ၁၂၅ လုံးထပ်မံ တပ်ဆင်ကာ ယနေ့ရောက်ရှိလာသော ၁၇၂ လုံး တပ်ဆင်ပြီး သွားပါက ခိုင်ကမ်းမြို့တွင် မီတာ ၅၉၆ လုံး ရှိသွားမည်ဖြစ်ကြောင်း မြို့နယ် လျှပ်စစ်မှူးရုံးမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားမည်

ကျွန်တော်တို့နိုင်ငံဟာ အဘက်ဘက်မှာ လိုအပ်ချက်တွေနဲ့ ဆင်းရဲနွမ်းပါးဆဲ ဖြစ်တာကြောင့် နေရာ၊ ကဏ္ဍအသီးသီးမှာ အများကြီး ဆက်လက်ရုန်းကန် ကြိုးပမ်းကြရဦးမှာဖြစ်ပါတယ်။ နိုင်ငံတကာ မျက်နှာစာမှာလည်း ဖိအားပေးမှုတွေ၊ ဝေဖန်မှုတွေနဲ့ အထင်အမြင်လွဲမှားနေတာတွေလည်း ရင်ဆိုင်နေရပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ကျွန်တော်တို့ပြည်သူတွေ ဒီကနေ့ တွေ့ကြုံရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေ၊ အခက်အခဲတွေကလည်း မနည်းလှပါဘူး။ အရာရာတိုင်းကို လွယ်လင့်တကူ ဖြေရှင်းနိုင်မှာ မဟုတ်ပေမယ့်လည်း ကျွန်တော့်အနေနဲ့ အစွမ်းကုန်ကြိုးပမ်းအားထုတ်ပြီး ဦးစားပေးကဏ္ဍအလိုက် ဖြေရှင်းဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။

(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၃၀-၃-၂၀၁၈ ရက်နေ့က ပြည်ထောင်စုလွှတ်တော်တွင် ကျင်းပသည့် ကတိသစ္စာပြုပွဲအခမ်းအနား၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား

ဘယ်လိုစီမံကိန်းတွေပဲ ချမှတ်ချမှတ်၊ အကောင်အထည်ဖော်ရာမှာ စုပေါင်းလုပ်ဆောင်ခြင်းကသာ အောင်မြင်ခြင်းရဲ့ အဓိကအကြောင်းတရား ဖြစ်ပါလိမ့်မယ်။ အစုအဖွဲ့၊ ဂိုဏ်းဂဏစိတ်တွေကို ဖယ်ရှားပြီး၊ နိုင်ငံနဲ့ပြည်သူများ အကျိုးသယ်ပိုးရာမှာ၊ မည်သူကိုမျှ လက်ညှိုးမထိုး၊ မိမိရဲ့စေတနာ၊ ပညာ၊ သတ္တိတွေကိုသာ လူတိုင်းလူတိုင်း အထွတ်အထိပ်ရောက်အောင် ကြိုးစားဆောင်ရွက်မယ်ဆိုရင် ဘယ်လိုကြီးမား၊ ခက်ခဲတဲ့ စိန်ခေါ်မှုပဲဖြစ်ပါစေ၊ ကျော်လွှားနိုင်မယ်လို့ ခိုင်မာစွာ ယုံကြည်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၁ - ၄ - ၂၀၁၈ ရက်နေ့က ပြောကြားသည့် နိုင်ငံတော်အစိုးရတာဝန်ထမ်းဆောင်မှု (၂) နှစ်ပြည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

◆ *ရှေ့ဖုံးမှ*

ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော ပြည်တွင်းအဖွဲ့အစည်းများ၊ ပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

**ပြစ်ဒဏ်များချမှတ်**

မူးယစ်ဆေးဝါးအန္တရာယ်ကို ပြည်သူများအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေးအတွက် အသိပညာပေးခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်း၊ ဆေးကုသပေးခြင်း၊ ပြန်လည်ထူထောင်ခြင်းတို့ကို ဆောင်ရွက်ပေးရန် လိုအပ်ပြီး မူးယစ်ဆေးဝါး စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းဝယ်ခြင်းများကို ထိရောက်သော ပြစ်ဒဏ်များ ချမှတ်နိုင်ရေး ဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

**တိုက်ရိုက်ကွပ်ကဲကြပ်မတ်**

ဒေသဆိုင်ရာ မူးယစ်ဆေးဝါးတားဆီးကာကွယ် နှိမ်နင်းရေးအဖွဲ့များကို မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဖွဲ့စည်းသွားရန်လိုအပ်ပြီး ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဒေသမှ စိတ်ပါဝင်စားသူ ပြည်သူများ ပါဝင်ဖွဲ့စည်းရန် လိုအပ်ပါကြောင်း၊ အဆိုပါ အဖွဲ့အစည်းများကိုလည်း ဆုငွေချီးမြှင့်ရေးစနစ်ကျင့်သုံး၍ လိုအပ်သလို စီမံခန့်ခွဲသွားရန် လိုအပ်ပါကြောင်း၊ ထို့ပြင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအထူးအဖွဲ့ကို သီးခြားဖွဲ့စည်း၍ ဗဟိုအဖွဲ့မှ တိုက်ရိုက်ကွပ်ကဲကြပ်မတ်သွားရန် လိုအပ်ပါကြောင်း စသည်ဖြင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ တိုက်ဖျက်နှိမ်နင်းရေးနှင့် တားဆီးကာကွယ်ရေးကို အရှိန်အဟုန်တိုးမြှင့် ဆောင်ရွက်ပေးရန် လမ်းညွှန်မှာကြားသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒုတိယဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ အဖွဲ့ဝင်များဖြစ်ကြသည့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဒေါက်တာသက်ခိုင်ဝင်း၊ နိုင်ငံတော်သမ္မတရုံး နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီး ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ဆွေဦး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်သန်းသင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ စစ်ဦးစီးဗိုလ်မှူးချုပ် ဗိုလ်မှူးချုပ် ကိုကိုဦး၊ တပ်မတော်စစ်ဘက်ရေးရာလုံခြုံရေး အရာရှိချုပ်ရုံးမှ ဒုတိယဗိုလ်မှူးကြီး ဇော်လင်းထွန်း၊ ဗဟိုအဖွဲ့အတွင်းရေးမှူး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်အောင်ဝင်းဦးနှင့် တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် မြင့်အောင်တို့ တက်ရောက်ကြသည်။

**သတင်းစဉ်**

❊ *ရှေ့ဖုံးမှ*

ဤသို့ဆုံးဖြတ်ခြင်းဖြစ်သည်။ ဤလွတ်လပ်သောကော်မရှင်သည် အာဆာအကြမ်းဖက်အဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုပြီးနောက် လူ့အခွင့်အရေးချိုးဖောက်မှုများ၊ ယင်းနှင့်ဆက်နွယ်သည့်ကိစ္စများကို စုံစမ်းစစ်ဆေးမည်ဖြစ်သည်။

၂။ ကော်မရှင်တွင် နိုင်ငံတကာမှ ပုဂ္ဂိုလ်ကြီးတစ်ဦးအပါအဝင် အဖွဲ့ဝင် (၃)ဦး ပါဝင်မည်ဖြစ်ပြီး၊ ကော်မရှင်အား ပြည်တွင်းနှင့် နိုင်ငံတကာမှ ဥပဒေနှင့်နည်းပညာကျွမ်းကျင်သူများက ပံ့ပိုးပေးမည် ဖြစ်ပါသည်။

✳ *ရှေ့ဖုံးမှ*

အထောက်အကူပြုနိုင်ရန်အတွက် နားလည်မှုစာချွန်လွှာ (MoU) တစ်ရပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအစိုးရ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့အကြား ၂၀၁၈ ခုနှစ်၊ မေလ(၃၁)ရက်နေ့တွင် ကနဦးလက်မှတ်တို ရေးထိုးခဲ့ပါသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် လိုအပ်သည့်စိစစ်မှုများပြုလုပ်ပြီးဖြစ်သည့် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရာတွင် ကုလသမဂ္ဂအေဂျင်စီများမှ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)တို့သည် နေရပ်စွန့်ခွာသွားသူများအား ပြန်လည်နေရာချထားရေး၊ ၎င်းတို့အနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်နိုင်သည့် အခွင့်အလမ်းများရရှိနိုင်စေရန်အတွက် သက်ဆိုင်ရာအသိုက်အဝန်းများအတွင်း လိုအပ်သည်များပံ့ပိုးပေးရာတွင် မြန်မာနိုင်ငံအစိုးရနှင့်အတူ ပါဝင်ဆောင်ရွက်ရန်ဖြစ်ပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) တို့နှင့်အတူ အဆိုပါနားလည်မှုစာချွန်လွှာအား ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှစတင်၍ ဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး ရလဒ်အနေဖြင့် ယင်းနားလည်မှုစာချွန်လွှာအား မကြာမီလက်မှတ်ရေးထိုးနိုင်မည်ဖြစ်ပါသည်။

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် အစ္စရေးသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၃၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး H.E. Mr.Daniel Zonshine အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် အစ္စရေး-မြန်မာ နှစ်နိုင်ငံအကြား လွှတ်တော်အချင်းအချင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ရေအရင်းအမြစ် ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးကဏ္ဍ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ သတင်းအချက်အလက် နည်းပညာ(ICT) ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးရေး၊ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် အစ္စရေးသံအမတ်ကြီး H.E. Mr. Daniel Zonshine အား လက်ခံတွေ့ဆုံစဉ်။** သတင်းစဉ်



## ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်း ကုလသမဂ္ဂမှ ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးအပ်ရေးကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် မေ ၃၁**

ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းသည် ကုလသမဂ္ဂမှ ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးအပ်ရေး ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အဆောင်အမှတ် (I-2) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။ (ဓာတ်ပုံ)

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ကုလသမဂ္ဂ အနေဖြင့် အကူအညီပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ လွှတ်တော်နှင့် ရွေးကောက်ပွဲကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများနှင့် ရွေးကောက်ပွဲကော်မရှင် ဥပဒေကို ပြင်ဆင်သည့် ဥပဒေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်သမ္မတရုံး
အမိန့်အမှတ် ၊ ၂၉/ ၂၀၁၈
၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၂ ရက်
(၂၀၁၈ခုနှစ်၊ မေလ ၃၁ ရက်)

**ပြည်ထောင်စုဝန်ကြီးခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂၊ ပုဒ်မ ၂၃၅၊ ပုဒ်မခွဲ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးစိုးဝင်း ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၃၁**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မိုး/ဇလ

## ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်/ သံရုံးများသို့ပေးပို့နိုင်မည့်နေ့ရက်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းကြေညာချက် ပုံစံ(၁၀) ကပ်ထားကြေညာမည့်နေ့ရက်နှင့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာပေးမည့်နေ့ရက်များ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၇၆ / ၂၀၁၈)
၁၃၈၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၂ ရက်
(၂၀၁၈ ခုနှစ်၊ မေလ ၃၁ ရက်)

**ပြည်ပရောက်မဲဆန္ဒရှင်များမှ ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်/ သံရုံးများသို့ပေးပို့နိုင်မည့်နေ့ရက်၊ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းကြေညာချက် ပုံစံ(၁၀) ကပ်ထားကြေညာမည့်နေ့ရက်နှင့် လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းကြေညာပေးမည့်နေ့ရက်များ ထုတ်ပြန်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လစ်လပ်မဲဆန္ဒနယ်များအတွက် ကြားဖြတ်ရွေးကောက်ပွဲကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်(စနေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၅၇(ခ)၊ နည်းဥပဒေ ၃၅ နှင့် နည်းဥပဒေ ၇၂ တို့အရ အောက်ပါနေ့ရက်များကို ထုတ်ပြန်ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (၁) | ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ (၁၅)များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့်နေ့ရက် [ ပုံစံ (၁၅) များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website၊ နိုင်ငံခြားရေးဝန်ကြီးဌာန Website နှင့် သက်ဆိုင်ရာသံရုံး Website များမှလည်း Download ရယူနိုင်ပါသည်] | ၁.၆.၂၀၁၈ |
| (၂) | ပြည်ပရောက်မဲဆန္ဒရှင်များမှ ကြိုတင်ဆန္ဒမဲ လက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့် နေ့ရက် | ၁၈.၆.၂၀၁၈ မှ ၉.၇.၂၀၁၈ |
| (၃) | လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်စာရင်းကြေညာချက် ပုံစံ(၁၀) ကပ်ထားကြေညာမည့်နေ့ရက် | ၆.၈.၂၀၁၈ |
| (၄) | ရွေးကောက်ခံရသော လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းများ ကြေညာပေးမည့်နေ့ရက် | ၄.၁၁.၂၀၁၈မှ ၆.၁၁.၂၀၁၈ |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဝန်ကြီးဌာနများ၏ ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် လုပ်ငန်းညှိနှိုင်း

**နေပြည်တော် မေ ၃၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ဝန်ကြီးဌာနများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာန ၁၁ ခုမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(ယာပုံ)**



**လုပ်ငန်းအချိန်ဇယား ကြေညာ**

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲကို နိုဝင်ဘာ ၃ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲကျင်းပရန် ကြေညာသည့်နေ့မှစ၍ ရလဒ်များကြေညာမည့်နေ့အထိ လုပ်ငန်းစဉ် အချိန်ဇယားရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း၊ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် လစ်လပ်မဲဆန္ဒနယ် ၁၃ နေရာရှိကြောင်း၊ လစ်လပ်မဲဆန္ဒနယ်ရှိသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းပြီးဖြစ်ကြောင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ သင်တန်းများကိုလည်း ပို့ချလျက်ရှိကြောင်း၊ ဧပြီ ၁၉ ရက်မှစတင်ကာ မဲဆန္ဒရှင်စာရင်းပြုစုခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိကြောင်း၊ မဲစာရင်းအား ၁၄ ရက် နှစ်ကြိမ် ကပ်ထားကြေညာသွားမည်ဖြစ်ကြောင်း၊ ကပ်ထားကြေညာချိန်တွင် သက်ဆိုင်ရာ မဲဆန္ဒရှင်များက သွားရောက်ကြည့်ရှုစစ်ဆေး၍ တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ကန့်ကွက်ခြင်းတို့အား ဆောင်ရွက်ကြစေလိုကြောင်း၊ ယခုကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့် နိုင်ငံရေးပါတီပေါင်း ၉၂ ပါတီ ရှိကြောင်း၊ ကိုယ်စားလှယ်လောင်းအမည်စာရင်း တင်သွင်းခြင်း၊ ရုပ်သိမ်းခြင်း၊ စိစစ်ခြင်း လုပ်ငန်းအချိန်ဇယားအား ထုတ်ပြန်ကြေညာပြီးဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကြားဖြတ်ရွေးကောက်ပွဲအား ဥပဒေ၊ နည်းဥပဒေ များနှင့်အညီ လွတ်လပ်မျှတပြီး ပွင့်လင်းမြင်သာမှုရှိသော၊ ပြည်သူ့ဆန္ဒနှင့်အညီဖြစ်သော၊ အများယုံကြည်လက်ခံသော ရွေးကောက်ပွဲဖြစ်အောင် ကျင်းပပေးသွားမည်ဖြစ်ပြီး ဝန်ကြီးဌာနများအနေဖြင့် ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။

**ကြားဖြတ်ရွေးကောက်ပွဲအတွက် စီစဉ်**

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဦးက ကြားဖြတ်ရွေးကောက်ပွဲအတွက် စီစဉ်ဆောင်ရွက်ထားမှုများနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းဆွေးနွေးအကြံပြုကြသည်။

ယင်းနောက် ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ဥပဒေရေးရာကိစ္စရပ်များနှင့် ရွေးကောက်ပွဲစနစ် တိုးတက်ကောင်းမွန်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် မေ ၃၁**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂရွေးကောက်ပွဲကူညီပေးရေးဌာနမှ နိုင်ငံရေးနှင့် ရွေးကောက်ပွဲဆိုင်ရာ အကြီးတန်းအရာရှိ Ms. Svetlana Galkina နှင့်အဖွဲ့အား **(ဝဲပုံ)** ယနေ့ နံနက် ၁၁ နာရီတွင် လည်းကောင်း၊ အမေရိကန်အောက်လွှတ်တော် လူများစုခေါင်းဆောင်ရုံး အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် Mr. Luke Murry နှင့်အဖွဲ့အား မွန်းလွဲ ၂ နာရီတွင် လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။

ကုလသမဂ္ဂကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ ရွေးကောက်ပွဲစနစ် တိုးတက်ကောင်းမွန်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အမေရိကန်ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကိစ္စရပ်များတွင် ပိုမိုတိုးတက်ကောင်းမွန်သော အနေအထားများရရှိရေးအတွက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေး ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်သားတိုင်း တစ်ဦးချင်းကြိုးစားဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်ကို အထောက်အကူပြုသည့် တပ်မတော်တစ်ရပ်ဖြစ်ရမည်

**နေပြည်တော် မေ ၃၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ကျောက်ဆည်တပ်နယ် သံချပ်ကာယန္တရားသင်တန်းကျောင်းရှိ နည်းပြ အရာရှိ၊ စစ်သည်များနှင့် သင်တန်းသားအရာရှိ၊ စစ်သည်များအား တွေ့ဆုံ အမှာစကား ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်ဆိုသည်မှာ နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး နိုင်ငံတော်အတွင်း နေထိုင်ကြသူများအားလုံး ကြိုးစား ဆောင်ရွက်လျှင် တိုင်းပြည်တိုးတက်ကောင်းမွန်မည်ဖြစ်ကြောင်း၊ တပ်မတော်သား တိုင်း တစ်ဦးချင်းကြိုးစားဆောင်ရွက်ခြင်းဖြင့်လည်း နိုင်ငံတော်ကို အထောက်အကူ ပြုသည့် တပ်မတော်တစ်ရပ်ဖြစ်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိကိုယ်ကိုယ် သစ္စာရှိရန်၊ တပ်မတော်အပေါ် သစ္စာရှိရန်၊ နိုင်ငံတော်အပေါ် သစ္စာရှိရန်လိုအပ်ကြောင်း မှာကြားသည်။



ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က သင်တန်းကျောင်းမှ အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် သုတ၊ ရသ စာအုပ်စာစောင်များပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကာကွယ် ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်တို့က အားကစားပစ္စည်းများနှင့် ရွှေဖီဦး အသင့်ဖျော်လက်ဖက်ရည်ထုပ်များကို ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံ ရယူကြသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် သင်တန်းကျောင်းအတွင်းရှိ ယာဉ်ယန္တရား သင်ထောက်ကူပစ္စည်းပုံစံ သရုပ်ပြခန်းများ အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(ဝဲပုံ)** သင်တန်းသားများနှင့်အတူ နေ့လယ်စာ အတူတကွ သုံးဆောင်ကြသည်။

ထို့နောက် သင်တန်းကျောင်းအစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှုအခြေအနေများအား ရှင်းလင်းတင်ပြရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်မတော်နှစ်ရပ်အကြား ဆေးပညာရပ်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် မေ ၃၁**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဟုန်လျန်အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံ သည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံရေတပ်အချင်းချင်း ပူးပေါင်း ဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ ရခိုင်ပြည်နယ် လူမှုစီးပွားပြန်လည် ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်တို့တွင် တရုတ်နိုင်ငံက ကူညီထောက်ပံ့ ရေး၊ မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်း၍ စီးပွားရေးစင်္ကြံစီမံကိန်း ဆောင်ရွက်နေမှုနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား မဟာဗျူဟာဆွေးနွေးပွဲ ဆက်လက်ကျင်းပရေး၊ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ 2 Plus 2 အစည်းအဝေးကျင်းပရေး၊ နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား ဆေးပညာရပ်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များ အပြန်အလှန် စေလွှတ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက် ရေး၊ စစ်ဘက်ဆိုင်ရာ သင်တန်းသားကိစ္စရပ်များနှင့် စစ်ဘက် ဆိုင်ရာ စက်မှုလက်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် အကြမ်းဖက်နှိမ်နင်း ရေးတို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြ ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# စာရင်းမှန်ကန်အောင်လုပ်နိုင်ပါက တိုင်းပြည်၏ ဝင်ငွေတွက်ချက်သည့်အခါ မှန်မှန်ကန်ကန်ဖြစ်လာမည်

**နေပြည်တော် မေ ၃၁**

မြန်မာနိုင်ငံစာရင်းကောင်စီ(၁/၂၀၁၈) အစည်းအဝေးကို မေ ၂၉ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ မြန်မာနိုင်ငံစာရင်း ကောင်စီရုံး၌ ကျင်းပရာ မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌ ပြည်ထောင်စု စာရင်းစစ်ချုပ် ဦးမော်သန်း၊ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်း ကိုင်များအသင်းဥက္ကဋ္ဌ ဦးဝမ်းတင်နှင့် မြန်မာနိုင်ငံ စာရင်းကောင်စီအဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် မြန်မာနိုင်ငံ စာရင်းကောင်စီဥက္ကဋ္ဌက စာရင်းသည် တိုင်းပြည်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတို့တွင် အရေးကြီးကြောင်း၊ လုပ်ငန်း၏ ပြယုဂ်အနေဖြင့် မှန်အဖြစ် စာရင်းတွင် ထင်ဟပ်ပေါ်လွင်နေကြောင်း၊ ထို့ကြောင့် စာရင်းမှန်ကန်အောင်လုပ်နိုင် ပါက တိုင်းပြည်၏ ဝင်ငွေတွက်ချက်သည့် အခါ မှန်မှန်ကန်ကန်ဖြစ်လာမည်ဖြစ် ကြောင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများ ကိုလည်း ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းများ၏ စာရင်းကိုင်များ အနေဖြင့် စာရင်းစံများနှင့်အညီ ထားရှိ သင့်သည့် စာရင်းများကို စနစ်တကျပြုစု ထားရှိရန်အပြင် လွတ်လပ်သည့် စာရင်း စစ်များထံ တင်ပြ၍ စာရင်းစစ်ဆေးမှု ခံယူထားသည့် နှစ်ချုပ်စာရင်းနှင့် အထောက်အထားစာရင်းများကို ပြည့် စုံမှန်ကန်စွာ ပြည်တွင်းအခွန်များဦးစီး ဌာနသို့ တင်ပြရမည်ဖြစ်ကြောင်း။

ယင်းသို့ စာရင်းစစ်များက စစ်ဆေး ထားသည့် ပုဂ္ဂလိကလုပ်ငန်းများ၏ စာရင်းများတွင် နိုင်ငံတော်သို့ ပေးဆောင် ရမည့် အခွန်အခများနှင့် စပ်လျဉ်း၍ လိုအပ်ပါက ထပ်မံစစ်ဆေးရန်၊ ပြည် ထောင်စုစာရင်းစစ်ချုပ်ဥပဒေအရ မိမိကို တာဝန်အပ်နှင်းထားပါကြောင်း၊ စာရင်း ကိုင်နှင့် စာရင်းစစ်ပညာရှင်များသည် မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ မိမိတာဝန်ယူ ဆောင်ရွက်သည့် စာရင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရိုးသားဖြောင့်မတ်စွာ ဆောင်ရွက်ရန်၊ စာရင်းစံ၊ စာရင်းစစ်စံများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် ကျင့်ဝတ်သိက္ခာများ စောင့်ထိန်းကြရန် လိုအပ်ပါကြောင်း၊ ယင်းသို့ဖြစ်စေရေး အတွက် မြန်မာနိုင်ငံ စာရင်းကောင်စီ ဝင်များကလည်း စာရင်းကိုင်နှင့် စာရင်းစစ်ပညာရှင်များအား ကြပ်မတ် ထိန်းသိမ်းပေးရန်လိုကြောင်း မှာကြား သည်။

**သတင်းစဉ်**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် မေ ၃၁**

မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်း ဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ပြည့်ဖြစ်သည်။ မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိမည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ မာန်အောင်မြို့တွင် ၃ ဒသမ ၅၄ လက်မ၊ လှိုင်းတက်မြို့တွင် ၃ ဒသမ ၅၀ လက်မ၊ မိုးကုတ်မြို့နှင့် ပြည်မြို့တို့တွင် ၃ ဒသမ ၄၃ လက်မစီ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၀၃ လက်မ၊ ညောင်တုန်းမြို့တွင် ၂ ဒသမ ၇၇ လက်မ၊ ဇောင်းတူမြို့နှင့်ဥက္ကံမြို့တို့တွင် ၂ ဒသမ ၆၈ လက်မစီ၊ ဖျာပုံမြို့နှင့် ကွမ်းခြံကုန်းမြို့တို့တွင် ၂ ဒသမ ၂၀ လက်မစီ ၊ ငါးသိုင်းချောင်းမြို့တွင် ၂ ဒသမ ၁၃ လက်မ၊ ပြင်ဦးလွင်မြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ဂွမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ သီပေါမြို့ ပင်လောင်းမြို့နှင့်ရန်ကုန် (ကမ္ဘာအေး)တို့တွင် ၁ ဒသမ ၆၅ လက်မစီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**



## သံတွဲ၌ ပြည်နယ်အဆင့် အခွန်အများဆုံးထမ်းဆောင်ခဲ့သောလုပ်ငန်းရှင်များအား ဂုဏ်ပြု

**သံတွဲ မေ ၃၁**

ပြည်နယ်အဆင့်တွင် အခွန်အများဆုံး ထမ်းဆောင်ခဲ့သော လုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်း နှင့် အခွန်ပညာပေးဟောပြောဆွေးနွေးပွဲ ကို မေ ၂၇ ရက် နံနက်က သံတွဲမြို့ ဒွါရာ ဝတီမြို့နယ်ခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြည်နယ် လုံခြုံရေး နှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်က ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ် အစိုးရအနေဖြင့် ပြည်တွင်း အခွန်ဦးစီးဌာနမှ အခွန်ဝေစု ၁၄ ဒသမ ၄၃၉ ဘီလီယံရရှိခဲ့ပြီး ရရှိသည့် ဘဏ္ဍာငွေများကို ရခိုင်ပြည်နယ် ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သုံးစွဲလျက် ရှိသဖြင့် လုပ်ငန်းရှင်ကြီးများကလည်း မိမိတို့အကျိုးစီးပွားအတွက် စီးပွားရှာ သလို ပေးဆောင်ထိုက်သည့် အခွန်ငွေ များကိုလည်း ပေးဆောင်၍ နိုင်ငံတော် အကျိုး၊ မိမိအကျိုး သယ်ပိုး ဆောင်ရွက်စေလိုကြောင်း၊ အခွန် ဝန်ထမ်းများကလည်း အဂတိတရား ကင်းရှင်းစွာဖြင့် ပြည်သူကိုဗဟိုပြု၍ ဝန်ဆောင်မှုအပြည့်အဝ ဆောင်ရွက်ပေး ခြင်းတို့ဖြင့် အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန် ပြောကြား သည်။

ဆက်လက်၍ ပြည်နယ်အဆင့်တွင် အခွန်အများဆုံး ထမ်းဆောင်ခဲ့သည့် သံတွဲ၊ တောင်ကုတ်နှင့် ဂွမြို့နယ်တို့မှ လုပ်ငန်းရှင် ၂၃ ဦးတို့ကို ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်၊ ပြည်နယ်လူမှုရေး ဝန်ကြီး ဒေါက်တာချမ်းသာ၊ ပြည်နယ် အခွန်ဦးစီးမှူး ဦးခင်မောင်ဆွေနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာ များ ပေးအပ်ချီးမြှင့်ကြသည်။ **(ဝဲပုံ)**

ထို့နောက် ပြည်နယ်အခွန်ဦးစီးမှူး ဦးတင်မောင်ဆွေက အခွန်ဆိုင်ရာ သိကောင်းစရာများနှင့် ၂၀၁၈ ခုနှစ် အခွန်အကောက်ဥပဒေဆိုင်ရာများကို ရှင်းလင်း ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ဥပဒေအရ အရေးယူနိုင်သော မှားယွင်းမှုများ

**လွင်သွင်ဦး**

လူ့အဖွဲ့အစည်းတွင် တစ်ဦးနှင့်တစ်ဦး ဆက်ဆံကြရာ၌ မှားယွင်းမှုများ ကြုံတွေ့ရတတ်ပါသည်။ ထိုသို့ မှားယွင်းမှုများတွင် ကာယကံ (ကိုယ်အားဖြင့် ပြုလုပ်မှု)၊ ဝစီကံ (နှုတ်အားဖြင့် ပြုလုပ်မှု)၊ မနောကံ (စိတ်အားဖြင့် ပြုလုပ်မှု) ဟု ခွဲခြားနိုင်ပါသည်။ ထိုသို့ မှားယွင်းမှုများ ပြုလုပ်ရာတွင် မှားယွင်းမှုတိုင်းကို ဥပဒေအရ အရေးယူနိုင်ခြင်းမရှိပါ။ ဥပဒေကို ဖောက်ဖျက်ကျူးလွန်သော မှားယွင်းမှုများကိုသာ ဥပဒေအရ အရေးယူဆောင်ရွက်နိုင်ပါသည်။ ဥပမာအားဖြင့် လူတစ်ယောက်သည် စာမေးပွဲဖြေဆိုရာ၌ မေးခွန်းကို မှားယွင်းဖြေဆိုမိလျှင် စာမေးပွဲကျရှုံးမည် ဖြစ်ပါသည်။ ထိုမှားယွင်းမှုအတွက် ဥပဒေအရ အရေးယူနိုင်ခြင်းမရှိပါ။ သို့ရာတွင် လူတစ်ယောက်သည် အခြားလူတစ်ယောက်အား နာကျင်စေမှုကျူးလွန်ပါက ထိုမှားယွင်းမှုအတွက် ဥပဒေအရ အရေးယူခံရမည် ဖြစ်ပါသည်။

ဥပဒေအရ အရေးယူနိုင်သော မှားယွင်းမှုများကို ပြစ်မှုကြောင်းအရ မှားယွင်းမှုနှင့် တရားမကြောင်းအရ မှားယွင်းမှုဟု ခွဲခြားနိုင်ပါသည်။

**ပြစ်မှုကြောင်းအရ မှားယွင်းမှု**

ပြစ်မှုကြောင်းအရ မှားယွင်းမှုဆိုသည်မှာ နိုင်ငံတော်က ပြဋ္ဌာန်းထားသော ပြစ်မှုဆိုင်ရာဥပဒေများကို ဖောက်ဖျက်ခြင်းနှင့် သက်ဆိုင်ပါသည်။ ပြစ်မှုတစ်ခုကို ကျူးလွန်ရာတွင် သက်ဆိုင်ရာ ထိခိုက်နစ်နာသူပုဂ္ဂိုလ်ကိုသာ ကျူးလွန်ခြင်းမဟုတ်ဘဲ အများပြည်သူ၏ လုံခြုံရေး၊ ရပ်ရွာတည်ငြိမ်အေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးတို့ကိုလည်း ထိခိုက်နိုင်ပါသည်။ ပြစ်မှုများတွင် လူပုဂ္ဂိုလ် ထိခိုက်ကျူးလွန်ခြင်း၊ ပစ္စည်းကို ထိခိုက်ကျူးလွန်ခြင်း၊ ကျန်းမာရေး၊ လုံခြုံရေး၊ အကျင့်စာရိတ္တကို ထိခိုက်ကျူးလွန်ခြင်းတို့အပြင် နိုင်ငံတော်ကိုထိခိုက်သည့် ကျူးလွန်မှုများလည်း ပါဝင်ပါသည်။ ပြစ်မှုကျူးလွန်သူများကို သက်ဆိုင်ရာဥပဒေအရ အရေးယူရာတွင် ပြစ်ဒဏ်ချမှတ်ခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပါသည်။ ပြစ်ဒဏ် ဆိုရာတွင် သေဒဏ်၊ ထောင်ဒဏ် (အလုပ်ကြမ်းနှင့် ထောင်ဒဏ် သို့မဟုတ် အလုပ်မဲ့ထောင်ဒဏ်)၊ ငွေဒဏ်၊ ပစ္စည်းသိမ်းဒဏ် စသည့်ပြစ်ဒဏ်များ ချမှတ်ပါသည်။ ထို့အပြင် ငယ်ရွယ်သူများ၊ တစ်ကြိမ်တစ်ခါ ပြစ်မှုကျူးလွန်သူများ၊ အမျိုးသမီးများ စသည်တို့ကိုအမှု၏ အတိမ်အနက်၊ ကြီးလေးမှု ရှိ မရှိ၊ ပြစ်မှုကျူးလွန်သည့် အကြောင်းအရင်းအခြေအနေတို့အပေါ် မူတည်၍ ကောင်းမွန်စွာ ကျင့်ကြံနေထိုင်စေရန် ခံဝန်ချုပ် ချုပ်ဆိုစေခြင်း၊ ဆိုဆုံးမလွှတ်ခြင်း စသည့်ဆောင်ရွက်မှုများလည်း ရှိပါသည်။

ပြစ်ဒဏ်ပေးခြင်း၏ ရည်ရွယ်ချက်များမှာ ပြစ်မှုကျူးလွန်သူအား ထိုက်သင့်သောပြစ်ဒဏ် ကျခံစေရန်၊ နောင်ကြဉ်ဟန့်တားစေရန်၊ နောက်ထပ် ပြစ်မှုကျူးလွန်ခြင်း မပြုနိုင်စေရန်၊ အကျင့်စာရိတ္တ ပြန်လည်ပြုပြင်နိုင်စေရန်နှင့် ထိခိုက်နစ်နာမှုအတွက် ပြန်လည်ပေးလျော်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ပြစ်ဒဏ်ပေးခြင်း ဖြစ်ပါသည်။ ပြစ်မှုများသည် ထိခိုက်နစ်နာခံရသူကိုသာမက အများပြည်သူ၏ လုံခြုံရေးနှင့် နိုင်ငံတော်အေးချမ်းသာယာရေးကိုပါ ထိခိုက်စေနိုင်သဖြင့် ရဲအရေးယူပိုင်သော ပြစ်မှုများတွင် နိုင်ငံတော်က တရားလို ပြုလုပ်ပြီး နိုင်ငံတော်ကိုယ်စား ဥပဒေအရာရှိများက လိုက်ပါဆောင်ရွက်ပေးပါသည်။

**တရားမကြောင်းအရ မှားယွင်းမှု**

တရားမကြောင်းအရ မှားယွင်းမှုများမှာ လူပုဂ္ဂိုလ်ကို ဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ ထိခိုက်နစ်နာစေသော မှားယွင်းစွာ ဆောင်ရွက်မှုများဖြစ်ပါသည်။ ဥပမာအားဖြင့် ပဋိညာဉ် ဖောက်ဖျက်မှုများ၊ အခွင့်အရေးဆိုင်ရာ ဖောက်ဖျက်မှုများ၊ တရားမနစ်နာမှုများ စသည်တို့ ဖြစ်ပါသည်။ ထိုသို့ တရားမကြောင်းအရ မှားယွင်းမှုများ ကျူးလွန်ခြင်းခံရပါက တရားရုံးတွင် တရားမမှု လျှောက်ထားစွဲဆိုရပါသည်။ တရားရုံးက တရားမကြောင်းအရ အရေးယူဆောင်ရွက်ပါသည်။ တရားမကြောင်းအရ အရေးယူဆောင်ရွက်ရာတွင် လျော်ကြေးပေးစေခြင်း၊ ပဋိညာဉ်အတိုင်း လိုက်နာဆောင်ရွက်စေခြင်း၊ အမှုအမျိုးအစားကိုလိုက်၍ ဆုံးဖြတ်ရာတွင် အကြွေးငွေ ပြန်လည်ပေးဆပ်စေခြင်း၊ ပစ္စည်းကို ပြန်လည်ပေးအပ်စေခြင်း၊ စာချုပ်ပယ်ဖျက်ခြင်း စသည့်နည်းလမ်းများဖြင့် ကုစားခွင့်ပေးပါသည်။ တရားရုံး၏ စီရင်ချက်၊ အမိန့်နှင့် ဒီကရီကို လိုက်နာဆောင်ရွက်ခြင်းမရှိပါက တရားမထောင်ချနိုင်ပါသည်။

**ပြစ်မှုဆိုင်ရာမှားယွင်းမှုနှင့် တရားမဆိုင်ရာ မှားယွင်းမှု ခြားနားချက်**

ပြစ်မှုဆိုင်ရာမှားယွင်းမှုသည် လူ့အဖွဲ့အစည်းနှင့် သက်ဆိုင်ပါသည်။ ပြစ်မှုဆိုင်ရာမှားယွင်းမှု၏ ကုစားမှုမှာ ပြစ်ဒဏ်ပေးခြင်းဖြင့် ဆောင်ရွက်ပါသည်။ ပြစ်မှုဆိုင်ရာ မှားယွင်းမှုကို ပြစ်မှုဆိုင်ရာ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ပါသည်။ ပြစ်မှုဖြစ်မြောက်ရန်မှာ ပြစ်မှုအင်္ဂါရပ်များနှင့် ပြည့်စုံရန် လိုအပ်ပါသည်။ ပြစ်မှုနှင့်စပ်လျဉ်း၍ ပြစ်မှုကျူးလွန်သူကို နိုင်ငံတော်က တာဝန်ယူပြီး တရားစွဲဆိုပါသည်။

တရားမဆိုင်ရာ မှားယွင်းမှုများမှာ ပုဂ္ဂိုလ်ရေးဆိုင်ရာ အခွင့်အရေးကို ဖောက်ဖျက်ကျူးလွန်သော ပြုလုပ်မှုများ ဖြစ်ပါသည်။ တရားမဆိုင်ရာ မှားယွင်းမှုများမှာ ထိခိုက်နစ်နာမှုအပေါ် ကုစားမှုပေးခြင်း ဖြစ်ပါသည်။ တရားမကြောင်းဆိုင်ရာ မှားယွင်းမှုများကို တရားမဆိုင်ရာ လုပ်ထုံးလုပ်နည်းများဖြင့် ဆောင်ရွက်ပါသည်။ ထိခိုက်နစ်နာသူ (သို့မဟုတ်) ၎င်း၏ တရားဝင်ကိုယ်စားလှယ်က တရားစွဲဆိုအရေးယူခြင်း ပြုရပါသည်။

> “အချို့သောမှားယွင်းမှုများမှာ ပြစ်မှုကြောင်းနှင့် တရားမကြောင်း နှစ်မျိုးလုံးနှင့် အရေးယူနိုင်ပါသည်၊ ဤသို့သော မှားယွင်းမှုများမှာ ပြစ်မှုဆိုင်ရာဥပဒေ၏ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်သည့်အပြင် ပုဂ္ဂိုလ်ရေးနစ်နာမှုများ၊ အခွင့်အရေးထိခိုက်မှုများလည်း ရှိသဖြင့် နှစ်မျိုးလုံးနှင့် အရေးယူနိုင်ပါသည်”

**ပြစ်မှုကြောင်းနှင့် တရားမကြောင်းအရ အရေးယူနိုင်သော မှားယွင်းမှုများ**

အချို့သောမှားယွင်းမှုများမှာ ပြစ်မှုကြောင်းနှင့် တရားမကြောင်း နှစ်မျိုးလုံးနှင့် အရေးယူနိုင်ပါသည်။ ဤသို့သော မှားယွင်းမှုများမှာ ပြစ်မှုဆိုင်ရာဥပဒေ၏ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်သည့်အပြင် ပုဂ္ဂိုလ်ရေးနစ်နာမှုများ၊ အခွင့်အရေးထိခိုက်မှုများလည်းရှိသဖြင့် နှစ်မျိုးလုံးနှင့် အရေးယူနိုင်ပါသည်။ ဥပမာအားဖြင့် အသရေဖျက်မှုကျူးလွန်ခြင်း ခံရပါက ပြစ်မှုဆိုင်ရာဥပဒေအရ အရေးယူနိုင်သည့်အပြင် တရားမကြောင်းအရလည်း နစ်နာကြေးတောင်းဆိုနိုင်ပါသည်။ ငွေကြေးလိမ်လည်ခြင်းခံရသည့် ပြစ်မှုများတွင် ပြစ်မှုကြောင်းအရ လိမ်လည်မှုဖြင့် အရေးယူနိုင်သကဲ့သို့ အလိမ်ခံရသည့် ငွေကို ပြန်လည်ရရှိရန်အတွက် တရားမကြောင်းအရလည်း စွဲဆိုနိုင်ပါသည်။

**ပြစ်မှုဖြင့် အရေးယူဆောင်ရွက်ခြင်း**

ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုနှင့် ရဲအရေးယူပိုင်ခွင့်မရှိသော ပြစ်မှုဟု ခွဲခြားနိုင်ပါသည်။ ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုဆိုသည်မှာ ရဲက တရားရုံး၏ ဝရမ်းမပါဘဲ ဖမ်းဆီးနိုင်သော ပြစ်မှုများကို ဆိုလိုပါသည်။ ရဲအရေးယူပိုင်ခွင့်မရှိသောပြစ်မှုဆိုသည်မှာ ရဲက တရားရုံး၏ ဝရမ်းမပါဘဲ ဖမ်းဆီးခွင့်မရှိသော ပြစ်မှုများကို ဆိုလိုပါသည်။ ရဲအရေးယူပိုင်ခွင့်ရှိသောပြစ်မှုနှင့် ရဲအရေးယူပိုင်ခွင့်မရှိသောပြစ်မှုတို့ကို ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ (The Code of Criminal Procedure) ၏ ဇယား (၂) တွင် ဖော်ပြထားပါသည်။

ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများကို အရေးယူဆောင်ရွက်ရာတွင် သက်ဆိုင်ရာရဲစခန်းတွင် ပထမသတင်းပေးတိုင်ချက် (First Information Report) ဖွင့်ခြင်းဖြင့်လည်းကောင်း၊ သက်ဆိုင်ရာတရားရုံးသို့ ဦးတိုက်လျှောက်ထားစွဲဆိုခြင်းဖြင့်လည်းကောင်း အရေးယူဆောင်ရွက်နိုင်ပါသည်။ ရဲအရေးယူပိုင်ခွင့်မရှိသောပြစ်မှုများကို တရားရုံးသို့ ဦးတိုက်လျှောက်ထားခြင်းဖြင့် အရေးယူဆောင်ရွက်နိုင်ပါသည်။ ရဲအရေးယူပိုင်ခွင့်မရှိသော ပြစ်မှုများကို ရဲစခန်းသို့ သတင်းပေးတိုင်ချက် ဖွင့်လာပါက ရဲစခန်းသည် မှတ်တမ်းတင်ပြီးနောက် သက်ဆိုင်ရာတရားရုံးသို့ ဦးတိုက်လျှောက်ထားစွဲဆိုရန် ညွှန်ပြဆောင်ရွက်ပေးရပါသည်။

**တရားမမှုဖြင့် အရေးယူဆောင်ရွက်ခြင်း**

တရားမမှုများတွင် နစ်နာသူက သက်ဆိုင်ရာတရားရုံးသို့ အဆိုလွှာ (Plaint) ဖြင့် လျှောက်ထားစွဲဆိုနိုင်ပါသည်။ နစ်နာသူက ၎င်း၏ကိုယ်စား ဆောင်ရွက်ရန် တရားဝင်ကိုယ်စားလှယ်ခန့်ထားပါက ထိုသူကလည်း စွဲဆိုနိုင်ပါသည်။ ထိုသို့ စွဲဆိုရာတွင် သက်ဆိုင်ရာဥပဒေက တရားမစွဲဆိုမီ ကြိုတင်အကြောင်းကြားစာ ပေးရန်လိုအပ်သည်ဟု ပြဋ္ဌာန်းထားလျှင် ကြိုတင်အကြောင်းကြားစာ ပေးပို့ပြီးမှသာ စွဲဆိုခွင့်ရှိပါသည်။ ဥပမာအားဖြင့် အိမ်ရှင်က အိမ်ငှားကို ဥပစာမှ နှင်ထုတ်လိုမှု စွဲဆိုသည့်အခါတွင် တရားမစွဲဆိုမီ အိမ်ရှင်က အိမ်ငှားကို ကြိုတင်အကြောင်းကြားစာ ပေးရန်လိုအပ်ပါသည်။

ထိုသို့ အဆိုလွှာကို တရားရုံးသို့ တင်သွင်းသည့်အခါ တရားရုံးက ဥပဒေနှင့်အညီ လက်ခံနိုင်ပါက လက်ခံပြီး စွဲဆိုခံရသူ တရားပြိုင်ထံ သမ္မန်စာဆင့်၍ တရားပြိုင်ရောက်ရှိသည့်အခါ စွဲဆိုသည့်အတိုင်း ဝန်ခံမည် (သို့မဟုတ်) ငြင်းဆိုပြီး အချေလွှာ (Written Statement) တင်စေကာ ဆက်လက်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရပါသည်။ တရားမမှုများတွင် တရားလို တရားခံများ ကိုယ်တိုင်ဖြစ်စေ၊ ၎င်းတို့အတွက် ရှေ့နေအကျိုးဆောင်ဖြင့်ဖြစ်စေ ဆောင်ရွက်နိုင်ပါသည်။ တရားလို (သို့မဟုတ်) တရားပြိုင်အဖြစ် နိုင်ငံတော်က ပါဝင်ခြင်းမရှိသော အမှုများတွင် အစိုးရကိုယ်စား ဥပဒေအရာရှိများက လိုက်ပါဆောင်ရွက်ပေးခြင်း မရှိပါ။ တရားလို၊ တရားပြိုင်များက ရှေ့နေငှားရမ်းလိုလျှင် ကိုယ်တိုင်ငှားရမ်းဆောင်ရွက်ရပါသည်။

**တရားစီရင်ရေးသဘောသက်ရောက်သော ဆောင်ရွက်မှုများ**

အထက်တွင် ဖော်ပြသော အရေးယူဆောင်ရွက်မှုများမှာ ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ၊ တရားရုံးများတွင် အရေးယူဆောင်ရွက်မှုများဖြစ်ပါသည်။ အချို့သောကိစ္စများတွင် နစ်နာသူများက တရားရုံးသို့ လျှောက်ထားခြင်းမပြုဘဲ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အဖွဲ့များသို့ တင်ပြပြီး စီမံခန့်ခွဲရေးဆိုင်ရာနည်းလမ်းဖြင့် ဖြေရှင်းဆောင်ရွက်မှုများလည်း ရှိပါသည်။

ဥပမာအားဖြင့် လယ်ယာမြေဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၁/၂၀၁၂) အရ လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုဖြေရှင်းခြင်းနှင့် အယူခံခြင်းကိစ္စရပ်များကို ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့တွင် စုံစမ်းစစ်ဆေးခြင်း၊ ကြားနာခြင်း၊ ဆုံးဖြတ်ခြင်း၊ အယူခံခြင်းတို့ကို ဆောင်ရွက်နိုင်ပါသည်။

အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅/၂၀၁၂) အရ အလုပ်သမားရေးရာ အငြင်းပွားမှုများကို အငြင်းပွားမှုညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့၊ အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိကောင်စီတို့ကို ဖွဲ့စည်းပြီး ဖြေရှင်းဆောင်ရွက်ပါသည်။ ထိုသို့ဆောင်ရွက်ချက်များသည် တရားစီရင်ရေးသဘောသက်ရောက်သော ဆောင်ရွက်ချက်များ ဖြစ်ပါသည်။

အနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၅/၂၀၁၆) အရ ဖြေရှင်းဆောင်ရွက်ခြင်းများမှာလည်း တရားစီရင်ရေးသဘောသက်ရောက်သော ဆောင်ရွက်ချက် (Quasi Judicial Function) ဖြစ်ပါသည်။ အငြင်းပွားသူများသည် နိုင်ငံတော်က ဖွဲ့စည်းထားသောတရားရုံးများတွင် တရားစွဲဆိုဆောင်ရွက်ခြင်းမပြုဘဲ ၎င်းတို့၏ အငြင်းပွားမှုများကို အဆုံးအဖြတ်ပေးရန်အတွက် ၎င်းတို့ကိုယ်တိုင် ရွေးချယ်ခန့်အပ်သော ခုံသမာဓိလူကြီး (Arbitrator) များခန့်ထားပြီး ဥပဒေနှင့်အညီ အဆုံးအဖြတ်ခံယူခြင်းဖြစ်ပါသည်။ အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်ကို နှစ်ဖက်အငြင်းပွားသူများက လိုက်နာရန် တာဝန်ရှိပါသည်။

**နိဂုံး**

လူ့အဖွဲ့အစည်းတွင် တစ်ဦးနှင့်တစ်ဦးကြား မှားယွင်းမှုများ ပြုလုပ်ပြီး ထိခိုက်နစ်နာစေသည့် အဖြစ်အပျက်များစွာ ကြုံတွေ့တတ်ကြပါသည်။ အချို့ကိစ္စများကို သည်းခံခွင့်လွှတ်၊ နားလည်မှုပေးနိုင်သော်လည်း အချို့ကိစ္စများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လိုကြပါသည်။ ထိုသို့ အရေးယူဆောင်ရွက်ရန် လိုအပ်သည့်အခါ အထက်တွင်ဖော်ပြသော ပြစ်မှုကြောင်းအရ အရေးယူခြင်း၊ တရားမကြောင်းအရ အရေးယူခြင်း စသည့်နည်းလမ်းများဖြင့် သက်ဆိုင်ရာ ရဲစခန်း၊ တရားရုံးများတွင် တရားစွဲဆို ဆောင်ရွက်နိုင်ပါသည်။ အချို့ကိစ္စများမှာ တရားရုံးသို့ သွားရောက်ရန် မလိုအပ်ဘဲ စီမံခန့်ခွဲရေးနည်းလမ်းအရ၊ တရားစီရင်ရေးသဘော သက်ရောက်သောဆောင်ရွက်မှုများဖြင့် အရေးယူဆောင်ရွက်ရပါသည်။

ဤဆောင်းပါးသည် ဥပဒေပညာတတ်ကျွမ်းနားလည်သည့် ပုဂ္ဂိုလ်များအတွက် ရည်ရွယ်ခြင်းမဟုတ်ပါ။ ဥပဒေဗဟုသုတရှာလိုသော ပြည်သူများအတွက် မိမိတို့ကြုံတွေ့လာရသည့် ပြဿနာများကို ကုစားဖြေရှင်းဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ရေးသားခြင်းဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ ။

## နန်းကင်ကျေးရွာလမ်းမကြီးကို ချောင်းရေတိုက်စားခြင်းမရှိစေရန် ရေလွှဲမြောင်း ပြုလုပ်

**အင်းတော် မေ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် လယ်ပြင်ကျေးရွာအုပ်စု နန်းကင်ကျေးရွာအနောက်ဘက်ရှိ ရွာဟောင်းချောင်း ရေတိုက်စားမှုကြောင့် ရွာလမ်းမကြီးကို ထိခိုက်မှုမရှိစေရန်အတွက် ရေလွှဲမြောင်း တူးဖော်ခြင်းနှင့် ကမ်းပါးဘက်သို့ မြေဖို့ခြင်းလုပ်ငန်းများကို မေ ၂၈ ရက်မှစ၍ ဘက်ဟိုးယာဉ်တစ်စီးဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။

အဆိုပါ ရွာလမ်းမကြီးသည် ဒေသတွင်း ရွာများအချင်းချင်း သွားလာရာတွင်လည်းကောင်း၊ အင်းတော်မြို့သို့ ဆက်သွယ်ရာတွင်လည်းကောင်း အရေးပါသောလမ်းဖြစ်ပြီး မိုးရာသီကာလတွင် ရွာဟောင်းချောင်း ရေကြီးကာ လမ်းမဘက်သို့ ရေတိုက်စားခံရလေ့ရှိသောကြောင့် ကျေးရွာနေဒေသခံပြည်သူများက လမ်းမကြီး ပျက်စီးမှုမရှိစေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

**သန်းမောင်လေး (ကချင်မြေ)**



# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကျင်းပ

နေပြည်တော် မေ ၃၁

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုအစိုးရအဖွဲ့မှပေးပို့သော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိသည့်အတွက် လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။**




- **မြန်မာလွှတ်တော်မဟာဗျူဟာစီမံကိန်း ၂၀၁၅-၂၀၁၈ ကို UNDP/ IPU ၏ အကူအညီဖြင့် ရေးဆွဲထားပြီးဖြစ်**
- **၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအား ဖြည့်ဆည်းရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ် ၆၄၁ ဒသမ ၀၂၉ ဘီလီယံ ချေးငွေရယူရန်ကိစ္စ လွှတ်တော်က သဘောတူအတည်ပြု**
- **လျှပ်စစ်ကဏ္ဍအနေဖြင့် ချေးငွေစီမံကိန်း ၁၄ ခု၊ အခြားဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး ချေးငွေရယူ၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းနှစ်ခုတို့ကို ချေးငွေစာချုပ်ပါ စည်းကမ်းချက်များအား တိကျစွာလိုက်နာပြီး အလေအလွင့်မရှိစေရန် ကြပ်မတ်ဆောင်ရွက်သွားမည်**

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက က နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးရန် တင်ပြထားသော ဦးစိုးဝင်းကို ကန့်ကွက်သူမရှိသည့်အတွက် လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ဗိုလ်ချုပ်အောင်သူ အား ခန့်အပ်တာဝန်ပေးခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

### အစီရင်ခံစာဖတ်ကြား

ယင်းနောက် လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ဥပဒေကြမ်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) ဦးဇော်မင်းက ဖတ်ကြားသည်။

ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ သဘောထားမှတ်ချက်တွင် ယင်းဥပဒေကြမ်းတွင် ဥပဒေကြမ်းအမည်၊ အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ အတည်ပြုချက်များအတိုင်းလည်းကောင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်းလည်းကောင်း အတည်ပြုပြဋ္ဌာန်းသင့်သည်ကို လေ့လာတွေ့ရှိကြောင်း သဘောထားမှတ်ချက်ပြုထားသည်။

အဆိုပါဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

### ဖွံ့ဖြိုးမှုအစီအစဉ်များ စနစ်တကျ ကြီးကြပ်ညှိနှိုင်းရေးမှာ အရေးပါ

ထို့နောက် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့၏ ၂၀၁၆-၂၀၁၇ ခုနှစ် လုပ်ငန်းဆောင်ရွက်မှုအစီရင်ခံစာကို အဖွဲ့၏ ဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်က ဖတ်ကြားတင်ပြသည်။

အစီအရင်ခံစာတွင် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့သည် မြန်မာလွှတ်တော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းဆောင်ရည်တိုးတက်မြင့်မားလာစေရေးအတွက် အကူအညီပေးမည့် မိတ်ဖက်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ရန်ဖွဲ့စည်းထားခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကမ်းလှမ်းလာသော ဖွံ့ဖြိုးမှုအစီအစဉ်များသည် လွှတ်တော်၏ လိုလားချက်၊ လိုအပ်ချက်နှင့် ကိုက်ညီစေရေးအတွက် စနစ်တကျ ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း။

လိုအပ်ချက်နှင့် စိန်ခေါ်မှုများရှိနေဆဲဖြစ်ပြီး လုပ်ငန်းများပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် လွှတ်တော်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများသည် စဉ်ဆက်မပြတ် ညှိနှိုင်းဆွေးနွေးလျက်ရှိပါကြောင်း၊ မြန်မာလွှတ်တော် မဟာဗျူဟာစီမံကိန်း ၂၀၁၅-၂၀၁၈ ကို UNDP/ IPU၏ အကူအညီဖြင့် ရေးဆွဲထားပြီးဖြစ်ရာ မဟာဗျူဟာစီမံကိန်းတွင်ပါဝင်သော (လွှတ်တော်၏ အနာဂတ်မျှော်မှန်းချက်၊ ဦးတည်ချက်တို့ ပြည့်စုံရန် လွှတ်တော်၏ လက်ရှိလိုအပ်ချက်) နှင့် စိန်ခေါ်မှုများကို အောင်မြင်မှုရစေရေးအတွက် မိတ်ဖက်အဖွဲ့အစည်းများမှ ပေးအပ်သော ဖွံ့ဖြိုးမှုအစီအစဉ်များကို စနစ်တကျကြီးကြပ်ညှိနှိုင်းရေးမှာ အရေးပါသည်ကို တွေ့ရှိရပါကြောင်း ဖော်ပြပါရှိသည်။

အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

### လွှတ်တော်ကအတည်ပြု

ယင်းနောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်မရှိသည့်အတွက် အပိုဒ်အားလုံးကို တစ်ပြိုင်တည်း အတည်ပြုရန် ဥပဒေကြမ်းပူးပေါင်းကော်မတီက အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဆက်လက်၍ ယင်းဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

### ချေးငွေရယူရေးကိစ္စ ပြန်လည်ရှင်းလင်းဆွေးနွေး

ယင်းနောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေအား ဖြည့်ဆည်းရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ် ၆၄၁ ဒသမ ၀၂၉ ဘီလီယံ ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဘိုဘိုငယ်က ၂၀၁၈ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူခြင်းအတွက် သတ်မှတ်သည့်အတိုးနှုန်းနှင့် ပတ်သက်၍ ပြည်ထောင်စုအစိုးရအပ်ငွေစာရင်း၏ လိုငွေကို ဗဟိုဘဏ်က အစိုးရငွေတိုက်လက်မှတ်များဖြင့် ဖြည့်ဆည်းသည့်ကာလတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ညှိနှိုင်း၍ အစိုးရငွေတိုက်လက်မှတ်များ လေလံစနစ်ဖြင့် ရောင်းချပြီး လေလံအောင်မြင်သည့် အစိုးရငွေတိုက်လက်မှတ်များအပေါ်ပေးသော ပျမ်းမျှစျေးကွက်အတိုးနှုန်းဖြင့် ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်မှစ၍ အတိုးရယူခဲ့ခြင်းဖြစ်ပါကြောင်း၊ အစိုးရအနေဖြင့် အတိုးနှုန်းကို စျေးကွက်ပေါက်စျေးအတိုင်း ကျခံရသည့်အတွက် အသုံးစရိတ်များ ပိုမိုကျခံရသော်လည်း အတိုးနှုန်းမှ ဆွဲဆောင်သဖြင့် အစိုးရငွေချေးသက်သေခံလက်မှတ်များကို ပိုမိုရောင်းချရသောကြောင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ထံမှ ငွေချေးယူခြင်းကိုလျှော့ချနိုင်မည်ဖြစ်၍ ပြည်တွင်းငွေဖောင်းပွမှုဖိအားကို လျော့ကျနိုင်မည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေချေးယူပါက Monetary Impact ရှိပါကြောင်း၊ ထို Impact သည် ငွေဖောင်းပွမှုကို တိုးလာနိုင်သည့်အတွက် လိုငွေစာရင်းကို တစ်နှစ်ထက်တစ်နှစ် လျှော့ချလျက်ရှိပါကြောင်း၊ လိုငွေဖြည့်ဆည်းမှုကို လျှော့ချခြင်းအား Fiscal Contraction Shock ဟုခေါ်သည့် အစိုးရအသုံးစရိတ် ရုတ်ခြည်းလျှော့ချခြင်းကြောင့် နိုင်ငံ၏ စီးပွားရေးမှာ ရုတ်တရက်ကျဆင်းခြင်းကို မဖြစ်စေရန် ဗဟိုဘဏ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့ ညှိနှိုင်း၍ သတိထားဆောင်ရွက်နေပါကြောင်း၊ ပြည်တွင်းချေးယူငွေအနက် ဗဟိုဘဏ်မှ ချေးယူငွေပမာဏမှာ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လတာကာလတွင် ၂၀ ရာခိုင်နှုန်းအထိ ကျဆင်းလာခြင်းသည် သိသာထင်ရှားသည့် ညင်သာမှုရှိသောဘဏ္ဍာရေးစနစ် ပြောင်းလဲမှုဟု ပြောနိုင်ပါကြောင်း၊ ထိုပြောင်းလဲမှုကို ဆက်လက်ထိန်းသိမ်းထားရန် ဗဟိုဘဏ်အနေဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့်အတူ ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ဖြစ်ပေါ်လာမည့် လိုငွေအတွက် ငွေကျပ် ၆၄၁ ဒသမ ၀၂၉ ဘီလီယံကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အစိုးရငွေတိုက်လက်မှတ်များ ဝယ်ယူခြင်းဖြင့် ဖြည့်ဆည်းမည်ဖြစ်ရာ ချေးငွေရယူနိုင်ရေး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ (၉၁)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော်က ခွင့်ပြုပေးနိုင်ပါရန် ပြန်လည် ရှင်းလင်းတင်ပြသည်။

အလားတူ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြန်လည်ရှင်းလင်းတင်ပြသည်။

အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသဖြင့် လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

### စီမံကိန်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး

၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူထားသည့် ပြည်ပချေးငွေများနှင့်စပ်လျဉ်း၍ စီမံကိန်းလုပ်ငန်းတစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့က ရှင်းလင်းတင်ပြသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ပြည်ပချေးငွေ ၂၀ ခုအနက် ဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းမှာ ၁၄ ခုရှိပြီး အခြားဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းမှာ နှစ်ခုရှိပါကြောင်း၊ ချေးငွေစာချုပ်လက်မှတ်ရေးထိုးခြင်းမရှိသေးသည့် စီမံကိန်းမှာ လေးခုရှိပါကြောင်း။

ချေးငွေများမှာ JICA ချေးငွေ ဂျပန်ယန်း ဘီလီယံ ၁၀၈ ဒသမ ၈၅၀၊ China Development Bank (CDB)USD သန်း ၁၆ ဒသမ ၄၀၈၊ World Bank USD သန်း ၄၅၀၊ ADB USD သန်း ၁၄၀၊ EXIM Bank of Korea USD သန်း ၁၀၀ နှင့် ဂျာမနီနိုင်ငံ Euro သန်း ၂၃ ဒသမ ၈၈၃ တို့ ဖြစ်ပါကြောင်း။

JICA ချေးငွေဖြင့် ရန်ကုန်မြို့ရှိ ဓာတ်အားပေးစက်ရုံများ၊ ဓာတ်အားခွဲရုံနှင့် ဓာတ်အားလိုင်းများပြုပြင်ခြင်း၊ အမျိုးသားလျှပ်စစ်ဓာတ်အားပို့လွှတ်ရေးကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အဆင့်(၁) မိတ္ထီလာခွဲရုံနှင့် တောင်ငူခွဲရုံ ဓာတ်အားလိုင်းစီမံကိန်း၊ အမျိုးသားလျှပ်စစ်ဓာတ်အားပို့လွှတ်ရေးကွန်ရက် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း အဆင့်(၂) ဘုရားကြီး- လှိုင်သာယာဓာတ်အားလိုင်း၊ ၅၀၀ ကေဗွီ ဘုရားကြီးခွဲရုံနှင့် လှိုင်သာယာခွဲရုံတို့ကို ဆောင်ရွက်လျက်ရှိပြီး ကျန်စီမံကိန်းလေးခုအတွက် ချေးငွေထုတ်ယူခြင်းမရှိသေးပါကြောင်း။

China Development Bank ချေးငွေဖြင့် အသုတ်-ပုသိမ် ဓာတ်အားလိုင်း ၃၀ ဒသမ ၂၅ မိုင်နှင့် ဓာတ်အားခွဲရုံနှစ်ရုံကို ဆောင်ရွက်ခဲ့ပါကြောင်း၊ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ၁၁၈ ဒသမ ၉ မဂ္ဂါဝပ် သဘာဝဓာတ်ငွေ့နှင့် စွန့်ပစ်အပူသုံးဓာတ်အားပေးစက်ရုံစီမံကိန်းမှာ ယခုအခါ စမ်းသပ်မောင်းနှင်လျက်ရှိပြီး ဇွန်လတွင် အပြီးသတ် ဆောင်ရွက်ပြီးစီးမည် ဖြစ်ပါကြောင်း။

### အာရှဖွံ့ဖြိုးရေးဘဏ်ချေးငွေဖြင့် ဆောင်ရွက်မှု

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ချေးငွေဖြင့် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးများ ဓာတ်အားဖြန့်ဖြူးမှု တိုးတက်ရေးအတွက် ရန်ကုန်၊ မန္တလေး၊ စစ်ကိုင်း၊ မကွေးမြို့ကြီးများတွင် ၆၆ ကေဗွီ၊ ၃၃ ကေဗွီ ဓာတ်အားခွဲရုံများ အဆင့်မြှင့်တင်ခြင်း၊ သစ်သားတိုင်များအား ကွန်ကရစ်တိုင်ဖြင့် အစားထိုးလဲလှယ်ခြင်း၊ ACRS ကြိုးလဲခြင်း၊ ABC ကြိုးလဲခြင်းနှင့် Switch Bay တိုးချဲ့ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ EXIM Bank of Korea ချေးငွေဖြင့် ၅၀၀ ကေဗွီ တောင်ငူ-ကမာနတ်(ဘုရားကြီး) ဓာတ်အားလိုင်း ၁၁၇ မိုင် တည်ဆောက်ခြင်းစီမံကိန်း လုပ်ငန်းများဆောင်ရွက်ရန် နိုင်ငံပိုင်သတင်းစာများမှ တင်ဒါခေါ်ယူခဲ့ပြီး ဖြစ်ပါကြောင်း။

ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အမျိုးသားဓာတ်အား ရရှိရေးစီမံကိန်းအတွက် Steel တိုင် ၂၉၄၆ လုံး၊ ထရန်စဖော်မာအလုံး ၅၀၀ နှင့် ကွန်ကရစ်တိုင် ၉၈၀၀ အား စီမံကိန်းလုပ်ငန်းခွင်နှင့် စတိုသို့ စတင်ပို့ဆောင်ပြီးဖြစ်ပါကြောင်း၊ ဂျာမနီချေးငွေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးခရိုင်၊ လွိုင်လင်ခရိုင်နှင့် လင်းခေးခရိုင်အတွင်းရှိ ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် Consultant တင်ဒါများ စိစစ်နေပြီဖြစ်ပြီး လုပ်ငန်းတင်ဒါခေါ်ယူရန် ပြင်ဆင်နေပြီဖြစ်ပါကြောင်း၊ အခြားဝန်ကြီးဌာနဖြင့် ပူးပေါင်းပြီး JICA ချေးငွေရယူ၍ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ဒေသတွင်းဖွံ့ဖြိုးမှုစီမံကိန်း (အဆင့် ၁) အတွက် ပြည်နယ်ငါးခု၊ တိုင်းဒေသကြီးခြောက်ခုတို့တွင် Diesel Generator ၁၂၈ လုံးတပ်ဆင်ခြင်းနှင့် ၄၀၀ ဗို့ ABC လိုင်း ၁၂၇ ဒသမ ၂၉၀ မိုင် တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ လုပ်ငန်းပြီးစီးနေပြီဖြစ်ပါကြောင်း၊ အခြားစီမံကိန်းတစ်ခုမှာ သီလဝါစက်မှုဇုန် ဓာတ်အားရရှိရေးအတွက် ၃၃ ကေဗွီ သန်လျင်-သီလဝါဓာတ်အားလိုင်းနှင့်ခွဲရုံ၊ သာကေတ-သီလဝါဓာတ်ငွေ့ပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပြီး လုပ်ငန်းအားလုံး ပြီးစီးနေပြီ ဖြစ်ပါကြောင်း။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနက လျှပ်စစ်ကဏ္ဍအနေဖြင့် ချေးငွေစီမံကိန်း ၁၄ ခု၊ အခြားဝန်ကြီးဌာနနှင့်ပူးပေါင်းပြီး ချေးငွေရယူ၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းနှစ်ခုတို့ကို ချေးငွေစာချုပ်ပါ စည်းကမ်းချက်များအား တိကျစွာလိုက်နာပြီး အလေအလွင့်မရှိစေရန် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ပြည်ပချေးငွေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ခြင်းများအပေါ် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးသတ္တမနေ့ကို ဇွန်လ ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **မျိုးမြင့်၊ မျိုးသူဟိန်း(သတင်းစဉ်)**

# ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့ ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်း

နေပြည်တော် မေ ၃၁

ပြည်သူ့အတွက် ဒုတိယ(၁)နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့၏ သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။ (အောက်ပုံ)



သတင်းစာရှင်းလင်းပွဲတွင် **ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးစောဗယ်လင်တိုင်းက** ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥပဒေထုတ်ပြန်ပြီး နိုင်ငံ့ဝန်ထမ်းများရွေးချယ်ပေးခြင်း၊ လေ့ကျင့်ပေးခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ ဝန်ထမ်းစည်းမျဉ်း စည်းကမ်းများ သတ်မှတ်ခြင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဝန်ထမ်းရေးရာကိစ္စရပ်များနှင့်ပတ်သက်၍ အထောက်အကူပြုခြင်းစသည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

## အရာထမ်းလစ်လပ်ရာထူးနေရာများအတွက် လူရွေးချယ်ပေးခဲ့

နိုင်ငံတော်အစိုးရ ဒုတိယ (၁)နှစ်တာ ကာလအတွင်း ဝန်ကြီးဌာန၊ အဖွဲ့အစည်း(၂၀)မှ အရာထမ်းလစ်လပ်ရာထူး ၈၆၈ နေရာအတွက် ရေးဖြေစာမေးပွဲသို့ ၆၄၂၄ ဦး လာရောက်ဖြေဆိုကာ ၉၈၄ ဦးတို့ကို စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းခံယူရန်ခေါ်ယူ၍ ၇၅၁ ဦးတို့ကို ရွေးချယ်ပေးခဲ့ပါကြောင်း။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ လက်ထောက်ဆရာဝန်၊ သွားဘက်ဆိုင်ရာဆရာဝန် လစ်လပ်ရာထူး ၂၀၂၂ နေရာအတွက် ရေးဖြေစစ်ဆေးခြင်းမပြုဘဲ လျှောက်ထားသူ ၁၃၆၁ ဦးအနက် စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းခံယူရန် လာရောက်သူ ၁၁၈၀ ဦးတို့ကို တိုက်ရိုက်လူတွေ့စစ်ဆေး၍ ၁၁၈၀ ဦး ရွေးချယ်ပေးခဲ့ပါကြောင်း။

ပြန်တမ်းဝင်အရာရှိရာထူးများအတွက် ကြော်ငြာစာ ၅ ခုမှ လစ်လပ်ရာထူးနေရာ ၃၂၁၀ အတွက် ဝန်ထမ်းလောင်း ၂၆၆၄ ဦးနှင့် အကူအညီတောင်းခံလာသော ပြင်ပဌာနအဖွဲ့အစည်း(၄)ခုရှိ ဝန်ထမ်း ၂၁၆၈ ဦးတို့ကိုလည်း စိတ်အခြေအနေ ကူညီစစ်ဆေးပေးခဲ့ကြောင်း။

## ပြည်သူ့ဝန်ထမ်း အကယ်ဒမီတစ်ခုစီ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့

ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ပြည်သူ့ဝန်ထမ်းအကယ်ဒမီတစ်ခုစီကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂ ရက်က အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

CSA များတွင် အရာထမ်းလောင်း အခြေခံသင်တန်း၊ ပြည်သူ့ဝန်ထမ်းစီမံခန့်ခွဲမှု ဘွဲ့လွန်ဒီပလိုမာသင်တန်း ဖွင့်လှစ်ခြင်း ဆောင်ရွက်ရာတွင် Public Private Partnership (PPP) အကောင်အထည်ဖော်မှုအနေဖြင့် သင်တန်းအမှတ်စဉ် (၁) မှ (၃) အထိ ပုဂ္ဂလိကဝန်ထမ်းများအပါအဝင် သင်တန်းသားစုစုပေါင်း ၇၆၄ ဦးအား ဘွဲ့လွန်ဒီပလိုမာများ ပေးအပ်နိုင်ခဲ့ပါကြောင်း။

၂၀၁၆ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၁၈ ခုနှစ် မတ် ၃၁ ရက်အထိ (၂)နှစ်တာကာလအတွင်း ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် လေ့ကျင့်ပေးနိုင်ခဲ့သည့် သင်တန်း ၁၃ ခုတွင် သင်တန်းသားဦးရေ ၁၇၆၄၇ ဦး၊ ၂၀၁၇ ခုနှစ် ဧပြီမှ ၂၀၁၈ ခုနှစ် မတ်အထိ သင်တန်း ၁၀ ခုတွင် ဦးရေ ၇၃၁၃ ဦး ရှိပါကြောင်း။

ဒုတိယ(၁)နှစ်တာကာလအတွင်း ဝန်ကြီးဌာန၊ အဖွဲ့အစည်းများရှိ ဒုတိယညွှန်ကြားရေးမှူးအဆင့်မှ ညွှန်ကြားရေးမှူးအဆင့်သို့ တန်းစီဇယားအတိုင်း ရာထူးတိုးမြှင့်ပေးသည့် ဦးရေ ကျား ၆၈ ဦး၊ မ ၃၀ စုစုပေါင်း ၉၈ ဦး၊ ညွှန်ကြားရေးမှူးအဆင့်မှ ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်သို့ တန်းစီဇယားအတိုင်း ရာထူးတိုးမြှင့်ပေးသည့် ဦးရေ ကျား ၂၇၊ မ ရှစ်ဦး စုစုပေါင်း ၃၅ ဦး ရှိပါကြောင်း။

ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများမှ အမှုထမ်းများအား ပြန်တမ်းဝင်အရာရှိ ရာထူးတိုးမြှင့်ခြင်းဆိုင်ရာ စိစစ်ထောက်ခံမှုအခြေအနေတွင် ဌာနတွင်းဝန်ထမ်းများ လုပ်သက်ပြည့် ရာထူးတိုးမြှင့်ပေးသူဦးရေ ၇၈၅၆ ဦး၊ ဌာနတွင်းဝန်ထမ်းများ လုပ်သက်လျှော့ အထူးကိစ္စဖြင့် ရာထူးတိုးမြှင့်ပေးသူဦးရေ ၈၂ ဦး၊ ပညာအရည်အချင်းကို လျှော့ပေါ့၍ ရာထူးတိုးမြှင့်ပေးသူဦးရေ ၁၃ ဦး ရှိပါကြောင်း။

## ဌာနပြောင်းရွှေ့တာဝန်ထမ်းဆောင်မှု

ဒုတိယ(၁)နှစ်တာကာလအတွင်း နိုင်ငံ့ဝန်ထမ်း အရာထမ်းများ ဌာနပြောင်းရွှေ့ တာဝန်ထမ်းဆောင်နိုင်ရန်အတွက် ဝန်ကြီးဌာန၊ အဖွဲ့အစည်းတစ်ခုမှတစ်ခုသို့ ပြောင်းရွှေ့အရာထမ်းဦးရေ ၄၅၇ ဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အရပ်ဘက်ဝန်ကြီးဌာန၊ အဖွဲ့အစည်းသို့ ပြောင်းရွှေ့အရာထမ်းဦးရေ ကိုးဦး၊ အရပ်ဘက်ဝန်ကြီးဌာန၊ အဖွဲ့အစည်းက ကာကွယ်ရေးဝန်ကြီးဌာနမှ ပြန်တမ်းဝင်အရာရှိများ တောင်းခံသည့် အရာထမ်းဦးရေ ၅၇ ဦး စုစုပေါင်း ၅၂၃ ဦး ဖြစ်ပါကြောင်း။

နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများအတွက် လုပ်ငန်းဆောင်ရွက်မှုအနေဖြင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများအား နည်းဥပဒေ ၂၉ ခုနှင့် ပုံစံ (၄)ခုတို့ ပြင်ဆင်ဖြည့်စွက်၍ ၂၀၁၇ ခုနှစ် ဇွန် ၉ ရက်တွင် အမိန့်ကြော်ငြာစာ (၃၅/၂၀၁၇) ဖြင့် ထုတ်ပြန်ပြဋ္ဌာန်းခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား နိုင်ငံတော်နှင့် အများပြည်သူအကျိုးငှာ ဆက်လက်တာဝန်ပေးအပ်ရန်လိုအပ်ပါက အသက်(၆၀) နှစ်ပြည့်ပြီး တစ်ဆက်တည်း တစ်နှစ်ထက်မပိုသောကာလအတွက် ဆက်လက်တာဝန်ပေးအပ်ရန် နိုင်ငံတော်သမ္မတရုံးမှ ညွှန်ကြားချက်ထုတ်ပြန်နိုင်ရေးအထောက်အကူပြုခြင်း၊ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့်ခံစားကာလအတွင်း အခြားဝန်ထမ်းတစ်ဦးအား ဖြည့်စွက်ခန့်ထားနိုင်ရေးအတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို ဒုတိယအကြိမ်ပြင်ဆင်သည့် နည်းဥပဒေများအား ထုတ်ပြန်ပြဋ္ဌာန်းခြင်း။

ပြည်သူ့ဝန်ထမ်း၏အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ဖြည့်စွက်၍ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေအား ထုတ်ပြန်ပြဋ္ဌာန်းနိုင်ရေးဆောင်ရွက်ခြင်း၊ နိုင်ငံ့ဝန်ထမ်းများ ရာထူးတိုးမြှင့်ခန့်ထားရာ၌ အနည်းဆုံးလိုအပ်သည့် ပညာ အရည်အချင်း၊ကျွမ်းကျင်မှုအရည်အချင်း Q-Sheet သတ်မှတ်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ညွှန်ကြားချက်ထုတ်ပြန်နိုင်ရန်အထောက်အကူပြုခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် **နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာနအမြဲတမ်းအတွင်းဝန် ဦးမြင့်သူက** နိုင်ငံခြား ရေးဝန်ကြီးဌာနသည် ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီး မှု၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတကာမျက်နှာစာတွင် ပိုမိုတက်ကြွစွာပါဝင်ရေး၊ မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားဟောင်းများ၏ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါကြောင်း။

အစိုးရ၏ ပထမ(၁)နှစ်တာကာလအတွင်း သိသာထင်ရှားသည့် တိုးတက်အောင်မြင်မှုများ ရရှိခဲ့သော်လည်း ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်နှင့် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တို့တွင် ရခိုင်ပြည်နယ်အတွင်း ARSA အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများနောက်ပိုင်း နိုင်ငံတကာမှ အထင်အမြင်လွဲမှားမှုများနှင့် ဖိအားပေးမှုများ ပိုမိုများပြားလာခဲ့ပါကြောင်း။

## ဆက်ဆံရေးတိုးတက်ကောင်းမွန်ရန် အထူးအလေးထားဆောင်ရွက်

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် ဖိအားပေးမှုများ၊ စိန်ခေါ်မှုများကို တုံ့ပြန်ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး တစ်ဖက်မှလည်း နိုင်ငံခြားရေးမူဝါဒနှင့်အညီ နိုင်ငံတကာနှင့်ဆက်ဆံရေးကို ပိုမိုတိုးတက်ကောင်းမွန်စေရန် အထူးအလေးထားဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်နိုင်ရန် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲများ၊ အဆင့်မြင့်ကိုယ်စားလှယ်များ၏ ချစ်ကြည်ရေးခရီးစဉ်များ အဆင်ပြေချောမွေ့စေရေးအတွက် သံတမန်လမ်းကြောင်းမှတစ်ဆင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အလားတူ ပြည်ပမှ နိုင်ငံတော်အကြီးအကဲများ၊ အဆင့်မြင့်အရာရှိကြီးများ၏ ခရီးစဉ်များ အဆင်ပြေချောမွေ့စေရန်လည်း စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

အဆိုပါ ချစ်ကြည်ရေးခရီးစဉ်များတွင် နှစ်နိုင်ငံ အကြီးအကဲများအကြား ပုဂ္ဂိုလ်ရေးခင်မင်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှု တိုးမြှင့်တည်ဆောက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အသိပေးပြောကြားနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံ၊ ဘင်းမ်စတက်၊ မဟာမဲခေါင်ဒေသခွဲ ပူးပေါင်း ဆောင်ရွက်မှုအစီအစဉ် (ဂျီအမ်အက်စ်)၊ ဧရာဝတီ- ကျောက်ဖယား- မဲခေါင် စီးပွားရေးဆောင်ရွက်မှုမဟာဗျူဟာ၊ လန်ချန်း- မဲခေါင် ပူးပေါင်းဆောင်ရွက်မှုအစီစဉ်၊ မဲခေါင်- ဂျပန်၊ မဲခေါင်- ကိုရီးယား၊ မဲခေါင်မြစ်အောက်ပိုင်းနိုင်ငံများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (အယ်လ်အမ်အိုင်) အစရှိသည့် ဒေသတွင်းအဖွဲ့အစည်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လျက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာတို့အနေဖြင့် ဦးဆောင်ဝန်ကြီးဌာနများအဖြစ် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

## သံတမန်ဆက်သွယ်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အာဆီယံအဖွဲ့၏ အမျိုးသားအတွင်းရေးမှူးရုံးအဖြစ် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ဆက်သွယ်ရေးတွင် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအများနှင့် သံတမန်ဆက်သွယ်မှုများကိုလည်း တိုးမြှင့်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့် ပိုမိုထိတွေ့ပူးပေါင်းဆောင်ရွက်နိုင်ရန် မြန်မာသံရုံး၊ အဖွဲ့ရုံး ၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးများကို ပြည်ပနိုင်ငံများတွင် ဖွင့်လှစ်ထားရှိပြီး သံတမန်ဆက်ဆံရေးနှင့် နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်ရေးကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း။

လက်ရှိအားဖြင့် မြန်မာသံရုံး ၃၅ ရုံး၊ မြန်မာအဖွဲ့ရုံးငါးရုံး၊ ကောင်စစ်ဝန်ချုပ်ရုံး ခြောက်ရုံး၊စုစုပေါင်း ၄၆ ရုံး ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ ထို့ပြင် ဂုဏ်ထူးဆောင် ကောင်စစ်ဝန်ချုပ်ရုံး ၁၃ ရုံးကို ဖွင့်လှစ်ထားရှိပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ဒုတိယ(၁)နှစ်တာကာလအတွင်း မော်လတာ၊ အီကွေဒေါ၊ မာရှယ်ကျွန်းစု၊ လိုက်ဘေးရီးယား၊ ဂီနီ၊ ဆေးရှဲလ်နှင့် ဗာတီကန်မြို့ပြနိုင်ငံတို့ဖြင့် သံတမန်ဆက်သွယ်မှု ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ကမ္ဘာ့နိုင်ငံ ၁၉၃ နိုင်ငံအနက် မြန်မာနိုင်ငံအနေဖြင့် ၁၂၁ နိုင်ငံနှင့် သံတမန်အဆက်အသွယ် ထူထောင်ထားရှိပြီးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အရှေ့အာရှနှင့် ပစိဖိတ် ဒေသရှိ ၁၀ နိုင်ငံ၊ ဥရောပဒေသရှိ ၄၆ နိုင်ငံ၊ အရှေ့တောင် အာရှဒေသရှိ ၁၀ နိုင်ငံ၊ အရှေ့အလယ်ပိုင်းနှင့် အာဖရိကဒေသရှိ ၂၆ နိုင်ငံ၊ အမေရိကဒေသရှိ ၁၄ နိုင်ငံ၊ တောင်နှင့် အနောက်အာရှဒေသရှိ ရှစ်နိုင်ငံ စုစုပေါင်း ၁၁၄ နိုင်ငံနှင့် ၂၀၁၇ ခုနှစ်အတွင်း သံတမန်ဆက်ဆံရေးဆောင်ရွက်ခဲ့သည့်နိုင်ငံ ခုနစ်နိုင်ငံ စုစုပေါင်း ၁၂၁ နိုင်ငံဖြစ်ပါကြောင်း။

*စာမျက်နှာ ၉ သို့*

- **ဝန်ကြီးဌာန၊ အဖွဲ့အစည်း(၂၀)မှ အရာထမ်းလစ်လပ်ရာထူး ၈၆၈ နေရာအတွက် ရေးဖြေစာမေးပွဲသို့ ၆၄၂၄ ဦး လာရောက်ဖြေဆိုကာ ၉၈၄ ဦးတို့ကို စိတ်အခြေအနေနှင့် လူတွေ့စစ်ဆေးခြင်းခံယူရန် ခေါ်ယူ၍ ၇၅၁ ဦးတို့ကို ရွေးချယ်ပေးခဲ့**
- **ဝန်ကြီးဌာနနှစ်ခုအနေဖြင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမျက်နှာစာတွင် လတ်တလောကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်၊ မြေပြင်တွင် လတ်တလောဖြစ်ပေါ်တိုးတက်မှုများကို ပိုမိုသိရှိနားလည်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်၊ သိမ်မွေ့နက်နဲသည့် ကိစ္စရပ်များကို မိတ်ဆွေနိုင်ငံများ နားလည်မှုရှိသည့် နိုင်ငံများ၏ ကူညီပံ့ပိုးမှုဖြင့် ဖြေရှင်းဆောင်ရွက်သွားရမည်ဖြစ်**

# မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ (၂/ ၂၀၁၈) အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၃၁

**မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီ (၂/ ၂၀၁၈) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သောလုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။** (ယာပုံ)



မော်တော်ယာဉ်တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီအနေဖြင့် ပြည်ပမှတင်သွင်းယာဉ်များကို ထုတ်လုပ်သည့်ခုနှစ်သတ်မှတ်ချက်ကို တိုးမြှင့်သတ်မှတ်ခဲ့ပြီး ပြည်တွင်းထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ပြည်တွင်းထုတ်လုပ်မှုတွင်လည်း ကုန်စည်ပို့ဆောင်ရေးနှင့် လုပ်ငန်းများတွင် အဓိက လိုအပ်ချက်ရှိသည့် ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များ ထုတ်လုပ်နိုင်ရန်အတွက် ဆောင်ရွက်ရန်လည်း လိုအပ်ကြောင်း၊ ကြီးကြပ်ရေးကော်မတီတွင်ပါဝင်သည့် ဌာနဆိုင်ရာအသီးသီးမှလည်း ဝိုင်းဝန်းဆွေးနွေး အကြံပြုပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများကလည်း မိမိတို့လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ်စကား ပြောကြားသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ်အစီရင်ခံစာတွင် ပါရှိသည့် အကြံပြုချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုင်းနိုင်ငံ၊ ဒုတိယဝန်ကြီးချုပ်ဟောင်းနှင့် နိုင်ငံခြားရေးဝန်ကြီးဟောင်း Dr. Surakiart Sathirathai ဦးဆောင်သည့် အကြံပေးဘုတ်အဖွဲ့နှင့်လည်း ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

### ပြည်သူကိုဗဟိုပြုသည့် သံတမန်နည်းလမ်း

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် "ပြည်သူကို ဗဟိုပြုသည့်သံတမန်နည်းလမ်း"ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်ပရောက် မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားဟောင်းများ၏အကျိုးကို အလေးထားကာကွယ်စောင့်ရှောက်ပေးလျက်ရှိပါကြောင်း၊ ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများက မြန်မာနိုင်ငံသား ပြန်လည်လျှောက်ထားလာမှုများကို သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနေသကဲ့သို့ လူမှုရေးဗီဇာဖြင့် ပြန်လာလိုသူများအတွက်လည်း ပိုမိုအဆင်ပြေစေရန် ဖြေလျှော့မှုများ ပြုလုပ်ပေးခဲ့ပါကြောင်း။

### ဒုက္ခရောက်နေသူများကို ညှိနှိုင်းလျက် ပြန်လည်ခေါ်ဆောင်ပေး

ပြည်ပရောက် မြန်မာနိုင်ငံသားများ ပြည်ပတွင် သေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရခြင်းများရှိပါကလည်း လိုအပ်သည့်ပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အထူးသဖြင့် ထိခိုက်ဒဏ်ရာရရှိသည့် မြန်မာအလုပ်သမားများအတွက် လျော်ကြေးငွေရရှိရေး၊ လေယာဉ်စရိတ်အခက်အခဲကြောင့် မြန်မာနိုင်ငံသို့မပြန်နိုင်ဘဲ ဒုက္ခရောက်နေသူများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းလျက် ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိပါကြောင်း။

ပြည်ပတွင် အကြောင်းအမျိုးမျိုးကြောင့် ပြစ်ဒဏ်ခံရပြီး ပြန်လည်လွတ်မြောက်လာသည့် နိုင်ငံသားများ လူကုန်ကူးခြင်းခံရသည့် နိုင်ငံသားရေလုပ်သားများကို မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူပေးနိုင်ခဲ့ပါကြောင်း။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံအကြား ကဘော်ချိုင့်ဝှမ်း နယ်နိမိတ်မှတ်တိုင် ကိုးတိုင်ကို အိန္ဒိယဘက်နှင့် ပူးတွဲကွင်းဆင်းစစ်ဆေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ မကြာမီ နှစ်နိုင်ငံမြေတိုင်းညွှန်ကြားရေးမှူးချုပ်အဆင့် အစည်းအဝေးနှင့် ပူးတွဲနယ်နိမိတ်တိုင်းတာရေးလုပ်ငန်းအဖွဲ့အစည်းအဝေးများ ကျင်းပသွားရန်ရှိပါကြောင်း။

မြန်မာ-ဘင်္ဂလားဒေ့ရှ်နှစ်နိုင်ငံအကြား နတ်မြစ်မြောက်ဘက် ကုန်းပိုင်းနယ်နိမိတ်စာချုပ် (၁၉၉၈)ကို အတည်ပြုသည့် စာချွန်လွှာနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် နတ်မြစ်နယ်နိမိတ်ဖြည့်စွက်အခြေပြစာချုပ် (၂၀၀၇)တို့ကို နေပြည်တော်တွင် ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်က လက်မှတ်ရေးထိုး၊ လဲလှယ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံအကြား နယ်နိမိတ်ကို ၁၉၅၉ မှ ၁၉၆၁ ခုနှစ်များအတွင်း "Ba Ba Campaign" နှင့် တိုင်းတာသတ်မှတ်နိုင်ခဲ့ပြီး ပထမအကြိမ် ပူးတွဲကွင်းဆင်းစစ်ဆေးမှုကို ၁၉၈၅-၁၉၈၆ ခုနှစ်က လည်းကောင်း၊ ဒုတိယအကြိမ် ပူးတွဲကွင်းဆင်းစစ်ဆေးမှုကို ၁၉၉၃-၁၉၉၄ ခုနှစ်က လည်းကောင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ယခုအခါ တရုတ်ဘက်မှ တတိယအကြိမ် ပူးတွဲကွင်းဆင်းစစ်ဆေးရန် အဆိုပြုလာသည့်အတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း။

### ပြဿနာကို ပိုမိုဆိုးရွားလာစေနိုင်သည့် လုပ်ရပ်များ ရှောင်ရှား

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနအနေဖြင့် ဒုတိယ(၁)နှစ်တာကာလအတွင်း နိုင်ငံတကာမျက်နှာစာတွင် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းပေးလျက်ရှိပါကြောင်း၊ တစ်ချိန်တည်းမှာပင် နိုင်ငံတကာအသိုက်အဝန်းနှင့်ထိတွေ့ပြီး ဝေဖန်ပြစ်တင်ဆောင်ရွက်ခြင်းထက် မြန်မာနိုင်ငံအစိုးရက ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များတွင် အပြုသဘောပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်၊ ပြဿနာကို ပိုမိုဆိုးရွားလာစေနိုင်သည့် လုပ်ရပ်များကို ရှောင်ရှားပြီး ပြဿနာဖြေရှင်းရေးကို အပြုသဘောပါဝင်ကြရန် တိုက်တွန်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့ဝန်ကြီးဌာနနှစ်ခုအနေဖြင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမျက်နှာစာတွင် လတ်တလောကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်၊ မြေပြင်တွင် လတ်တလောဖြစ်ပေါ်တိုးတက်မှုများကို ပိုမိုသိရှိနားလည်စေရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် သိမ်မွေ့နက်နဲသည့် ကိစ္စရပ်များကို မိတ်ဆွေနိုင်ငံများ နားလည်မှုရှိသည့်နိုင်ငံများ၏ ကူညီပံ့ပိုးမှုဖြင့် ဖြေရှင်းဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

### တရားဥပဒေစိုးမိုးရေးဆိုင်ရာ မူဝါဒများ ရေးဆွဲအကောင်အထည်ဖော်

ထို့နောက် **ပြည်ထောင်စုရှေ့နေချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်နုနုယဉ်က** ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး နယ်ပယ်သုံးရပ်တွင် ပါဝင်ဆောင်ရွက်ရသော အဖွဲ့အစည်းဖြစ်သည်နှင့်အညီ ပြောင်းလဲလာသည့် လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးဆီသို့ ဆောင်ပုဒ်နှင့်အတူ မဟာဗျူဟာစီမံကိန်း ၂၀၁၅- ၂၀၁၉ ကို နိုင်ငံတော်အစိုးရ၏ တရားဥပဒေစိုးမိုးရေးဆိုင်ရာမူဝါဒများ ပိုမိုခိုင်မာအားကောင်းလာစေရန်နှင့် ပြည်သူများကလေးစားရသည့် အဖွဲ့အစည်းတစ်ခုဖြစ်စေရန် ရည်ရွယ်၍ ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

ဥပဒေစိစစ်ရေးဦးစီးဌာနသည် ပထမတစ်နှစ်တာကာလထက် ဒုတိယတစ်နှစ်တာကာလတွင် ဥပဒေကြမ်းစိစစ်ခြင်း၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ ညွှန်ကြားချက်စိစစ်ခြင်းနှင့် ဥပဒေဘာသာပြန်ဆိုခြင်းတို့ကို ၉၁ ကြိမ် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

စိစစ်ခဲ့သောဥပဒေများမှ ကောက်နုတ်ချက်အနေဖြင့် စာချုပ်စာတမ်းများ မှတ်ပုံတင်ဥပဒေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဥပဒေ၊ အမုန်းစကားများ ကာကွယ်တားဆီးရေးဥပဒေ၊ စားသုံးသူကာကွယ်ရေးဥပဒေ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးဥပဒေ၊ ဆက်သွယ်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ၊ သစ်တောဥပဒေနှင့် ပြည်ထောင်စုအခွန်အကောက်ဥပဒေတို့ ဖြစ်ပါကြောင်း။

ဥပဒေအကြံပေးရေးဦးစီးဌာန၏ ဆောင်ရွက်ချက်အနေဖြင့် ဥပဒေအကြံပေးလုပ်ငန်းတာဝန်များအပြင် မြန်မာနိုင်ငံက စာချုပ်ဝင်အဖြစ်ပါဝင်မည့် နှစ်နိုင်ငံသဘောတူစာချုပ်များနှင့် ဒေသတွင်း သဘောတူစာချုပ်များမှာ ဥပဒေရေးရာကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ဆွေးနွေးညှိနှိုင်းသူအဖြစ် ဆောင်ရွက်ရပါကြောင်း၊ ထို့ပြင် စီးပွားရေးဆိုင်ရာ စာချုပ်စာတမ်းအမျိုးအစား ၁၄ မျိုးအနက် အများဆုံးစိစစ်ဆောင်ရွက်ရသော စာချုပ်စာတမ်းများမှာ နိုင်ငံတော်၏ သယံဇာတတွင်းထွက်ပစ္စည်းများကို ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် လုပ်ငန်းသဘောတူ စာချုပ်များ၊ လမ်း၊ တံတား၊ ရုံး၊ အဆောက်အအုံများ ဆောက်လုပ်ရန်အတွက် လုပ်ငန်းအပ်နှံခြင်း စာချုပ်များ ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူဆောင်ရွက်သည့်ကိစ္စ၊ မြေသိမ်းကိစ္စ၊ ပြည်သူ့ဘဏ္ဍာသိမ်းဆည်းသည့်အမိန့်အပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ အယူခံဝင်ရောက်သည့်ကိစ္စများအား အထွေထွေဥပဒေ အကြံပေးရပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာစာချုပ်စာတမ်းများ၊ နားလည်မှုစာချွန်လွှာများ၊ အစိုးရဌာနများနှင့် ပြည်တွင်းပြည်ပပုဂ္ဂလိကကုမ္ပဏီများက ချုပ်ဆိုသော စီးပွားရေး စာချုပ်စာတမ်းများနှင့် အထွေထွေဥပဒေအကြံပေးခြင်းတို့ကို ပထမတစ်နှစ်တာကာလထက် ဒုတိယတစ်နှစ်တာကာလတွင် ၇၉၂ ကြိမ် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

### စိစစ်ခဲ့သောစာချုပ်များ

စိစစ်ခဲ့သောစာချုပ်များမှ ကောက်နုတ်ချက်အနေဖြင့် မြန်မာ-အီးယူနှစ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်၊ မြန်မာ-စင်ကာပူ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးနှင့် အကာအကွယ်ပေးရေးဆိုင်ရာ သဘောတူစာချုပ်၊ ဒေသတွင်းဘက်စုံစီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးဆိုင်ရာ သဘောတူစာချုပ်၊ အာဆီယံဝန်ဆောင်မှုကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် အာဆီယံဒေသတွင်း တရားခံလွှဲပြောင်းရေးဆိုင်ရာ စံပြသဘောတူစာချုပ်တို့ဖြစ်ပါကြောင်း။

### အမှုအရေအတွက် စုစုပေါင်း ၃၁၆၇ မှု ပိုမို၍ ဆောင်ရွက်ခဲ့

တရားစွဲနှင့် အမှုလိုက်လုပ်ငန်းတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ဥပဒေရုံးအဆင့်ဆင့်သည် ရာဇဝတ်အမှုများနှင့် နိုင်ငံတော်က တရားလို၊ တရားပြိုင်အဖြစ်ပါဝင်သော တရားမအမှုများတွင် နိုင်ငံတော်ဘက်က အမှုလိုက်ပါဆောင်ရွက်ခြင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တွင် စာချွန်တော်အမှုများ လိုက်ပါဆောင်ရွက်ခြင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတွင် ရုံးသဟာယအဖြစ် လိုက်ပါဆောင်ရွက်ခြင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် ရုံးသဟာယအဖြစ် လိုက်ပါဆောင်ရွက်ရပြီး ဥပဒေအရာရှိများ၏ အဓိကပင်မလုပ်ငန်းဖြစ်သော တရားမစွဲမီဥပဒေအကြံပေးခြင်း၊ အမှုလိုက်ပါဆောင်ရွက်ခြင်း၊ အမှုရုပ်သိမ်းခြင်း၊ ပိတ်သိမ်းခြင်း၊ တရားမမှုများမှာ နိုင်ငံတော်ကိုယ်စားလိုက်ပါဆောင်ရွက်ခဲ့ရာ ပထမတစ်နှစ်တာ ကာလထက် ဒုတိယတစ်နှစ်တာကာလတွင် အမှုအရေအတွက် စုစုပေါင်း ၃၁၆၇ မှု ပိုမို၍ ဆောင်ရွက်ခဲ့ရပါကြောင်း။

အဂတိကင်းရှင်းရေး ဆောင်ရွက်ချက်များအနေဖြင့် လမ်းညွှန်ချက်များ ထုတ်ပြန်ခြင်း၊ အပြန်အလှန်ကြီးကြပ်ထိန်းကျောင်းခြင်း၊ တိုင်ကြားရန် ဖုန်းနံပါတ်များ သတင်းစာတွင်ဖော်ပြခြင်း၊ ဥပဒေရုံးများတွင် ကြော်ငြာစာကပ်ခြင်းနှင့် တိုင်ကြားစာများအပေါ်တွင် အရေးယူဆောင်ရွက်ခဲ့ပါကြောင်း၊ ဥပဒေအရာရှိများနှင့် ဝန်ထမ်းများ၏ တာဝန်ဆောင်ရွက်မှုများနှင့်စပ်လျဉ်းပြီး တိုင်ကြားစာများအပေါ် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီစစ်ဆေးပြီး ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခဲ့ရာတွင် ပထမတစ်နှစ်တာကာလထက် ဒုတိယတစ်နှစ်တာကာလတွင် ပိုမိုထိရောက်သော ပြစ်ဒဏ်များဖြစ်သည့် ရာထူးအဆင့်လျှော့ချခြင်း၊ တာဝန်မှယာယီရပ်ဆိုင်းခြင်းနှင့် ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခြင်းစသည့် ပြစ်ဒဏ်များကို ချမှတ်ခဲ့ပါကြောင်း။

### ဥပဒေပေါင်း ၈၁ ခုကို မြန်မာဘာသာသို့ ပြန်ဆိုလျက်ရှိ

ဥပဒေဘာသာပြန် ကော်မရှင်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရှေ့နေချုပ်ဦးဆောင်သည့် ဥပဒေဘာသာပြန်ကော်မရှင်အဖွဲ့သည် မြန်မာနိုင်ငံရှိ အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေပေါင်း ၈၁ ခုကို မြန်မာဘာသာသို့ ပြန်ဆိုလျက်ရှိပါကြောင်း။

တရားလွှတ်တော်ရှေ့နေများကောင်စီသည် ပြည်ထောင်စုရှေ့နေချုပ်က ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် အဖွဲ့ဝင် ၁၁ ဦးဖြင့် လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီး တရားလွှတ်တော်ရှေ့နေအဖြစ် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ စိစစ်ခြင်း၊ တရားလွှတ်တော်ရှေ့နေများ၏ ကျင့်ဝတ်သိက္ခာဖောက်ဖျက်မှုနှင့် စပ်လျဉ်း၍ သဘောထားပေးခြင်းတို့ကိုဆောင်ရွက်ပြီး တရားလွှတ်တော်ရှေ့နေများကောင်စီသို့ ပေးဆောင်ရမည့်ဝင်ကြေးအား ခေတ်ကာလနှင့် လျော်ညီစွာ တိုးမြှင့်ကောက်ခံခဲ့ပါကြောင်း။

### တရားဥပဒေစိုးမိုးရေးဆောင်ရွက်မှုများ

တရားဥပဒေစိုးမိုးရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်သည် တရားဥပဒေစိုးမိုးရေးအား ဦးစားပေးဆောင်ရွက်နေသည့်ကာလဖြစ်၍ တရားဥပဒေစိုးမိုးရေးဌာနနှင့် တရားမျှတမှုဆိုင်ရာလုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဖွဲ့စည်းရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ သဘောတူညီချက်ဖြင့် ပြည်ထောင်စုအစိုးရက ဖွဲ့စည်းခွင့်ပြုခဲ့ပါကြောင်း၊ ဒုတိယတစ်နှစ်တာကာလအတွင်း လုပ်ငန်းဆိုင်ရာအစည်းအဝေး သုံးကြိမ် ကျင်းပခြင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် လုပ်ငန်းအဖွဲ့ခွဲများ ဖွဲ့စည်းခြင်း၊ တရားဥပဒေစိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ညီလာခံကျင်းပခြင်း၊ ညီလာခံရလဒ်များအပေါ်အခြေခံ၍ မဟာဗျူဟာရေးဆွဲခြင်းများကို ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်း။

ဥပဒေအရာရှိများ လိုက်နာရမည့်ကျင့်ဝတ်များနှင့် ပတ်သက်၍ UNDP အကူအညီဖြင့် ပြည်တွင်းပြည်ပ ပညာရှင်များ၏ အကြံဉာဏ်များကိုရယူကာ ဥပဒေအရာရှိ ကျင့်ဝတ်ကို ရေးသားပြုစုခဲ့ပါကြောင်း၊ ဒုတိယတစ်နှစ်တာကာလအတွင်း ဥပဒေအရာရှိ ကျင့်ဝတ်စာအုပ်ထုတ်ဝေခြင်း၊ ရှင်းလင်းပွဲများကျင်းပခြင်း၊ လိုက်နာကျင့်သုံးရန် ညွှန်ကြားချက်များ ထုတ်ဝေခြင်း၊ ကြီးကြပ်ဆောင်ရွက်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဥပဒေပညာတတ်ကျွမ်းပြီး သိက္ခာရှိသူများ ဖြစ်စေရန်အတွက် ဥပဒေအရာရှိ ကျင့်ဝတ်ကို ထုတ်ဝေခဲ့ခြင်းဖြစ်ပါကြောင်း။

မျှတသော တရားစီရင်ရေး စံနှုန်းများစာအုပ်တွင် နိုင်ငံတကာစံနှုန်း၊ ပြည်တွင်းဥပဒေစီရင်ထုံးများ ထည့်သွင်းတင်ပြထားပါကြောင်း၊ အဆိုပါစံနှုန်းများတွင် ဥပဒေ၏ ရှေ့မှောက်တွင် တန်းတူညီမျှရှိခြင်းနှင့် ဥပဒေအရ ညီမျှစွာဆက်ဆံခြင်း၊ နောက်ကြောင်းပြန် အာဏာသက်ရောက်မှုမရှိစေခြင်း၊ အပြစ်မရှိဟု မှတ်ယူခြင်းနှင့် သံသယအကျိုးခံစားခွင့်၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် ဂုဏ်သိက္ခာညှိုးနွမ်းစေသည့် ဆက်ဆံမှုများမှ ကာကွယ်ခြင်း၊ ဝန်ခံထွက်ဆိုခြင်းမပြုဘဲ နှုတ်ဆိတ်နေခွင့်၊ ဥပဒေအကြံဉာဏ်ရယူခွင့်၊ စကားပြန်နှင့် ဘာသာပြန်အကူအညီရယူခွင့် စသည့်အချက်များ ပါဝင်ပါကြောင်း၊ ဥပဒေအရာရှိများအနေဖြင့် ၎င်းစံနှုန်းများကို လေ့လာကျင့်သုံးခြင်းဖြင့် အမှုလိုက်လုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်နိုင်ပြီး ဥပဒေနှင့်အညီ အများပြည်သူရပိုင်ခွင့်ရှိသော အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

**ဟန်မွှေး၊ လင်းနိုင်(သတင်းစဉ်)**

# ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မေ ၃၁**

ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စ ဗာဂျီးနီးယားဂမ်ဘာနှင့်အဖွဲ့အား မေ ၂၈ ရက်က ပြည်ထောင်စုရှေ့နေချုပ်ရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ (ယာပုံ)



တွေ့ဆုံဆွေးနွေးရာတွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း ပြဋ္ဌာန်းနိုင်ရေးကိစ္စ၊ လက်နက်ကိုင်ပဋိပက္ခကြောင့် ထိခိုက်နစ်နာသော ကလေးသူငယ်များ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေးကိစ္စ၊ ကလေးသူငယ်အခွင့်အရေးများအပေါ် ဖောက်ဖျက်ကျူးလွန်သူများအား ထိရောက်စွာ အရေးယူဆောင်ရွက်နိုင်ရေးကိစ္စ၊ ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ နောက်ဆက်တွဲစာချုပ်ကိုအတည်ပြုနိုင်ရေးကိစ္စများကို တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# မန္တလေးမြို့ရှိ ဘူတာကြီးခုံးကျော်တံတားကို ဇွန်လ ၁ ရက်နေ့မှစ၍ အခမဲ့ ဖြတ်သန်းခွင့်ပြုမည်

**မန္တလေး မေ ၃၁**

မြန်မာ့မီးရထားမှ ဖြတ်သန်းခကောက်ခံလျက်ရှိသော မန္တလေးမြို့၇၈ လမ်းနှင့် ၇၉ လမ်းကို ဖြတ်သန်းဖောက်လုပ်ထားသည့် ဘူတာကြီးခုံးကျော်တံတားကို ဇွန်လ ၁ ရက်နေ့မှစ၍ အခမဲ့ ဖြတ်သန်းသွားလာခွင့်ပြုတော့မည်ဖြစ်ကြောင်း မြန်မာ့မီးရထားအထွေထွေမန်နေဂျာ (အထက်မြန်မာပြည်) ဦးမျိုးဝင်းက ပြောသည်။

အဆိုပါ ခုံးကျော်တံတားဖြတ်သန်းခွင့်ကို မြန်မာ့မီးရထားဌာနမှ ကောက်ခံလျက်ရှိရာမှ ယခုအခါ မန္တလေးမြို့ ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့နိုင်ရေးအတွက် ပူးပေါင်းပါဝင်သောအားဖြင့် ဖြတ်သန်းခွင့်ကောက်ခံမှုကို ရပ်ဆိုင်းခြင်းဖြစ်ကြောင်း သိရသည်။

"အရင်က ဖြတ်သန်းမယ်ဆိုရင် ကားတွေ ဆိုင်ကယ်တွေကို သတ်မှတ်နှုန်းနဲ့ ဖြတ်သန်းခကောက်ခဲ့တယ်၊ ကျွန်တော်တို့ ပြည်ထောင်စုဝန်ကြီးက မန္တလေးမြို့ယာဉ်ကြောကျပ်တည်းမှုကို လျော့နည်းသွားစေဖို့ ရည်ရွယ်ချက်နဲ့ ကောက်ခံမှုမပြုတော့ပါဘူး"ဟု ၎င်းက ပြောသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားမှ မန္တလေးမြို့ ယာဉ်ကြောကျပ်တည်းမှု ဖြေလျှော့နိုင်ရေးအတွက် ပူးပေါင်းပါဝင်ခြင်းအားဖြင့် ၇၈ လမ်းမှ ၇၉ လမ်းသို့ မြန်မာ့မီးရထားခုံးကျော်တံတားမှ ဖြတ်သန်းခွင့်ကောက်ခံမှုကို ရပ်ဆိုင်းခဲ့ခြင်းဖြစ်သည်။

ဘူတာကြီးသည် ၇၈ လမ်းနှင့် ၇၉လမ်းကြား၊ ၂၇ လမ်းမှ ၃၄ လမ်းထိ တောင်မြောက် အလျားလိုက်တည်ရှိနေပြီး အနောက်ဘက်နှင့် အရှေ့ဘက်သို့ ဖြတ်သန်းနိုင်ရန် လမ်း ၃၀ တွင် ဘူတာကြီးကိုဖြတ်လျက် ယာဉ်များသွားလာနိုင်ရန် ခုံးကျော်တံတားကို မြန်မာ့မီးရထားမှ ၂၀၀၀ ပြည့်နှစ်က စတင်တည်ဆောက်ခဲ့ပြီး ယာဉ်ဖြတ်သန်းခကောက်ခံခဲ့ကြောင်း သိရသည်။

ခုံးကျော်တံတားဖြတ်သန်းခကို နံနက် ၆ နာရီမှ ည ၉ နာရီထိ ကောက်ခံခဲ့ပြီး ဆိုင်ကယ်တစ်စီးလျှင် ငွေကျပ် ၅၀၊ မော်တော်ယာဉ်တစ်စီးလျှင် ငွေကျပ် ၁၀၀ သတ်မှတ်၍ တင်ဒါလုပ်ကိုင်ခွင့်ချထားပေးခဲ့ရာမှ ၂၀၁၈ ခုနှစ် ဇွန်လ ၁ ရက်နေ့မှစတင်၍ ကောက်ခံခြင်းမပြုတော့ဘဲ အခမဲ့ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

❖ *ကျောဖုံးမှ*

Family Kit များ ပေးဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

မိမိသဘောဆန္ဒဖြင့် ပြန်လည်ဝင်ရောက်လာသူ ၆၂ ဦးအား နှစ်နိုင်ငံသဘောတူညီချက်ပါ လုပ်ငန်းစဉ်များအတိုင်း ငါးခုရမှတစ်ဆင့် လှဖိုးခေါင်ကြားစခန်းတွင် ခေတ္တနေထိုင်စဉ်ကာလအတွင်း နိုင်ငံတော်အနေဖြင့် ၎င်းတို့၏နေရပ်သို့ ပြန်နိုင်ရေးအတွက် လိုအပ်သောလုပ်ငန်းစဉ်များကို စီစဉ်ဆောင်ရွက်နေစဉ် ၎င်းတို့ထဲမှ ၁၀ ဦးမှာ စခန်းမှ မိမိတို့အစီအစဉ်ဖြင့် နေရပ်များသို့ ထွက်ခွာသွားခဲ့ကြသည်။

ကျန်ရှိသူ ၅၂ ဦးအား ၎င်းတို့၏နေရပ်များသို့ ပြန်လည်ပို့ဆောင်နိုင်ရန် သက်ဆိုင်ရာ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ စနစ်တကျလွှဲအပ်ခြင်း၊ မှတ်တမ်းတင်ခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

လူမှုဝန်ထမ်းဦးစီးဌာနက ပြည်နယ်ညွှန်ကြားရေးမှူး ဦးဆောင်သောအဖွဲ့သည် အဖွဲ့ဝင်များ ဖွဲ့စည်းကာ နေရပ်ပြန်သူများအား လူမှုဖြစ်ရပ်စီမံခန့်ခွဲမှု၊ လူမှုကာကွယ်စောင့်ရှောက်မှုနှင့် လူမှုပေါင်းစည်းနည်းပညာများဖြင့် ဆက်လက်ပံ့ပိုးကူညီပေးကြရန် စီစဉ်ထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် မေ ၃၁**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမမြောက်နေ့သို့ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် နိုင်ငံတကာဆက်ဆံရေးပညာဌာနမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ National Enlightenment Institute မှ ဆရာ၊ ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ၊ မြောက်ဥက္ကလာပမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များ၊ National Democratic Institute မှ နယ်သာလန်နိုင်ငံသား သင်တန်းဆရာနှင့် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် လာရောက်လေ့လာကြသည့်ပြည်သူများ စုစုပေါင်း ၃၇၆ ဦး တက်ရောက်ခဲ့သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ လွှတ်တော်သို့လာရောက်လေ့လာသူပေါင်း ၃၇၆၁၉ ဦး ရှိကြောင်း၊ လွှတ်တော်သို့ လာရောက်လေ့လာလိုပါက ပြည်ထောင်စုလွှတ်တော်ရုံး၊ ပြည်သူ့လွှတ်တော်ရုံးနှင့် အမျိုးသားလွှတ်တော်ရုံးတို့မှ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံ လိပ်မူ၍ သုံးရက်ကြိုတင်ပေးပို့နိုင်ပါကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျူးကျော်များရှင်းလင်းရေးနှင့် စက်မှုဇုန်များ အဆင့်မြှင့်တင်ရေးကို တစ်ချိန်တည်း အရှိန်အဟုန်ဖြင့် လုပ်ဆောင်နေ

ရန်ကုန် မေ ၃၁

**ကျူးကျော်များရှင်းလင်းရေးနှင့် စက်မှုဇုန်များအဆင့်မြှင့်တင်ရေးကို တစ်ချိန်တည်းတစ်ပြိုင်တည်းအရှိန်အဟုန်ဖြင့် လုပ်ဆောင်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြောကြားသည်။**

ယနေ့ကျင်းပသော ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် အစည်းအဝေးတွင်လှိုင်သာယာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် (ခ) ဦးဦးဝင်းမောင်၏ ကြယ်ပွင့်ပြမေးခွန်းကို ပြန်လည်ဖြေကြားရာတွင် တိုင်းဒေသကြီးဝန်ကြီးက ထိုသို့ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင်(ခ) ဦးဦးဝင်းမောင်က ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှုဇုန်များ အဆင့်မြှင့်တင်ရေးကြီးကြပ်မှုကော်မတီအနေဖြင့် လှိုင်သာယာစက်မှုဇုန်များအပါအဝင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိစက်မှုဇုန်များ ဖွံ့ဖြိုးတိုးတက်အောင် မည်ကဲ့သို့သောလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော်နေခြင်း ရှိ၊ မရှိနှင့် စက်မှုဇုန်များ အဆင့်မြှင့်တင်ရေးကြီးကြပ်မှုကော်မတီအနေဖြင့် မည်သည့်ကဏ္ဍများကို အဆင့်မြှင့်တင်ဆောင်ရွက်နေသည်ကိုသိရှိလိုပါကြောင်း။

ရန်ကုန်တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က ပြန်လည်ဖြေကြားရာတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန် ၂၉ ဇုန်ကို အဆင့်မြှင့်တင်ရန် စက်မှုဇုန်များ အဆင့်မြှင့်တင်ရေးကြီးကြပ်မှုကော်မတီကို ၂၀၁၇ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါကြောင်း၊ ကနဦးဆန်းစစ်မှုများအနေဖြင့် လှိုင်သာယာစက်မှုဇုန်၊ တောင်ဒဂုံစက်မှုဇုန်နှင့် ရွှေပြည်သာစက်မှုဇုန်များအား လေ့လာခဲ့ပါကြောင်း၊ လှိုင်သာယာစက်မှုဇုန်တွင် လည်ပတ်နေသော စက်ရုံအရေအတွက်နှင့် အလုပ်သမားဦးရေမှာ အခြားဇုန်များနှင့်နှိုင်းယှဉ်လျှင်များပြားပြီး လမ်းများအခြေအနေဆိုးဆိုးရွားရွားပျက်စီးနေခြင်းမရှိသော်လည်း ကျူးကျော်မှုများပြားခြင်းသည် အဓိကပြဿနာဖြစ်နေပြီး ထိုကျူးကျော်တဲများ များပြားခြင်းကြောင့် အမှိုက်နှင့်ရေမြောင်းပိတ်ဆို့ခြင်းကို ဆောင်ရွက်ရန် အခက်အခဲရှိပါကြောင်း၊ လှိုင်သာယာစက်မှုဇုန်တွင် ရင်းနှီးမြှုပ်နှံသူများအတွက် လိုအပ်သည့်လုံခြုံရေးအနေအထားမြှင့်တင်ရန် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီအနေဖြင့် လုံခြုံရေးဂိတ်တံခါးများတည်ဆောက်ပြီး ဝန်ထမ်းများ ခန့်ထားခြင်းနှင့် စီစီတီဗွီတပ်ဆင်ဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ပါကြောင်း၊ တောင်ဒဂုံစက်မှုဇုန်သည် လှိုင်သာယာစက်မှုဇုန်နှင့်နှိုင်းယှဉ်လျှင် ကျူးကျော်၌ ပြောပလောက်အောင် မရှိသော်လည်း အခြေခံအဆောက်အအုံပိုင်းတွင် အဆင့်မြှင့်တင်ရန် ပြုပြင်မှုများစွာလိုအပ်နေပါကြောင်း၊ ရေနုတ်မြောင်းနှင့်လမ်းများပိတ်ဆို့ခြင်းအပြင် မီးဘေးအန္တရာယ်ကင်းရှင်းရေးဆိုင်ရာများ ဆောင်ရွက်ရန် ရှိနေပါသေးကြောင်း၊ ရွှေပြည်သာစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီသည် စက်မှုဇုန် (၂၊ ၃၊ ၄) တို့ တွင် ကွန်ကရစ်လမ်းသစ်များဆောင်ရွက်ခြင်း၊ ကွန်ကရစ်ခင်းပြီးသောလမ်းများတွင် လုံခြုံရေးအတွက် လျှပ်စစ်မီးသွယ်တန်းခြင်းများကို ဆောင်ရွက်လျက်ရှိပြီး ရွှေပြည်သာစက်မှုဇုန်အပိုင်း (၂၊၃၊၄) တို့ရှိဝန်ထမ်းအိမ်ရာများတွင် လူမှုဖူလုံရေးဆေးခန်း ဖွင့်လှစ်ပြီး လူမှုဖူလုံရေးအာမခံလုပ်သားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ခြင်း၊ လုံခြုံရေးအရလိုအပ်ချက်များ၊ မီးသတ်ရေလှောင်ကန်ထားရှိနိုင်မှု အခြေအနေစသည့် လိုအပ်ချက်များရှိနေပါကြောင်း၊ စက်မှုဇုန်များ အဆင့်မြှင့်တင်ရာတွင် အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုလုပ်ငန်းသည် အဓိကကျလျက်ရှိရာ လက်ရှိကောက်ခံနေသော စီမံခန့်ခွဲမှုစရိတ်ဖြင့် ပြုပြင်ခြင်းနှင့် ထိန်းသိမ်းရေးဆောင်ရွက်ရန် မလွယ်ကူသဖြင့် ဇုန်အသီးသီး၏ ငွေကြေးကောက်ခံမှုနှုန်းထားနှင့် ဆောင်ရွက်ချက်များကို စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီနှင့်အတူ ပြန်လည်သုံးသပ်လျက်ရှိပါကြောင်း၊ စက်မှုဇုန်အတွင်း လုပ်ငန်းများ အဆင်ပြေစွာလုပ်ကိုင်နိုင်ရန်အတွက် တစ်နေရာတည်းတွင် အလုံးစုံဝန်ဆောင်မှုပေးနိုင်သည့် One Stop Service များ ထားရှိဆောင်ရွက်ရန် ဆွေးနွေးဆောင်ရွက်ရာတွင် ဇုန်အလိုက် လည်ပတ်လုပ်ကိုင်နေသည့် လုပ်ငန်းနှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်သည့်ဌာနများကိုထားရှိရန် ဆွေးနွေးလျက်ရှိပါကြောင်း၊ တောင်ဒဂုံစက်မှုဇုန်နှင့် ဆွေးနွေးရာတွင် အဓိကဆောင်ရွက်လုပ်ကိုင်ရန် လိုအပ်သည့်ဌာနများမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ စက်မှုကြီးကြပ်ရေးဌာန၊ အလုပ်သမားရေးရာဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ဖြစ်ပါကြောင်း၊ တောင်ဒဂုံစက်မှုဇုန်တွင် အဆိုပါဌာန ခြောက်ခုပါဝင်သည့် One Stop Service ဖွင့်လှစ်ဆောင်ရွက်ပေးရန် စီစဉ်လျက်ရှိပါကြောင်း၊ အခြားစက်မှုဇုန်များတွင်လည်း အလျဉ်းသင့်သလို ဖွင့်လှစ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လတ်တလောတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ လိုက်လံစစ်ဆေးဆောင်ရွက်လျက်ရှိရာ လိုက်နာမှုမရှိသည့် စက်ရုံအလုပ်ရုံများအား ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းနှင့် ပညာပေးခြင်းများကို တောင်ဒဂုံစက်မှုဇုန်တွင် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ စက်မှုဇုန်များတွင် လုပ်ကိုင်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် အသစ်ဝင်ရောက်ရင်းနှီးမြှုပ်နှံမည့် လုပ်ငန်းများအတွက် လိုက်နာဆောင်ရွက်ရန် ပြည်ထောင်စုမှ ပြဋ္ဌာန်းထားသောစက်မှုဇုန်များလိုက်နာရမည့် တည်ဆဲဥပဒေများကိုစုစည်း၍ စက်မှုဇုန်လက်စွဲအဖြစ် စုစည်းထားပြီးဖြစ်ကြောင်း၊ စက်မှုဇုန်လက်စွဲအသုံးပြုခြင်းနှင့် ပတ်သက်ပြီး Stakeholder Workshop များကိုလည်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ တောင်ဒဂုံစက်မှုဇုန် (၁၊ ၂၊ ၃) အတွက် စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီကို ပြန်လည်ဖွဲ့စည်းရန်အတွက် စက်မှုဇုန်ဘက်မှ အဆိုပြုသူ၊ အစိုးရဌာနဆိုင်ရာများမှ သတ်မှတ်မည့်သူများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ပေးအပ်မည့်သူများအား ထည့်သွင်းဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ဇုန်အတွင်းအသုံးမပြုရသေးသည့် စက်မှုမြေများကိုလည်း စာရင်းပြုစုထားပြီး အဆိုပါမြေများကို ရေရှည်ဖွံ့ဖြိုးမှုအတွက် ဆွေးနွေးဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း၊ သို့ဖြစ်ရာစက်မှုဇုန်များအဆင့်မြှင့်တင်ရေးတွင် ဝန်ဆောင်မှုလုပ်ငန်းပိုင်း၊ အခြေခံအဆောက်အအုံအပိုင်းနှင့် အသုံးမပြုရသေးသည့် မြေများအားဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်ရန် တွန်းအားပေးလျက်ရှိပါကြောင်း ဖြေကြားခဲ့သည်။



လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်အနီးမှ ကျူးတဲများကို တွေ့ရစဉ်။ ဓာတ်ပုံ-သစ္စာ

ထို့ပြင် တိုင်းဒေသကြီးဝန်ကြီးက ဆက်လက်ဖြေကြားရာတွင် ကျူးကျော်များ ရှင်းလင်းရေးနှင့် စက်မှုဇုန်များ အဆင့်မြှင့်တင်ရေးတို့သည် အရေးကြီးပြီး တစ်ပြိုင်နက်တည်းဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်သည့်အတွက် အချိန်အတိအကျမပြောနိုင်သော်လည်း တစ်ချိန်တည်းတစ်ပြိုင်တည်း အရှိန်အဟုန်ဖြင့် လုပ်ဆောင်နေပါကြောင်း ဖြေကြားခဲ့သည်။ **ထင်ပေါ်ဝင်း(ကမာရွတ်)**

# ဆေးလိပ်နှင့် ဆေးရွက်ကြီးပစ္စည်း သောက်သုံးခြင်းကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူခုနစ်သန်းခန့် သေဆုံးနေ

နေပြည်တော် မေ ၃၁

**ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၁၈)ကို မေ ၃၀ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအစည်းအဝေးခန်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြင့်ထွေး တက်ရောက်အမှာစကား ပြောကြားသည်။**

ပြည်ထောင်စုဝန်ကြီးက အစည်းအဝေး၏ အဓိကရည်ရွယ်ချက်သည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (SDG) ပြည့်မီရေးအတွက် ဆေးလိပ်နှင့် ဆေးရွက်ကြီး ထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းမဟာဗျူဟာ (FCTC 2030 strategy) ကိုနှီးနွှယ်ဆက်စပ်နေသော ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် ဆွေးနွေး၍ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန်နှင့် မြန်မာနိုင်ငံ အခြေအနေနှင့် လိုက်လျောညီထွေ ဆောင်ရွက်သွားနိုင်ရန် အတွက်ဖြစ်ကြောင်း။

ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးမှုနှင့် ဆက်နွှယ်ပတ်သက်သောရောဂါများနှင့် နောက်ဆက်တွဲပြဿနာများကြောင့် ကျန်းမာရေးအသုံးစရိတ် အမြောက်အမြားနှစ်စဉ် ကုန်ကျလျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုစနစ်အပေါ် ဝန်ထုပ်ဝန်ပိုးကြီးသဖွယ် ဖြစ်နေကြောင်း။

**မြန်မာနိုင်ငံသည် ဆေးလိပ်သောက်သုံးမှုမြင့်မား**

ဆေးလိပ်နှင့်ဆေးရွက်ကြီး သောက်သုံးခြင်းကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ် လူခုနစ်သန်းခန့် သေဆုံးနေရကြောင်း၊ လူကိုးသိန်းခန့်သည် ကိုယ်တိုင်ဆေးလိပ်မသောက်သော်လည်း ပတ်ဝန်းကျင်ရှိ အခြားဆေးလိပ်သောက်သုံးသူများကြောင့် ရောဂါများဖြစ်ပွား သေဆုံးလျက်ရှိကြောင်း၊ ၂၀၁၄ ခုနှစ်က ပြုလုပ်ခဲ့သော စစ်တမ်းအရ မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်သုံးသူ ၂၆ ဒသမ ၁ ရာခိုင်နှုန်း၊ ဆေးရွက်ကြီးနှင့်ကွမ်းစားသုံးသူ ၄၃ ရာခိုင်နှုန်းနှင့် ၂၀၁၆ ခုနှစ် Global Youth Tobacco survey စစ်တမ်းအရ အသက် ၁၃ နှစ်၊ ၁၅ နှစ် လူငယ်အမျိုးသားများကြားတွင် ဆေးလိပ်သောက်သုံးမှုနှုန်းသည် ၂၆ ဒသမ၃ ရာခိုင်နှုန်းနှင့် မိန်းကလေးများတွင် ၃ ဒသမ ၇ရာခိုင်နှုန်းရှိ၍ မြန်မာနိုင်ငံသည် သောက်သုံးမှုမြင့်မားသော နိုင်ငံတစ်ခုဖြစ်ကြောင်း။

ဤကဲ့သို့ ဆေးလိပ်သောက်သုံးသူ များနေခြင်းသည် ဆေးလိပ်များ အလွယ်တကူဝယ်ယူရရှိနိုင်ခြင်း၊ ဥပဒေတွင် အသက် ၁၈ နှစ်မပြည့်သူများကို ရောင်းချခွင့်မရှိသော်လည်း လက်တွေ့အခြေအနေတွင် မည်သူမဆိုဝယ်ယူရရှိနိုင်ခြင်းများကြောင့်ဖြစ်ကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးအန္တရာယ်ကို သိရှိရှောင်ရှားနိုင်ရန်အတွက် ပြည်သူလူထု၏ ကျန်းမာရေး အသိပညာမြင့်မားလာရေးအတွက် နှီးနွှယ်ဝန်ကြီးဌာနများ ပူးပေါင်း၍ ဆောင်ရွက်ရန်လိုအပ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှုထိန်းချုပ်ရေး ဥပဒေကို ၂၀၀၆ ခုနှစ် မေလ ၄ ရက်နေ့မှာ ပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေအရ သူတစ်ပါးရဲ့ဆေးလိပ်ငွေ့ရှူရခြင်းမှ ကင်းဝေးစေရန် ဆေးလိပ်မသောက်ရသည့်နေရာသတ်မှတ်ခြင်း၊ ဆေးလိပ်ကြော်ငြာများကို လုံးဝပိတ်ပင်တားမြစ်ခြင်း၊ အရွယ်မရောက်သေးသော ကလေးသူငယ်များအား ဆေးလိပ်ရောင်းချမှုကိုတားမြစ်ခြင်း၊ ဆေးလိပ်ထုပ်ပိုးရာတွင် ကျန်းမာရေးသတိပေးချက်ပါရှိစေခြင်းတို့ ပါဝင်ကြောင်း၊ အချို့ဥပဒေပါအချက်အလက်များ အသက်ဝင်ရန်မည်ကဲ့သို့ ဆောင်ရွက်သင့်သည်ကို အကြံပြုတင်ပြပေးစေလိုကြောင်း။

ဆေးလိပ်နှင့်ဆေးရွက်ကြီးအပေါ် အခွန်တိုးမြှင့်ကောက်ခံပြီး ရရှိလာသော အခွန်များကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် ပြန်လည်ခွဲဝေနိုင်ရန် အခြားနိုင်ငံများ၏ အတွေ့အကြုံများကို လေ့လာရန်လိုအပ်ကြောင်း၊ နယ်စပ်ဒေသမှ တရားမဝင်ဆေးလိပ်တင်သွင်း ရောင်းချမှုများကိုလည်း ထိန်းချုပ်ရန် လိုအပ်ကြောင်း။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေး အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း FCTC 2030 စီမံချက်အရ နိုင်ငံတကာနှင့်ကုလသမဂ္ဂအဖွဲ့မှ လေးနှစ်တာ ကူညီထောက်ပံ့ပေးသွားရန် ၁၅ နိုင်ငံရွေးချယ်ခဲ့ရာ မြန်မာနိုင်ငံလည်း တစ်နိုင်ငံအပါအဝင်ဖြစ်ကြောင်း၊ ထိုစီမံချက်မဟာ ဗျူဟာနှင့်ပတ်သတ်၍ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို မကြာမီပြုလုပ်သွားမည်ဖြစ်ကြောင်း။

ဤဗဟိုအဖွဲ့အနေဖြင့် ဆေးလိပ်သောက်သုံးမှုနှင့် ဆေးလိပ်သောက်သုံးမှုဆိုးကျိုးအန္တရာယ်စက်ဝန်းကို မည်သည့်နေရာများတွင် လျှော့ချဖြတ်တောက်သင့်သည်ကို လက်တွေ့ကျသော အကြံပြုချက်များပေးစေလိုပြီး အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်ရေး**

ယင်းနောက် UNDP Bangkok Regional Hub မှ Policy Specialist Mr. Kazuyuki Uji မှ ဆေးလိပ်နှင့်ဆေးရွက်ကြီး ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ကိုပြည့်မီရန် အထောက်အကူပြုပုံကို လည်းကောင်း၊ ညွှန်ကြားရေးမှူး (မကူးစက်) ဒေါက်တာကျော်ကံကောင်းက မြန်မာနိုင်ငံမှ ဆောင်ရွက်လျက်ရှိသော ဆေးလိပ်နှင့်ဆေးရွက်ကြီးထိန်းချုပ်ရေးလုပ်ငန်းအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ဒုတိယရှေ့နေချုပ်ဦးဝင်းမြင့်နှင့်နှီးနွှယ်ဝန်ကြီးဌာနများမှ ဗဟိုအဖွဲ့ဝင်များက မိမိတို့ဝန်ကြီးဌာနအလိုက်၊ ဦးစီးဌာနအလိုက်၊ ဆောင်ရွက်နေမှုအခြေအနေများ၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ တွေ့ကြုံနေရသည့်အခက်အခဲများနှင့် အကြံပြုချက်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(မကူးစက်) ဒေါက်တာ မြလေးနွယ်က မေလမှ ဇူလိုင်လများအတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ဗဟိုအဖွဲ့၏ သဘောတူညီချက်ရယူသည်။

ထို့နောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး (မကူးစက်) ဒေါက်တာကျော်ကံကောင်းက ဗဟိုအဖွဲ့၏ အမည်စာရင်းကိုအဆိုပြုခြင်း၊ အတည်ပြုခြင်းနှင့် ဗဟိုအဖွဲ့၏လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ချင်းပြည်နယ် ကျောင်းအပ်နှံရေးနေ့အခမ်းအနား ဟားခါး၌ ကျင်းပ

**ဟားခါး မေ ၃၁**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် ချင်းပြည်နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၁ နံနက် ၉ နာရီက ဟားခါးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်တိုက်ချွန်းခန်းမ၌ ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ ချင်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ချင်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ NGO/INGO နှင့် လူမှုရေးအသင်းအဖွဲ့များ၊ ပညာရေးဌာနမှတာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ဟားခါးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား/သူများက“ကျောင်းသို့သွားကြစို့”အဖွင့်သီချင်းသီဆိုကြသည်။

**အလေးအနက်ထားဆောင်ရွက်**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်က အမှာစကား ပြောကြားရာ၌ ကျောင်းအပ်နှံရာတွင် အသက်ငါးနှစ်ပြည့်သူတိုင်း သူငယ်တန်း (KG)တွင် လည်းကောင်း၊ အသက်ခြောက်နှစ်ပြည့်သူတိုင်း ပထမတန်း (Grade1)တွင်လည်းကောင်း ကျောင်းအပ်နှံနိုင်ရေးနှင့် ကျောင်းအပ်သည့်အခါ မည်သည့်ငွေကြေးမျှ ကောက်ခံခြင်း၊ လက်ဆောင်ပစ္စည်းများပေးကမ်းခြင်း၊ လက်ခံမှုမပြုလုပ်ရန်၊ ဆရာ ဆရာမများအနေဖြင့် စာသင်ချိန်ဇယားအတိုင်း ပုံမှန်သင်ကြားပေးပြီး ကျောင်းသား ကျောင်းသူများအား တာဝန်ယူတာဝန်ခံဆောင်ရွက်တတ်သော၊ တီထွင်ကြံဆတတ်သော၊ စွမ်းဆောင်နိုင်သော လူသားကောင်းများ ဖြစ်လာစေရန် အလေးအနက်ထား ဆောင်ရွက်ကြရန်နှင့် ကျောင်းထွက်သူ လုံးဝမရှိစေရေးနှင့် အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်ကလေးများအားလုံး အဆင့်မြင့်ပညာသို့ ဆက်လက်သင်ယူနိုင်ရေးအတွက် ကျောင်းသားမိဘများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် ထည့်သွင်းမှာကြားပြီး ပြည်နယ်ပညာရေးမှူး ဒေါ်နှင်းကြည်က ကျောင်းအပ်နှံရေးနေ့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**ထောက်ပံ့ပစ္စည်းများပေးအပ်**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောင်းသုံးစာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြရာ ပြည်နယ်ပညာရေးမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ဟားခါးမြို့အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက “ပညာသည်သာရတနာ” သီချင်းသီဆိုကြသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ၊ ချင်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကျောင်းအပ်နှံမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**ကျေးလက်ဒေသများတွင် မှုခင်းဖြစ်ပွားမှု လျော့နည်းစေရေးအတွက် နေပြည်တော် လယ်ဝေးမြို့နယ် သစ်ပုတ်ပင်နယ်မြေရဲစခန်းမှူး ရဲအုပ်မြင့်ဆွေက မေ ၃၀ ရက်က မင်းပြင်အုပ်စုလယ်မကျေးရွာ ဘုန်းတော်ကြီးကျောင်း၌သက်ငယ်မုဒိမ်းမှု လျော့နည်းစေရေး အသိပညာပေးဟောပြောစဉ်။**
မင်းမင်းလတ် (ရှုပဗေဒ)



## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ်၊ မေလ ၂၄ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိတစ်ပတ်အတွင်း ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | သမိုင်းစက်ဝန်း | မောင်သန်းဆွေ (ထားဝယ်) | ၂၅၀၀ | နန်းဒေဝီ |
| ၂ | ကိုယ်တိုင်ရေးရောင်စုံ ပန်းချီကားတစ်ချပ် | အေးပရယ်ယုနိုင် (ရွှေတောင်) | ၂၀၀၀ | ရှင်မတောင် |
| ၃ | ကင်ဆာလူနာများ အတွက်လက်တွေ့ကျကျ မေးခွန်းနှင့်အဖြေများ | ဒေါက်တာလွှမ်းမိုးဟန် | ၂၅၀၀ | ရှင်မတောင် |
| ၄ | ခေတ်ကဗျာ (၁၈၈၅ - ၁၉၇၀) | ဦးဟုန်ဝမ် (ကထိက-ငြိမ်း) | ၁၅၀၀ | ရှုဝံ |
| ၅ | မျှော်လင့်ချက်ခရီးပင်လယ် | ကိုအောင်(မြောက်ဦး) | ၅၀၀၀ | ဆုပြည့်စုံထွန်း |
| ၆ | အန်ဒရေဂျီလိပ်ပြာများ | မင်းဆွေနှစ်(မုံရွာ) | ၂၀၀၀ | နှစ်ကာလများ |
| ၇ | ဒေါ်အောင်ဆန်းစုကြည်သို့ ပညာရေးဆိုင်ရာ အကြံပြုချက်များ | ကောင်းသန့် | ၂၀၀၀ | ကောင်းသန့် |
| ၈ | တိုင်းရင်းဆေးပညာ အခြေခံခေတ်ကြီးလေးပါး | ဦးဝင်းဇော်(သုံးဆယ်) | ၁၅၀၀ | စိတ်ကူးချိုချို |
| ၉ | ဘုံတစ်ကွေ့မှာ ဆုံတွေ့ရသူများ | မြတ်ငြိမ်း | ၃၀၀၀ | စိတ်ကူးချိုချို |
| ၁၀ | လွယ်ကူလေ့လာ ရာဇသတ်ကြီးဋီကာ | ဦးအယ်လင်စိန်မောင် | ၃၀၀၀ | Wisdom House |
| ၁၁ | အနန္တမေတ္တာထာဝရသစ္စာ | မနောမယပတ္တမြား | ၄၀၀၀ | ဓမ္မခေါင်းလောင်း |
| ၁၂ | ယုံကြည်မှုစွမ်းအား ဆောင်းပါးအထွေထွေ | မေချို | ၃၀၀၀ | ဆုပြည့်စုံထွန်း |
| ၁၃ | မြို့မငြိမ်းနှင့် သူ့အနုပညာ | သန်းအောင်ခိုင် | ၄၅၀၀ | စိတ်ကူးချိုချို |
| ၁၄ | အောင်မြင်ဖို့အချိန် | ချစ်နိုင်(စိတ်ပညာ) | ၂၀၀၀ | နိုင်စာပေ |
| ၁၅ | နေ့ | တင်မောင်မြင့် | ၂၄၀၀ | ကံ့ကော်ဝတ်ရည် |
| ၁၆ | ကြက်သွန်ဖြူအကြောင်း သိကောင်းစုံလင် | စိုးမြင့်ဒွတ်း (အာယုဗ္ဗေဒ-ဂုဏ်ထူး) | ၂၅၀၀ | ဖြူသဇင် |
| ၁၇ | ယုန်ရုပ်ဖန်တုံးလေး | ရဲမြလွင် | ၃၅၀၀ | ကွမ်းခြံလမ်း |
| ၁၈ | ပြာသောကြယ်ကို ဂုဏ်ပြုခြင်း | မောင်ကိုကို (အမရပူရ) | ၃၅၀၀ | ကျော်စိုးမိုး |
| ၁၉ | ကာလစည်းကမ်းသတ် အက်ဥပဒေ သိကောင်းစရာများ | ဦးသိန်းကိုကို | ၅၀၀၀ | မနောဖြူ |
| ၂၀ | မန်နေဂျာလိုတွေးပါ မန်နေဂျာလိုမလုပ်ပါနဲ့ | မျိုးမင်းရန်အောင် | ၂၀၀၀ | စိတ်ကူးချိုချို |
| ၂၁ | ငြိမ်းချမ်းရေးခေါ်သံနှင့် အခြားနိုင်ငံတကာ ဝတ္ထုတိုများ | ဟံသာဝတီဦးဝင်းတင် | ၁၅၀၀ | စိတ်ကူးချိုချို |
| ၂၂ | ကြို့ထိုးရင် မကြောက်နဲ့နှင့်ဆေး လက်ဆောင်ပေးချင်တယ် | ဦးဝင်းဇော် (သုံးဆယ်) | ၁၅၀၀ | စိတ်ကူးချိုချို |
| ၂၃ | ရယ်မောခြင်းလက်ကျန် | မင်းလူ | ၂၅၀၀ | ငါတို့စာပေ |
| ၂၄ | ခိုဖြူငှက်ကလေးဆီ အလည်သွားခြင်း | နေလွှကျားအိမ် | ၁၅၀၀ | မာန်ချောင်း |

ဆက်လက်ဖော်ပြပါမည်

# နှိုးဆော်လွှာ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၊ ရာဇသင်္ဂဟလမ်း၊ကံ့ကော်ပန်းအဝိုင်းအနီးတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီး အစဉ်ထာဝရငြိမ်းချမ်းရေးရရှိစေရန် ရည်သန်လျက် ခုနစ်ရက်သားသမီး အလှူရှင် ဘုရားဒါယကာ ဒါယိကာမများစုပေါင်း၍ **"ထာဝရငြိမ်းချမ်းရေးစေတီတော်"**ကို တည်ဆောက်ပူဇော်သွားမည် ဖြစ်ပါသည်။

ပါဝင်လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်-

| | | | |
|---|---|---|---|
| **ဦးသောင်းဝင်း** | ညွှန်ကြားရေးမှူး | သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန(ဝန်ကြီးရုံး)၊ရုံးအမှတ် (၃၁)၊နေပြည်တော် | ဖုန်း ၀၉-၄၂၀၇၀၁၄၆၃<br>၀၆၇၃-၄၀၆၂၇၆ |
| **ဦးမောင်မောင်မျိုး** | ညွှန်ကြားရေးမှူး နေပြည်တော်တိုင်း သာသနာရေးမှူး | ထာဝရငြိမ်းချမ်းရေးစေတီတော် ပရိဝုဏ်၊နေပြည်တော် | ဖုန်း ၀၉-၂၁၃၂၁၉၀<br>၀၇၆၃-၅၅၀၁၈၃ |
| **ဦးကြင်ခိုင်** | ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်၊ကမ္ဘာအေးဘုရားဝင်း ရန်ကုန်မြို့ | ဖုန်း ၀၉- ၈၆၀၀၁၁၃<br>၀၉-၅၁၈၃၄၇၁<br>၀၁-၆၆၁၂၇၅ |
| **ဦးကျော်စိန်ဝင်း** | ညွှန်ကြားရေးမှူး | နိုင်ငံတော်ပရိယတ္တိသာသနာ့ တက္ကသိုလ်၊ ၆၂လမ်း၊ မန္တလေးမြို့ | ဖုန်း ၀၉- ၂၀၀၀၁၀၀<br>၀၉- ၄၃၁၂၅၃၇၃<br>၀၂- ၆၁၁၁၃ |

**ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးဦးစီးကော်မတီ**


# ၂၀၁၈ ခုနှစ်၊ (၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတင်းမီဒီယာများ တက်ရောက်နိုင်

**နေပြည်တော် မေ ၃၁**

၂၀၁၈ ခုနှစ်၊ (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမတွင် ဇွန်လ ၂၀ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကျင်းပမည်ဖြစ်ပါသည်။

ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် အဆိုပါပြပွဲသို့ ဇွန်လ ၂၀ ရက်နေ့မှ ၂၃ ရက်နေ့အထိ ဝင်ရောက်သတင်းရယူနိုင်မည်ဖြစ်ပြီး ပြပွဲအရောင်းစာရင်းအချက်အလက်များနှင့် ပတ်သက်၍ မဏိရတနာကျောက်စိမ်းခန်းမရှိ နဝရတ်ကိုးသွယ်ဂိတ်၌ ဇွန်လ ၂၉ ရက်နေ့ ညနေပိုင်းတွင် သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ပြုလုပ်နိုင်ရေးအတွက် ဇွန်လ ၁၅ ရက်နေ့ နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ ပေးပို့ရမည်ဖြစ်ပါသည်။ သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲနှင့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ဖုန်း -၀၆၇ ၄၁၂၁၂၅၊ ၄၁၂၁၂၆ သို့လည်းကောင်း၊ ၂၀၁၈ ခုနှစ်၊ (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ၊ စီမံရေးရာလုပ်ငန်းကော်မတီ၊ ဖုန်း- ၀၆၇ ၄၁၄၄၉၇၊ ၄၁၄၄၉၈ သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း သိရသည်။

**သတင်းစဉ်**

# ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် မဟာသမယအခါတော်နေ့ကျင်းပ

**ပြည် မေ ၃၁**

နှစ်စဉ်ကျင်းပမြဲဖြစ်သော အကြိမ်(၄၀)မြောက် မဟာသမယအခါတော်နေ့ အခမ်းအနားကို မေ ၂၉ ရက်က ပြည်မြို့ ရွှေဆံတော်ရင်ပြင်တော်ရှိ မြတ်စွယ်တော်တိုက်၌ ကျင်းပသည်။ အခမ်းအနားတွင် ဇောတိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိ အမှူးပြုသော ဆရာတော်သံဃာတော်များက မေတ္တာသုတ်ပရိတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး အလှူ့ကျေါပက ဦးအောင်စိုးက သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယကဆရာတော်ကြီးက မဟာသမယအခါတော်နေ့အကြောင်းကို ဟောကြားတော်မူကာ လှူဒါန်းမှုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **မြင့်နိုင်(ပြည်)**

▲ *ကျောဖုံးမှ*

စုစုပေါင်းအသင်း ၃၀ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရအုပ်စု (က) တွင် တရုတ်၊ ဥဇဘက်ကစ္စတန်၊ ဂျော်ဒန်၊ ဂူအမ်၊ သီရိလင်္ကာ၊ အုပ်စု (ခ) တွင် လာအို၊ အိန္ဒိယ၊ ဟောင်ကောင်၊ ပါကစ္စတန်၊ မွန်ဂိုလီးယား၊ အုပ်စု(ဂ)တွင် ထိုင်း၊ အီရန်၊ မြောက်မာရီယာနာကျွန်းစု၊ စင်ကာပူ၊ တာဂျစ်ကစ္စတန်၊ အုပ်စု(ဃ)တွင် ဩစတြေးလျ၊ ထိုင်ဝမ်၊ ကာဂျစ္စတန်၊ ပါလက်စတိုင်း၊ အင်ဒိုနီးရှား၊ အုပ်စု (င) တွင် ဖိလစ်ပိုင်၊ မြန်မာ၊ မလေးရှား၊ နီပေါ၊ ဆီးရီးယား၊ အုပ်စု (စ)တွင် ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ယူအေအီး၊ ဘာရိန်းနှင့် လက်ဘနွန်အသင်းတို့ ပါဝင်နေသည်။

မြန်မာအသင်းပါဝင်သည့် အုပ်စု (င)ပွဲစဉ်များကို နီပေါနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး စက်တင်ဘာတွင် ကျင်းပမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပသည့်ပုံစံအရ ထိပ်ဆုံးခြောက်သင်းနှင့် အကောင်းဆုံး အုပ်စုဒုတိယနေရာရ နှစ်သင်းမှာ ဒုတိယအဆင့်ခြေစစ်ပွဲသို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ မြန်မာအသင်းသည်ခြေစစ်ပွဲ အုပ်စုပွဲများအဖြစ် စက်တင်ဘာ ၁၅ ရက်တွင် မလေးရှား၊ စက်တင်ဘာ ၁၉ ရက်တွင် နီပေါ၊ စက်တင်ဘာ ၂၁ ရက်တွင် ဆီးရီးယား၊ စက်တင်ဘာ ၂၃ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ဖိုးသော်ဇင်**

### ဘဏ္ဍာရေးနှစ်အလိုက် မြန်မာနိုင်ငံ၏ ကျန်းမာရေးအသုံးစရိတ် တိုးမြှင့်သုံးစွဲမှုအခြေအနေ




● *ကျောဖုံးမှ*

ဇူလိုင် ၉ ရက်တွင် မလေးရှားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ အုပ်စုအနေအထားအရ မြန်မာအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန် အခြေအနေကောင်းနေပြီး ရှေ့သုံးပွဲတွင် ရလဒ်ကောင်းပါက မလေးရှားနှင့် နောက်ဆုံးပွဲမှာ အုပ်စု ပထမနေရာအတွက် အဆုံးအဖြတ်ပွဲ ဖြစ်လာမည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းသည် ယင်းပြိုင်ပွဲယှဉ်ပြိုင်ရန် မေ ၁၀ ရက်မှစ၍ လေ့ကျင့်မှုများပြုလုပ်လျက်ရှိပြီး လက်ရှိအချိန်တွင် ကစားသမား ၂၈ ဦးဖြင့် လေ့ကျင့်လျက်ရှိသည်။ မြန်မာ ယူ-၁၉ အသင်းသည် ယင်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ပြည်တွင်းခြေစမ်းပွဲ နှစ်ပွဲယှဉ်ပြိုင်ကစားထားပြီး ဇွဲကပင်အသင်းကို သုံးဂိုး-နှစ်ဂိုး၊ ရတနာပုံအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ မြန်မာ ယူ-၁၉ အသင်းသည် ဇွန်တတိယပတ်တွင် ထိုင်းနိုင်ငံသို့ သွားရောက်လေ့ကျင့်ရန် စီစဉ်ထားပြီး ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ရုရှားနိုင်ငံသွားရောက်မည့် မြန်မာလူငယ်များအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ တွေ့ဆုံအားပေး

**ရန်ကုန် မေ ၃၁**



ရုရှားနိုင်ငံ မော်စကိုမြို့တွင် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲမတိုင်မီ ကျင်းပမည့် Football For Friendship Program လူငယ်ဘောလုံးပွဲတော်၊ လူငယ်ဖိုရမ်များနှင့် ကမ္ဘာ့ဖလား အဖွင့်ပွဲစဉ်သို့ သွားရောက်ပါဝင်ဆင်နွှဲမည့် မြန်မာလူငယ်အဖွဲ့အား မေ ၃၀ ရက်တွင် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က နိုဗိုတယ်ရန်ကုန်မက်စ် ဟိုတယ်တွင် တွေ့ဆုံအားပေးခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်သည် မြန်မာလူငယ်များအား တိုင်းပြည်အတွက် အားထားရသည့် မျိုးဆက်သစ်များ ဖြစ်လာစေရန်၊ နိုင်ငံတကာပွဲ အတွေ့အကြုံများရရှိပြီး ကောင်းမွန်စွာ အသုံးချတတ်စေရန် ညွှန်ကြားခဲ့သည်။ အဆိုပါ Football For Friendship Program သို့ မြန်မာဘောလုံးအကယ်ဒမီမှ ထူးချွန်ကျောင်းသား မောင်မင်းခန့်သူ (Young Footballer) နှင့် မောင်သန့်တေဇာ (Young Journalist) တို့ ဇွန် ၈ ရက်မှစ၍ ရုရှားနိုင်ငံ မော်စကိုမြို့သို့ သွားရောက်ပါဝင် ဆင်နွှဲကြမည်ဖြစ်သည်။ လူငယ်ဘောလုံးပွဲတော် ချန်ပီယံရှစ်ပြိုင်ပွဲသို့ ကမ္ဘာ့နိုင်ငံပေါင်း ၂၁၀ ကျော်မှ တစ်သင်းလျှင် ကစားသမား ခြောက်ဦးစီဖြင့် ဖွဲ့စည်းထားသည့် အသင်းများဖြင့် ဖွဲ့စည်းယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မြန်မာကစားသမား မင်းခန့်သူသည် နောက်တန်းကစားသမားအဖြစ် မော်ဒိုဗာ၊ ဆာမိုဟာ၊ ပါကစ္စတန်၊ စပိန်၊ ပီရူးစသည့် နိုင်ငံများမှ ကစားသမားများနှင့်အတူ Gharial အသင်းတွင် ပါဝင်ကစားရမည်ဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-MFF**

# မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း ဇွန် ၄ ရက်တွင် စတင်လေ့ကျင့်မည်

**ရန်ကုန် မေ ၃၁**

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၁၉ အာရှယူ-၁၉ အမျိုးသမီးခြေစစ်ပွဲ (ပထမအဆင့်) ဝင်ရောက်ယှဉ်ပြိုင်ရန် ဇွန် ၄ ရက်တွင် လေ့ကျင့်မှုစတင်ပြုလုပ်မည်ဖြစ်သည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းကို ပဏာမကစားသမား ၃၃ ဦးဖြင့် ဖွဲ့စည်းထားပြီး လက်ရှိအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်နေသည့် ကလပ်အသင်းများမှ အသက်မီသည့် ကစားသမားများအပြင် အား/ကာသိပ္ပံများမှ ကစားသမားများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြိုင်ပွဲမှ ကစားသမားများ ပါဝင်နေသည်။ ယင်းအသင်းကို **နည်းပြချုပ်**အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်မည်ဖြစ်ပြီး **လက်ထောက်နည်းပြ**အဖြစ် ဒေါ်စန်းစန်းမော်၊ **ဂိုးနည်းပြ**အဖြစ် ဦးအောင်ကျော်ကျော်တို့က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲအတွက် အချိန်ယူပြင်ဆင်မည်ဖြစ်ပြီး ခြေစစ်ပွဲမတိုင်မီ လိုအပ်သည့်ပြင်ဆင်မှုများနှင့် ပြည်တွင်း၊ ပြည်ပ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းပါဝင်သည့် ခြေစစ်ပွဲပထမအဆင့် အုပ်စု(စ)ပွဲစဉ်များကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ယင်းအုပ်စုတွင် မြန်မာ၊ အီရန်၊ ပါလက်စတိုင်း၊ လာအိုတို့ ပါဝင်နေသည်။ ခြေစစ်ပွဲပထမအဆင့်ကို အုပ်စုခြောက်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ ထိပ်ဆုံးခြောက်သင်းနှင့် အကောင်းဆုံးအုပ်စုဒုတိယနေရာရ နှစ်သင်းတို့ နောက်တစ်ဆင့် တက်ခွင့်ရမည်ဖြစ်ပြီး ဒုတိယအဆင့်ကို လေးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ ၂၀၁၉ အာရှ ယူ-၁၉ ပြိုင်ပွဲကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ထိုင်းအသင်းသည် နောက်ဆုံးအဆင့်ပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရထားသော်လည်း ပထမအဆင့်ခြေစစ်ပွဲတွင် ယှဉ်ပြိုင်မည်ဖြစ်ကာ ဒုတိယအဆင့် တက်ရောက်မည့်အသင်းတွင် ပါဝင်ခဲ့ပါက အကောင်းဆုံးအုပ်စု ဒုတိယနေရာအတွက် တွက်ချက်ရာတွင် အဆင့်(၃) နေရာရအသင်းအထိပါ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်သည်။

မြန်မာအသင်းသည် ခြေစစ်ပွဲ ပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၄ ရက်တွင် လာအိုအသင်း၊ အောက်တိုဘာ ၂၆ ရက်တွင် ပါလက်စတိုင်းအသင်း၊ အောက်တိုဘာ ၂၈ ရက်တွင် အီရန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ **ရဲရင့်ရှိုင်း**

# အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၃၁**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသော ၂၀၁၈ ခုနှစ် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် လူထုစုပေါင်းလမ်းလျှောက်ပွဲနှင့် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် အားကစားနှင့်ကာယပညာဦးစီးဌာန ရုံးအမှတ်(၃၁) စုပေါင်းခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်နှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များသည် လူထုစုပေါင်းလမ်းလျှောက်ပွဲကို သတ်မှတ်အင်အားအတိုင်း ပါဝင်ဆင်နွှဲသွားမည်ဖြစ်ပြီး အားကစားပြိုင်ပွဲများကို တာဝန်ရှိသူများထံ ပြန်လည်တင်ပြပြီး သတ်မှတ်ရက်အတိုင်း ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် သက်ဆိုင်ရာ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်အသီးသီးမှ တာဝန်ရှိသူများသည် ယခင်နှစ်များအတိုင်း ပြိုင်ပွဲဝင် စည်းမျဉ်း၊ စည်းကမ်းများကို ရေးဆွဲချမှတ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နိဂုံးချုပ်အမှာစကား ပြောခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၁ -၆- ၂၀၁၈ (သောကြာနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
၉း ၁၀ - "မြန်မာ့ရိုးရာ လက်မှုအနုပညာ"(ချိန်ခွင်လုပ်ငန်း)"
၁၀း ၃၀ - လူမှုစီးပွားမြင်ကွင်းများ
၁၁း၂၅ - အလုပ်သမားရေးရာ အစီအစဉ်
၁၁း၅၀ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ငှါကိုနမ်းတဲ့ မုန်တိုင်း" (လွှမ်းပိုင်၊ ရဲရင့်အောင်၊ ဖွေးဖွေး၊ နေအောင်၊ ရဲအောင်၊ မြတ်ကေသီအောင်)
၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း -၂၇)
၁၃း၁၅ - ငြိမ်းချမ်းရေးဂီတ ပွဲတော် ထုတ်လွှင့်မှု အစီအစဉ် (Level- II) (ပွဲစဉ် -၃) (နေပြည်တော်) (တတိယပိုင်း)

**ညပိုင်း**

၁၆း၃၅ - "Weekly MNL Review (Week-12)"
၁၇း၀၅ - ကျန်းမာရေးမဂ္ဂဇင်း "အရေးပေါ်ဆီးချို၊ သွေးချိုတက်လျှင် ဘယ်လိုကုသရမလဲ" (အပိုင်း-၂)
၁၇း၂၀ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၅၄)
၁၇း၃၅ - Weekly Sport Info
၁၈း၂၀ - ရုပ်ရှင်ရိုက်မယ် "အသစ်တစ်ဖန် (Restart)၊ အမေနှင့်သူမ၏မိခင် (Mon and her mother)"
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ကြမ္မာနွံ" (အပိုင်း -၂၈) (မင်းဦး၊ ဖိုးသောကြာ၊ စုလှိုင်နှင်း၊ စိုးစန္ဒာကျော်၊ (ဇော်ဇော်) (ဒါရိုက်တာ-အောင်သြဘာ)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာ သတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - "ဝန်းကျင်သဘာဝ မျှလိုက သစ်ပင်စိုက်ကြ ဝသန်ကာလ"
- America's Got Talent
- ဟာသရုပ်စုံစင်တော်ကြီး

# လားရှိုးမြို့၌ လက်နက်နှင့် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် မေ ၃၁

**လားရှိုးမြို့နယ် မန်ဆာပန်ဝကျေးရွာအနီး တပ်မတော်မှ နယ်မြေရှင်းလင်းစဉ်မူးယစ်ဆေးဝါးချက်လုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် လက်နက်များ ဖမ်းဆီးရမိခဲ့သည်။**



လားရှိုးမြို့နယ် မန်ဆာပန်ဝကျေးရွာအနီး မေ ၂၅ ရက် မွန်းတည့် ၁၂ နာရီတွင်တပ်မတော်မှ နယ်မြေရှင်းလင်းစဉ် တဲနှစ်လုံးအားတွေ့ရှိပြီး အရပ်ဝတ်ဖြင့် လူခြောက်ဦးမှာ တဲအတွင်းမှ ထွက်ပြေးသွား၍ ဆက်လက်ရှာဖွေရာ တဲအနီးရှိ ဒေါင်ဖန်းဖောယာဉ်အတွင်းမှ အောင်မြတ်(ခ) အားတီကို လည်းကောင်း၊ တဲအတွင်းမှ အိုက်စ်တစ်ကီလို၊ ဆူဒိုအက်ဖီဒရင်းအမှုန့် ၇ ဒသမ ၅ ကီလို၊ ဟိုက်ဒြိုကလိုရစ်အက်စစ် ၅၅ လီတာ၊ ဆိုဒီယမ်ဟိုက်ဒြောဆိုက် ၁၅၀၀ ကီလို၊ အက်စစ်တစ်အင်ဟိုက်ဒရိုဒ် လီတာ ၄၀၊ သိုင်အိုနိုင်းကလိုရိုဒ် အရည် ၁၆ လီတာ၊ တာတာရစ်အက်စစ်အမှုန့်ကီလို ၂၀၊ အရောင်ဆိုးဆေးအမှုန့် လေးကီလို၊ ဆား ၄၀၀ ကီလို၊ ပလတ်စတစ်ကပ်ခွာ အိတ်ငယ် ၁၆၂၅၀ အိတ်၊ အမြင့် လေးပေခန့်ရှိ ဂက်(စ်)အိုး(အကြီး)အလုံး ၄၀၊ ဂက်(စ်)အိုး(အလတ်) ၃၂ လုံး၊ အမြင့် သုံးပေခန့်ရှိဂက်(စ်)အိုး(အသေး) ၁၉ လုံး၊ မီးစက်တစ်လုံး၊ မော်တာတပ်ဆင်ထားသည့် မွှေစက်တစ်လုံး၊ ပလတ်စတစ်အိတ်ပိတ်စက်တစ်လုံး၊ ခာတ်ခွဲခန်းသုံး ခေါင်းစွပ်လေးခု၊ အခြောက်ခံသံဇလား သုံးခု၊ ပွိုင့် ၂၂ မောင်းပြန်ရိုင်ဖယ်တစ်လက်၊ ကျည်အိမ်တစ်ခု၊ ပွိုင့် ၂၂ ကျည်ရှစ်တောင့်၊ အမ်-၂၂ ကျည် ၄၃ တောင့်၊ အမ်-၂၂ ကျည်အိမ်(အရှည်) နှစ်ခု၊ အမ်-၂၂ ကျည်အိမ်(အတို)တစ်ခု၊ လက်ပစ်ဗုံးတစ်လုံး၊ အီကွေးမင့်တစ်စုံနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိသဖြင့် **(အပေါ်ပုံ)** ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဝိုင်းမော်၌ ဘိန်းဖြူမှုန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ဝိုင်းမော် မေ ၃၁**

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်ကျေးရွာအနီး ဝိုင်းမော်- ဗန်းမော်သွားကားလမ်းပေါ်တွင် မေ ၃၀ ရက် မွန်းလွဲ ၁ နာရီက သတင်းအရရှာဖွေစစ်ဆေးရာမှ ငွေကျပ်သိန်း ၅၆၀ကျော် တန်ဖိုးရှိ ဘိန်းဖြူမှုန့်နှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၃၀ ရက် မွန်းလွဲပိုင်းက မူးယစ်တပ်ဖွဲ့စု(၂)မြစ်ကြီးနားမှ ရဲအုပ်ဖန်အောင် ဦးစီးတပ်ဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ် ရွှေညောင်ပင်ကျေးရွာ ဝိုင်းမော်- ဗန်းမော်သွားကားလမ်းမနှင့် ရွှေညောင်ပင်- တာလောကြီးသွားလမ်းဆုံတွင် သတင်းအရစောင့်ဆိုင်းနေစဉ် မြစ်ကြီးနားမြို့ အေးမြသာယာရပ်ကွက်လမ်းသွယ် ၁၇ နေမနှင်းနှင်းအေး (၃၆ နှစ်) အား အထုပ်တစ်ထုပ်ဆွဲ၍ ရပ်နေသည်ကို တွေ့ရှိရ၍ ရှာဖွေစစ်ဆေးရာ ၎င်းကိုင်ဆောင်ထားသည့် လက်ဆွဲအိတ်အတွင်းမှ ဆပ်ပြာခွက်တစ်ခွက်လျှင် ဘိန်းဖြူ ၁၁ ဂရမ်စီပါ ၄၄ ခွက် (အလေးချိန် ၄၈၄ ဂရမ်)နှင့် WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၃၉ ပြားစုစုပေါင်း တန်ဖိုးငွေကျပ်သိန်း ၅၆၂ ၃၇၀၀၀နှင့်အတူ မြန်မာငွေကျပ် ၉၀၀၀၀၊ မူးယစ်ဆေးဝါးရောင်းဝယ်ရာတွင် အသုံးပြုသည့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ မူးယစ်ဆေးဝါးသယ်ဆောင်သူ မနှင်းနှင်းအေးကို ဝိုင်းမော်မြို့မရဲစခန်း၌ ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# တာဝန်ကျ စည်ပင်ဝန်ထမ်းအား ဆဲဆိုထိုးကြိတ်သူကို အရေးယူ

**ဝမ်းတွင်း မေ ၃၁**

ဝမ်းတွင်းမြို့နယ်တွင် တာဝန်ဆောင်ရွက်နေသည့် စည်ပင်ဝန်ထမ်းအား ဆဲဆိုထိုးကြိတ်သူအား ပုဒ်မနှစ်ခုဖြင့် အရေးယူထားကြောင်း သိရသည်။

ဝမ်းတွင်းမြို့မြို့နယ်စည်ပင်သာယာရေးအဖွဲ့ စည်းကမ်းထိန်းသိမ်းရေး(၃) ဦးစံဦးသည် မေ ၃၀ နံနက် ၄ နာရီခန့်က မြို့နယ်စည်ပင်သာယာရုံး၌ တာဝန်ထမ်းဆောင်နေစဉ် မြို့နယ်ဒုဦးစီးမှူး ဦးဆန်းဝင်း၏ ညွှန်ကြားချက်အရ ဝမ်းတွင်းမြို့နယ်အတွင်းသို့ နယ်ကျော်ဝက်သားများ သယ်ဆောင်နေမှုကို စိစစ်ဖမ်းဆီးရန် ကိုင်းကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရွှေတောင်နယ်မြေရဲစခန်းမှ တပ်ကြပ်ကြီး ထွန်းနိုင်၊ လိုင်စင်ရယူထားသူ ဒေါ်စန်းမွှေး၊ ကိုကျော်စိုး၊ ကိုဝင်းအောင်၊ ကိုစည်သူလွင်တို့နှင့်အတူ မိုးကောင်းကျေးရွာအနီးတွင် စောင့်ဆိုင်းနေစဉ် ကူမဲမြို့ဘက်မှ ဝမ်းတွင်းမြို့ဘက်သို့ ဆင်ချီတိုင်ကျေးရွာနေသူ ဦးအုန်းမောင် (၄၈ နှစ်)က သုံးဘီးဆိုင်ကယ်ဖြင့် ဝက်သားများအား သယ်ဆောင်လာစဉ် ဖမ်းဆီးရမိသဖြင့် ဦးစံဦးက မြို့နယ်ဒုတိယဦးစီးမှူး ဦးဆန်းဝင်းထံသို့ သတင်းပို့ခဲ့ရာ ဦးဆန်းဝင်းရောက်ရှိလာပြီး ကူမဲမြို့ဘက်မှ သားသတ်လိုင်စင်ရရှိသူ ကိုဖိုးသားနှင့် ဝမ်းတွင်းမြို့မှ သားသတ်လိုင်စင်ရရှိသူ ဒေါ်စန်းမွှေးတို့ဆန္ဒအရ ညှိနှိုင်းဆောင်ရွက်ရန်ပြောကြားခဲ့ပြီး ၎င်းတို့မှ မြောက်ကိုင်ကျေးရွာ စာသင်ကျောင်းသို့ ထွက်ခွာသွားရာ ဦးစံဦးနှင့်အတူ ကိုစည်သူလွင်၊ ကိုဝင်းအောင်တို့မှ ဝက်သားများ ဖမ်းဆီးသည့်နေရာတွင် ကျန်ရစ်ခဲ့စဉ် ကျော်သက် (၃၄ နှစ်) ဆင်ချီတိုင်ကျေးရွာ ဝမ်းတွင်းမြို့နေသူ ရောက်ရှိလာပြီး ဦးစံဦးအား ဆဲဆို၍ လက်သီးဖြင့် ထိုးခဲ့ရာ ဦးစံဦးတွင် ဝဲဘက်မျက်ခုံးဖူးရောင် ဒဏ်ရာတစ်ချက်ရရှိခဲ့သဖြင့် ပြည်သူ့ဝန်ထမ်းအား တာဝန်ဝတ္တရားဆောင်ရွက်ခြင်းမှ ဟန့်တားရန် အလိုအလျောက်နာကျင်စေမှု ဖြစ်စေခဲ့သူ ကျော်သက်အားဥပဒေအရ အရေးယူပေးပါရန် ဦးစံဦးက တရားလိုပြုလုပ်တိုင်တန်းခဲ့သည့်အတွက် ကျော်သက်အား ရွှေတောင်နယ်မြေရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# ဦးကိုနီ လုပ်ကြံခံရမှုနှင့်ပတ်သက်၍ တိုင်းတရားလွှတ်တော်မှ အမှုတွဲများ ခရိုင်တရားရုံး ပြန်ရောက်လာခြင်းမရှိသေးသဖြင့် ရုံးချိန်းနှစ်ပတ်ထပ်မံချိန်း

**ရန်ကုန် မေ ၃၁**

တရားလွှတ်တော်ရှေ့နေ ဦးကိုနီအား သေနတ်ဖြင့်ပစ်ခတ်လုပ်ကြံခံရမှုနှင့် ပတ်သက်၍ သေနတ်သမား ကြည်လင်းနှင့် ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်နှင့် ဇေယျာဖြိုး၊ အချုပ်လွတ်အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ ရန်ကုန်မြောက်ပိုင်းခရိုင် အထူးတရားခုံရုံးသို့ ယနေ့နံနက် ၁၀ နာရီက ရုံးထုတ်စစ်ဆေးရန် ရောက်ရှိသော်လည်း စစ်ဆေးမှုပြုလုပ်နိုင်ခြင်းမရှိသေး၍ တရားရုံးလုပ်ထုံးလုပ်နည်းနှင့်အညီ ရက်သတ္တနှစ်ပတ်ပြန်လည်ချိန်းဆိုထားကြောင်း သိရသည်။

အဆိုပါ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၃၀၂/၃၄/၁၂၂ လူသတ်မှုနှင့် ရာဇဝတ်ကြီးအမှုအမှတ် ၄၆/၂၀၁၇ လက်နက်များ အက်ဥပဒေပုဒ်မ ၁၉(ဃ)(စ) အရ စစ်ဆေးမှုကိစ္စရပ်များ၌ သတင်းနှင့် ပြန်ကြားရေးတာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က "ကျွန်တော်တို့ အထူးခုံတရားရုံးက စစ်ဆေးနေတဲ့ ဦးကိုနီလုပ်ကြံခံရမှု အမှုတွဲအားလုံးဟာ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်ကို တင်ပို့ထားတဲ့အတွက် ပြန်လည်ရောက်ရှိလာခြင်းမရှိသေးတဲ့အတွက် သာမန်ရုံးချိန်းသာ နှစ်ပတ်တစ်ကြိမ် ဇွန် ၁၄ ရက် ကြာသပတေးနေ့ကို ချိန်းဆိုထားပါတယ်"ဟုပြောသည်။

မီဒီယာများ၏မေးမြန်းချက်များအပေါ် ပြောကြားရာတွင်" ဒီအမှုဟာ ရုံးချိန်းပေါင်း ၅၆ ချိန်း အမှုကတရားခံပြေး ဦးအောင်ဝင်းခိုင်ရဲ့ဇနီး ဒေါ်နီနီခိုင်က ဦးအောင်ဝင်းခိုင်ရဲ့အိမ်ပစ္စည်းတွေ ဝရမ်းကပ်တာနဲ့ပတ်သက်ပြီး ကန့်ကွက်လိုကြောင်း တင်ပြတာရှိပါတယ်၊ ဒါကို အထူးခုံရုံးဥက္ကဋ္ဌက ညွှန်ကြားလိုက်တာ ရှိပါတယ်၊ တရားခံပြေးကိုအောင်ဝင်းခိုင် ပိုင်ဆိုင်တဲ့ပစ္စည်းတွေဝရမ်းကပ်စဉ်တုန်းက ဒေါပုံမြို့နယ်မှာရှိတဲ့အတွက် မတ် ၁၅ ရက်မှာထုတ်ဆင့်ခဲ့တာဖြစ်လို့ သက်ဆိုင်ရာ ဒေါပုံမြို့နယ်တရားခွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးကတစ်ဆင့် ဝရမ်းကပ်တဲ့ကိစ္စကို လုပ်ရတယ်၊စီမံခန့်ခွဲရေးအာဏာရှိ တရားသူကြီးကနေထပ်ဆင့် လက်မှတ်ထိုးပြီးမှ ခရိုင်တရားရုံး ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၈(၂)အရ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း အထူးခုံရုံး ဥက္ကဋ္ဌက ရှင်းပြခဲ့ပါတယ်"ဟု ၎င်းကပြောသည်။

ဆက်လက်ပြီး ထပ်မံရှင်းလင်းရာ"ဝရမ်းနဲ့ပတ်သက်လို့ တောင်းဆိုချက်၊ ကန့်ကွက်ချက်ရှိမယ်ဆိုရင် ဝရမ်းကပ်ပြီး ခြောက်လအတွင်း လျှောက်ထားနိုင်တယ်၊ လျှောက်တဲ့အခါ ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၈၈(၆-ခ) အရ ဥပဒေပြဋ္ဌာန်းချက်နဲ့အညီ ဝရမ်းကို မူလထုတ်ဆင့်ထားတဲ့ မြောက်ပိုင်းခရိုင်တရားရုံးမှာသော်လည်းကောင်း၊ ထပ်ဆင့် လက်မှတ်ထိုးထားတဲ့ အရှေ့ပိုင်းခရိုင်တရားရုံးမှာသော်လည်းကောင်း တင်ပြလျှောက်ထားနိုင်တဲ့အကြောင်း နည်းလမ်းတကျ တင်ပြတောင်းဆိုဖို့ ရှင်းလင်းမှာကြားလိုက်ပါတယ်" ဟု ထပ်မံပြောကြားသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# အမိုနီယမ်နိုက်ထရိတ်အိတ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အားဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၃၀ ရက်တွင် မန္တလေး- မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၂၈၄ စီး၊ သွင်းကုန် ၉၄၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၄ စီး၊ သွင်းကုန် ၁၆၂ စီးကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၃၀ ရက်က ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှုလေးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၂၉ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုငါးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅ ဒသမ ၃၆ သန်းခန့် စုစုပေါင်းတားဆီးမှုကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅ ဒသမ ၆၅ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။



ထူးခြားဖမ်းဆီးမှုအနေဖြင့် မေ၃၀ ရက်တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးမှုများ ဆောင်ရွက်စဉ်မစ်ဆူဘီရှီ ဖူဆိုထရပ်ယာဉ်အား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် အမိုနီယမ်နိုက်ထရိတ် (၉၉ ဒသမ ၃၉ရာခိုင်နှုန်း) (၃၃၅ အိတ်) (၁၆၇၁၀ ကီလိုဂရမ်ခန့် )နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၂ ဒသမ ၅၃၂ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လှိုင်သာယာ ရွှေသရဖီရှော့ဟောက်အနီး ရေမြောင်းအတွင်း အမျိုးသားအလောင်းတွေ့ရှိ

**ရန်ကုန် မေ ၃၁**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အောင်မြေသာယာဘုရားလမ်းနှင့် အမှတ် ၆ ရပ်ကွက် အောင်စန္ဒာလမ်းစုံရှိ ရွှေသရဖီရှော့ဟောက်အနီး ရေမြောင်းအတွင်းမှ အမျိုးသားအလောင်းတစ်လောင်း မေ ၃၁ ရက် ညနေ ၄ နာရီခွဲကတွေ့ရှိကြောင်း သိရသည်။

မေ ၂၇ ရက်မှစ၍ ရွာသွန်းခဲ့သောမိုးကြောင့် အဆိုပါရေမြောင်းမှာ ရေပြည့်လျက်ရှိပြီး အမှိုက်များနှင့်ရောနေသည့်အတွက် ရုပ်အလောင်းကိုထင်ထင်ပေါ်ပေါ်မတွေ့ရှိခဲ့ဘဲ ယနေ့နေသာသောနေ့တွင် ရေများကျဆင်းပြီးနောက် အလောင်းကိုမှောက်ခုံအတိုင်း ဆော့ကစားနေသောကလေးငယ်တို့မှစတင်တွေ့ရှိခဲ့ကြောင်း၊ သေဆုံးရသည့်အကြောင်းရင်းနှင့် နေထိုင်သည့်ရပ်ကွက်အား မြို့နယ်ရဲတပ်ဖွဲ့မှ စုံစမ်းလျက်ရှိကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

## ကိယက်ဗ်တွင် အသတ်ခံရသည့် ရုရှားသတင်းထောက်တကယ်မသေ

**ကိယက်ဗ် မေ ၃၁**

ယမန်နေ့က သတင်းများတွင် သေဆုံးခဲ့သည်ဟု ဖော်ပြခဲ့သော ရုရှားသတင်းထောက်မှာ အမှန်တကယ်မသေဘဲ အကွက်ချစီစဉ်မှုတစ်ခုသာ ဖြစ်ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ကိယက်ဗ်တွင် သေနတ်ဖြင့် ပစ်သတ်ခံရသည်ဟု သတင်းများတွင် ဖော်ပြခဲ့သော ရုရှားသတင်းထောက် အာခါဒီအီဘတ်ချန်ကိုသည် တကယ်မသေဘဲ ယူကရိန်းတွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် မကြာသေးမီက ပေါ်ထွက်လာခဲ့သည်။

၎င်း၏ဖြစ်ရပ်က ကမ္ဘာကြီးကို အံ့သြမင်သက်မှုဖြစ်ပွားစေခဲ့ကြောင်း၊ ၎င်းသေဆုံးသည်ဟုကြေညာပြီး ၂၄ နာရီမပြည့်မီတွင် ၎င်းကို ကိယက်ဗ်သတင်းစာရှင်းလင်းပွဲတွင် တွေ့မြင်လိုက်ရခြင်းဖြစ်သည်။

ရုရှားတပ်ဖွဲ့ကအခကြေးငွေပေးကာ ငှားရမ်းထားသော ကြေးစားလူသတ်သမားကို ဖမ်းရန်ယခုကဲ့သို့ လျှို့ဝှက်စွာပြုလုပ်ခဲ့ရကြောင်း ယူကရိန်းလုံခြုံရေးအကြီးအကဲ ဗက်ဆိုင်ဟာရစ်ဆက်ခ်က ပြောခဲ့သည်။ ယူကရိန်းအေဂျင်စီအနေဖြင့် ဘတ်ချန်ကိုသေဆုံးသည့်သတင်းကို ဖန်တီးခဲ့ကာ ၎င်းကိုသတ်ရန်ကြိုးစားခဲ့သော လူသတ်သမားများကို ဖမ်းဆီးရန် ကြိုးစားခဲ့ကြောင်း ဆိုသည်။

ရုရှားက အဆိုပါဖြစ်စဉ်ကို ရုရှားကို ဆန့်ကျင်သည့် ရန်စမှုဟု ဖော်ပြခဲ့သည်။ မေ ၂၉ရက်က ကရင်မလင်ဝေဖန်ရေးသမားနှင့် စစ်ရေးဆိုင်ရာ စာအုပ်ပေါင်းများစွာကို ရေးသားသူ ဘတ်ချန်ကိုသည် ပေါင်မုန့်ဝယ်ရန် အပြင်ထွက်စဉ် ၎င်း၏နောက်ကျောဘက်ကို သေနတ်ဖြင့် သုံးကြိမ်ပစ်ခတ်ခံခဲ့ရကြောင်း ယူကရိန်းရဲများက ပြောခဲ့သည်။ အစိုးရအရာရှိတစ်ဦးက အသက် ၄၁နှစ်ရှိ ဘတ်ချန်ကိုသည် ဆေးရုံသို့သွားစဉ် လူနာတင်ယာဉ်ပေါ်တွင် သေဆုံးခဲ့ကြောင်း ပြောခဲ့သည်။

သို့သော် မေ ၃၀ ရက်တွင် ဘတ်ချန်ကိုသည် ယူကရိန်းသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ခဲ့ပြီး ၎င်းကိုခြိမ်းခြောက်နေသည့် ခြိမ်းခြောက်မှုများကို စုံစမ်းစစ်ဆေးရန်အလို့ငှာ ၎င်းသေဆုံးသည့်ပုံပေါက်အောင် ယူကရိန်းရဲတပ်ဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါအစီအစဉ်ကို တစ်လကျော်ကြာအောင်အကွက်ချစီစဉ်ခဲ့ရကြောင်းပြောခဲ့သည်။

ဘတ်ချန်ကိုဖြစ်စဉ်တွင် လူတစ်ဦးကိုဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောခဲ့သည်။

"မိမိသူငယ်ချင်းနဲ့ ချစ်ခင်ရသူတွေကို လမ်းမခွဲချင်ဘဲ ခွဲခဲ့ရတဲ့အကြိမ်ပေါင်းမနည်းကြောင်း၊ ယင်းခံစားချက်ဟာ အလွန်နာကျင်ရတယ်ဆိုတာ သိပါကြောင်း၊ အထူးသဖြင့် မိမိ၏ ဇနီးအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း၊ အခြားရွေးချယ်စရာလမ်းမရှိ၍ ယခုကဲ့သို့လုပ်ဆောင်ခဲ့ရခြင်းဖြစ်ကြောင်း၊ ယခုလို အကွက်ချစီစဉ်လိုက်ခြင်းဖြင့် ၎င်းသေဆုံးခဲ့သည်ဟု လုပ်ကြံသတ်ဖြတ်သူများကို ထင်မြင်ယူဆစေပြီး ၎င်းတို့၏အစီအစဉ်အောင်မြင်သည်"ဟု မှတ်ယူသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

၎င်းကိုသတ်ဖြတ်ပေးရန်အတွက် ယူကရိန်းအရှေ့ပိုင်းရှိ တိုက်ခိုက်ရေးသမားကို အမေရိကန်ဒေါ်လာ ၃၀၀၀၀ (ပေါင် ၂၃၀၀၀) ခန့် ရုရှားအာဏာပိုင်များက ကမ်းလှမ်းခဲ့ရကြောင်းသိရသည်။ မိမိ၏ အလုပ်ကို အောင်မြင်စွာလုပ်ဆောင် နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် ယခုအချိန်အထိ အသက်ရှင်လျက်ရှိဆဲဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

## အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗား၌ စစ်သွေးကြွလေးဦးကို ဖမ်းဆီးနိုင်ခဲ့

**ဂျကာတာ မေ ၃၁**

အင်ဒိုနီးရှားနိုင်ငံတွင် အသေခံဗုံးဖောက်ခွဲမှုများ ဆက်တိုက်ဖြစ်ပွားပြီးနောက် အင်ဒိုနီးရှားနိုင်ငံ ရဲတပ်ဖွဲ့က စစ်သွေးကြွများအား ဖြိုခွင်းခဲ့ရာ အရှေ့ဂျာဗားပြည်နယ်၌ စစ်သွေးကြွ လေးဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ရဲတပ်ဖွဲ့က မကြာသေးမီတွင် ပြောခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် တင်းကျပ်သော အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအား ထုတ်ပြန်ခဲ့ပြီးနောက် မေ ၂၉ ရက်ညပိုင်းတွင် ဖမ်းဆီးမှုများဆောင်ရွက်ခဲ့ရာ မေ ၃၀ ရက်တွင် အကြမ်းဖက်စစ်သွေးကြွလေးဦးကို ဖမ်းဆီးနိုင်ခဲ့ကြောင်း ပရိဘွန်ဂိုမြို့ရဲချုပ် ဗာလေဆာမက်က ပြောခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံ အရှေ့ဂျာဗားရှိ စစ်သွေးကြွများ ပုန်းအောင်းနေထိုင်ရာ နေရာများကို စီးနင်းခဲ့ပြီးနောက် ရဲတပ်ဖွဲ့ဝင်များသည် လက်ပ်တော့များ၊ ပိုက်များ၊ အိတ်တစ်လုံးအပါအဝင် သက်သေအများအပြားကို သိမ်းဆည်းရမိခဲ့ကြောင်း ရဲချုပ်က ဆက်လက်ပြောကြားခဲ့သည်။




ဂျာဗားပြည်နယ် ဆူရာဘာမြို့နှင့် ရိုင်ယူပြည်နယ်တွင် ဖြစ်ပွားခဲ့သော အသေခံ တိုက်ခိုက်မှုများကြောင့် လူ ၃၂ ဦး သေဆုံးခဲ့ပြီး လူအများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

## အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးအစည်းအဝေးတွင် ပါဝင်ရန် မွန်ဂျယ်အင်း စဉ်းစားနေ

**ဝါရှင်တန် မေ ၃၁**

တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းသည် လာမည့်လတွင် ကျင်းပရန်စီစဉ်ထားသည့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့၏ ထိပ်သီးအစည်းအဝေးတွင် ပါဝင်ရန်စဉ်းစားနေကြောင်း သိရသည်။

အမေရိကန်နှင့် မြောက်ကိုရီးယားတို့သည် လာမည့်ဇွန်လတွင် ၎င်းတို့၏ ပထမဆုံး ထိပ်သီးအစည်းအဝေးကို ကျင်းပသွားရန် ရည်ရွယ်လျက်ရှိသည်။ နှစ်နိုင်ငံအာဏာပိုင်များသည် ပန်မွန်ဂျွန်အပစ်အခတ်ရပ်စဲရေးကျေးရွာနှင့် စင်ကာပူတို့တွင် ဆွေးနွေးပွဲများ ကျင်းပခဲ့ကြသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုသည် ကိုရီးယား အလုပ်သမားပါတီဒုတိယဥက္ကဋ္ဌ ကင်မ်ယောင်ချိုနှင့် ယခုရက်သတ္တပတ်နှောင်းတွင် နယူးယောက်၌ တွေ့ဆုံသွားမည် ဖြစ်သည်။ သမ္မတမွန်ဂျယ်အင်းသည် ပင်လယ်ရပ်ခြား ခရီးသွားလာမှုများနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်သည့် တောင်ကိုရီးယားသမ္မတရုံးမှ အာဏာပိုင်များ စင်ကာပူသို့ရောက်ရှိနေပြီ ဖြစ်ကြောင်း သိရသည်။

သမ္မတရုံးမှ သတင်းရင်းမြစ်များက မွန်ဂျယ်အင်းသည် စင်ကာပူသို့ သွားရောက်ရန် စဉ်းစားနေကြောင်း၊ သို့သော် ယင်းကိစ္စသည် အမေရိကန်နှင့် မြောက်ကိုရီးယားထိပ်သီးအစည်းအဝေး မည်သို့မည်ပုံကျင်းပမည်ဆိုသည့် အပေါ်တွင် မူတည်ကြောင်း အင်န်အိတ်ချ်ကေသို့ ပြောကြားခဲ့သည်။

### စိတ်အားထက်သန်

၎င်းသည် ထရန့်နှင့် ကင်ဂျုံအန်းတို့နှင့်အတူ သုံးပွင့်ဆိုင် ဆွေးနွေးပွဲတစ်ရပ်ကို တတ်နိုင်သမျှ မြန်မြန်ဆန်ဆန် ကျင်းပသွားရန် စိတ်အားထက်သန်လျက်ရှိကြောင်း သိရသည်။

### မျှော်လင့်နေ

တနင်္ဂနွေနေ့က ပြုလုပ်ခဲ့သည့် သတင်းစာရှင်းလင်းပွဲတွင် အမေရိကန်-မြောက်ကိုရီးယားထိပ်သီးအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ပြီး သုံးနိုင်ငံထိပ်သီးဆွေးနွေးမှုမှတစ်ဆင့် ကိုရီးယားစစ်ပွဲပြီးဆုံးကြောင်း ကြေညာနိုင်ရန် မျှော်လင့်နေကြောင်း မွန်ဂျယ်အင်းက အလေးအနက်ဖော်ပြခဲ့သည်။

**အင်န်အိတ်ချ်ကေ**




## အမေရိကန်က အီရန်အပေါ် ပိတ်ဆို့မှုအသစ်များ ချမှတ်



**ဝါရှင်တန် မေ ၃၁**

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ အစိုးရအဖွဲ့သည် အီရန်အခြေစိုက် လုပ်ငန်းဌာန အဆောက်အအုံများနှင့် တစ်ဦးချင်းပုဂ္ဂိုလ် ခြောက်ဦးတို့အား အီရန်အစိုးရအဖွဲ့က လူ့အခွင့်အရေးချိုးဖောက်မှုများ ပြုလုပ်ရာတွင် ပါဝင်ခဲ့သည်ဟုဆိုကာ ပိတ်ဆို့မှုများချမှတ်လိုက်ကြောင်း သတင်းရင်းမြစ်များက ဖော်ပြသည်။

အမေရိကန် ဘဏ္ဍာရေးဌာနက အသစ်ချမှတ်လိုက်သည့် ပိတ်ဆို့မှုများကို ဗုဒ္ဓဟူးနေ့တွင် ကြေညာခဲ့သည်။ အရေးယူပိတ်ဆို့မှုများတွင် အကျဉ်းသားများအား လျှပ်စစ်ရှော့ခ်တိုက်ခြင်းကဲ့သို့ ရက်စက်ကြမ်းကြုတ်သော နည်းလမ်းများကို အသုံးပြုသည်ဟု အမေရိကန်ကစွပ်စွဲခဲ့သည့် အီဗင်အကျဉ်းထောင်လည်း ပါဝင်ခဲ့သည်။

ဟာနစ်စတာ ပရိုဂရမ်ရေးဆွဲမှုအဖွဲ့သည် တီဟီရန်က စီမံထိန်းချုပ်ဆောင်ရွက်နေပြီး အီရန်နိုင်ငံသားများနှင့် နိုင်ငံတကာမှ အသုံးပြုသူများကို ခြေရာခံမှုများဆောင်ရွက်နေသည့် လူသိများသော မီဒီယာ အပလီကေးရှင်းဗားရှင်းအမျိုးမျိုးကို ဖြန့်ဖြူးနေသည်ဟု စွပ်စွဲထားခြင်းခံရပြီး ယင်းအဖွဲ့ကိုလည်း ပိတ်ဆို့မှုလုပ်ဆောင်ခဲ့သည်။

ဖော်ပြချက်၌ ဘဏ္ဍာရေးဝန်ကြီး စတီဗင်မြူချင်သည် အီရန်ကို ဝေဖန်ထိုးနှက်ခဲ့ပြီး အီရန်သည် အကြမ်းဖက်မှုများကို တင်ပို့မှုလုပ်ဆောင်နေပြီး ကမ္ဘာတစ်ဝန်း မတည်ငြိမ်အောင် လုပ်ဆောင်နေရုံသာမက နိုင်ငံအတွင်းရှိ ပြည်သူများ၏ အခွင့်အရေးကိုပါ ချိုးဖောက်နေသည်ဟု ပြောဆိုခဲ့သည်။

ထရန့်အစိုးရအဖွဲ့သည် အစိုးရဆန့်ကျင်သည့် ဆန္ဒဖော်ထုတ်မှုများအပေါ် ၎င်း၏ ထောက်ခံအားပေးမှုကို ကြိမ်ဖန်များစွာဖော်ပြခဲ့သည်။

ဆန္ဒဖော်ထုတ်မှုများသည် ဒီဇင်ဘာလနှင့် ဇန်နဝါရီလများအတွင်း အီရန်တစ်နိုင်ငံလုံးသို့ ပျံ့နှံ့ခဲ့သည်။

**အင်န်အိတ်ချ်ကေ**

## အာရပ်စော်ဘွားများပြည်ထောင်စု တရားရုံးတစ်ရုံးက နာမည်ကြီး လူ့အခွင့်အရေးလှုပ်ရှားသူ တစ်ဦးကို ထောင်ဒဏ် ၁၀ နှစ်ချမှတ်

**ဒူဘိုင်း မေ ၃၁**

အာရပ်စော်ဘွားများ ပြည်ထောင်စု တရားရုံးတစ်ရုံးက ထူးချွန်ဆုရ လူ့အခွင့်အရေးလှုပ်ရှားသူတစ်ဦးကို နိုင်ငံ၏ အဆင့်အတန်းနှင့် ဂုဏ်သိက္ခာကို ကျဆင်းစေမှုဖြင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် မေ ၃၁ ရက်က ဖော်ပြခဲ့သည်။

ထို့အတူ အဘူဒါဘီတရားရုံးက ထူးချွန်ဆုရ လူ့အခွင့်အရေးလှုပ်ရှားသူ အာမက်မန်ဆောကို ဒါဟန်တစ်သန်း (အမေရိကန်ဒေါ်လာ ၂၇၅၀၀၀) ခန့် ဒဏ်ရိုက်ခဲ့ကြောင်းနှင့် ၎င်းအား ထောင်ကလွတ်ပြီး နောက်ထပ်သုံးနှစ်ကြာ စောင့်ကြည့်မှုအောက်တွင် ထားရှိသွားမည်ဖြစ်ကြောင်း ပြည်တွင်းသတင်းများတွင် ဖော်ပြခဲ့သည်။



### ရေးသားဖော်ပြ

အသက် ၄၅ နှစ်ရှိ ထူးချွန်ဆုရ လူ့အခွင့်အရေးလှုပ်ရှားသူ အာမက်မန်ဆောသည် လူမှုမီဒီယာတွင် မမှန်သတင်းဖြန့်ကာ အိမ်နီးချင်းနိုင်ငံနှင့် ဆက်ဆံရေးကို ထိခိုက်စေခဲ့သည်ဟု သည်နေရှင်နယ်သတင်းတွင် ရေးသားဖော်ပြခဲ့သည်။

အာရပ်စော်ဘွားများပြည်ထောင်စုတွင် နိုင်ငံခြားသတင်းထောက်များကို ယင်းကဲ့သို့ တရားခွင်စစ်ဆေးမှုကို တက်ရောက်သတင်းရယူ ခွင့်မပြုကြောင်း ဖော်ပြခဲ့သည်။

မန်ဆောသည် အကြမ်းဖက်အဖွဲ့နှင့် ပူးပေါင်းကြံစည်ခြင်း အလျှင်းမရှိကြောင်း သိရသည်။

မန်ဆော၏ တရားရုံးရှေ့နေက အစောပိုင်းတွင် မန်ဆောသည် တရားစွဲဆိုမှုများမှ လွတ်မြောက်နိုင်ခြေရှိကြောင်း ပြောကြားခဲ့သည်။

၂၀၁၇ မတ်လတွင် မန်ဆောကို ဖမ်းဆီးခဲ့ခြင်းသည် လူ့အခွင့်အရေးစောင့်ကြည့်အဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့တို့ ဦးဆောင်သည့် နိုင်ငံတကာကို အုတ်အော်သောင်းတင်း ဖြစ်စေခဲ့သည်။

အသက် ၄၅ နှစ်ရှိ ကလေးလေးဦး၏ ဖခင်ဖြစ်သူ မန်ဆောသည် နိုင်ငံရေးနှင့် လူ့အခွင့်အရေးလှုပ်ရှားမှုအတွက် မာတင်အန်နယ်ဆုကို ၂၀၁၅ ခုနှစ်တွင် ရရှိခဲ့သည်။

**အေအက်ဖ်ပီ**

**နိုင်ငံတကာ သတင်းတိုထွာ**

## တာလီဘန် ၅၀ ခန့်ကို အမေရိကန်တပ်ဖွဲ့များ ရှင်းလင်းနိုင်ခဲ့

**ဖာရာ့ဟ် မေ ၃၁**

ဟယ်လ်မန့်ပြည်နယ် ဖာရာ့ဟ်မြို့၌ ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုများ၏နောက်ကွယ်မှ ကြိုးကိုင်သူများကို နှိမ်နင်းသည့် တိုက်ခိုက်မှုများကို အမေရိကန်တပ်ဖွဲ့များက ဆင်နွှဲခဲ့ရာ တာလီဘန်ခေါင်းဆောင် ၅၀ ခန့်ကို သုတ်သင်နိုင်ခဲ့ကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာနှင့် နေတိုးတပ်မှူး ဗိုလ်ချုပ်ဂျွန်နီကိုလ်ဆင်က မေ ၃၁ ရက်က ပြောခဲ့သည်။ ဖာရာ့ဟ်တိုက်ပွဲများဖြစ်ပြီးနောက် အာဖဂန်နှင့် အမေရိကန်တပ်ဖွဲ့များသည် တာလီဘန်တို့ကို ဆက်လက် လိုက်လံနှိမ်နင်းလျက်ရှိကြောင်း နီကိုဆင်က ပင်တဂွန်မှ ဗီဒီယိုချိတ်ဆက်မှုဖြင့် သတင်းထောက်များကို ပြောခဲ့သည်။

မရိန်းတပ်ဖွဲ့များ၏ လေ့လာမှုအရ တာလီဘန်တိုက်ခိုက်ရေးသမားများသည် ၎င်းတို့၏ ခြေကုပ်ယူရာ ဟယ်လ်မန့်သို့ ပြန်လည်ထွက်ခွာသွားခဲ့ကြောင်း၊ အဆိုပါနေရာသည် ဘိန်းစိုက်ပျိုးရာ အချက်အချာကျသောနေရာဖြစ်ကြောင်း သိရသည်။

မေ ၂၄ ရက်က တာဘီဘန်များကို မူဆာကွာလာရှိ တာလီဘန်ကွန်မန့်ဒ်စင်တာတွင် တွေ့ခဲ့ရသေးသည်။ ထိုသို့တာလီဘန်များတွေ့ဆုံခြင်းသည် ဖာရာ့ဟ်တွင် ပြုလုပ်မည့် အကြမ်းဖက်စစ်ဆင်ရေးအတွက် ကြိုတင်ဆွေးနွေးခြင်းဖြစ်နိုင်ကြောင်း၊ အဆိုပါတွေ့ဆုံပွဲသို့ တက်ရောက်ခဲ့သည့် တာလီဘန်များစွာ အကြမ်းဖက်ဖြစ်စဉ်တွင် ပါဝင်ခဲ့ကြောင်း ဗိုလ်ချုပ်နီကိုဆင်က ပြောခဲ့သည်။ တာဘီဘန်အုပ်စုတွင် ဆေးမှောင်ခိုကူးမှုများလည်းပါဝင်ကြောင်း နီကိုဆင်က ပြောခဲ့သည်။

**အေအက်ဖ်ပီ**

## အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးနှင့် ကင်ဂျုံအန်း၏ ညာလက်ရုံးတို့ ညစာစားပွဲတွင် တွေ့ဆုံ

**ဝါရှင်တန် မေ ၃၁**

အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအိုနှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်း၏ ညာလက်ရုံး ဗိုလ်ချုပ်ကြီး ကင်ဝေါင်ချိုတို့သည် ညစာစားပွဲတွင် တွေ့ဆုံခဲ့ကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် မေ ၃၁ ရက်က ဖော်ပြခဲ့သည်။

အမေရိကန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့သည် နောက်လ စင်ကာပူ၌ ကျင်းပမည့် နျူကလီးယားအရေး အစည်းအဝေးဖြစ်မြောက်ရေး အပြင်းအထန်ကြိုးစားနေသည့် အချိန်တွင် ယခုကဲ့သို့ မိုက်ပွန်ပီအိုနှင့် ကင်ဂျုံအန်း၏ ညာလက်ရုံးတို့ ညစာစားကာ ဆွေးနွေးခဲ့ကြခြင်း ဖြစ်သည်။

မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်း၏ ညာလက်ရုံးတစ်ဆူဖြစ်သည့် ဗိုလ်ချုပ်ကြီး ကင်ဝေါင်ချိုနှင့် မြောက်ကိုရီးယားထိပ်ပိုင်း အရေးပါသည့် ခေါင်း ဆောင်များသည် နယူးယောက်သို့ ရောက်ရှိလာခဲ့ကြောင်း အေအက်ဖ်ပီ သတင်းထောက်က ပြောခဲ့သည်။

**အေအက်ဖ်ပီ**

# လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ဇင်ဘာဘွေကျင်းပတော့မယ်

❖ **တင်လင်းအောင်** ❖

ဇင်ဘာဘွေနိုင်ငံမှာ သမ္မတသစ်ရွေးချယ်ခြင်းနဲ့ ပါလီမန်သစ်တစ်ခုပြန်လည်ဖွဲ့စည်းခြင်းကို လာမယ့်ဇူလိုင် ၃၀ ရက်မှာ ကျင်းပသွားမှာဖြစ်ကြောင်း မေ ၃၀ ရက်က ကြေညာခဲ့ပါတယ်။ ဒါဟာ အာဏာရှင်ခေါင်းဆောင် ရောဘတ်မူဂါဘီ ကျဆုံးပြီးကတည်းက ဇင်ဘာဘွေနိုင်ငံမှာ ပြုလုပ်မယ့် ပထမဆုံးအကြိမ် ရွေးကောက်ပွဲကျင်းပပြုလုပ်ခြင်း ဖြစ်ပါတယ်။

**တရားဝင်ကြေညာ**

အာဏာရှင်ခေါင်းဆောင် ရောဘတ်မူဂါဘီကျဆုံးပြီး ကတည်းက ဇင်ဘာဘွေနိုင်ငံရဲ့ အခြေအနေကို လက်ရှိသမ္မတ မနန်ဂွါကထိန်းသိမ်းခဲ့ပြီးနောက် လာမယ့် ဇူလိုင် ၃၀ ရက်မှာ ရွေးကောက်ပွဲသစ်တစ်ရပ် ကျင်းပဖို့ အစိုးရပြန်တမ်းမှာ သူကိုယ်တိုင် တရားဝင်ကြေညာခဲ့တာ ဖြစ်ပါတယ်။

၂၀၁၈ ခုနှစ် ဇူလိုင် ၃၀ ရက် တနင်္လာနေ့ဟာ သမ္မတရုံးအတွက် သမ္မတသစ်ရွေးချယ်တဲ့နေ့ ဖြစ်သလို အမျိုးသားလွှတ်တော် အဖွဲ့ဝင်များနဲ့ ကောင်စီဝင်တွေကို ရွေးကောက်တင်မြှောက်မယ့်နေ့လည်းဖြစ်ကြောင်း မနန်ဂွါက သူ့ရဲ့ အစိုးရကြေညာချက်မှာ ဖော်ပြခဲ့ပါတယ်။

တစ်ချိန်က မူဂါဘတ်ရဲ့ ညာလက်ရုံးတစ်ဆူဖြစ်ခဲ့တဲ့ မနန်ဂွါဟာ နိုဝင်ဘာလမှာ အသက် ၉၄ နှစ်ရှိ စစ်မှုထမ်းဟောင်းခေါင်းဆောင်ဖြစ်သူကို ပြတ်ပြတ်သားသား အနိုင်ရရှိခဲ့ပါတယ်။

ဖေဖော်ဝါရီမှာ မော်ဂန်ဆဗန်ဂီရိုင်းကွယ်လွန်သွားပြီးနောက် အသက် ၄၀ ရှိပြီဖြစ်တဲ့ နယ်ဆန်ချာမီဆာဦးဆောင်တဲ့ အဓိကအတိုက်အခံပါတီဖြစ်တဲ့ ဒီမိုကရေစီပြောင်းလဲရေး လှုပ်ရှားမှုပါတီ (အမ်ဒီစီ) ကို အသက် ၇၅ နှစ်ရှိ မနန်ဂွါက ဆန့်ကျင်ခဲ့ပါတယ်။

**အရေးကြီးရင် သွေးနီး**

မနန်ဂွါက လူမှုကွန်ရက်စာမျက်နှာဖြစ်တဲ့ တွစ်တာမှာ ဇင်ဘာဘွေနိုင်ငံသူ နိုင်ငံသားတွေဟာ အရေးကြီးရင် သွေးနီးတယ်လို့ ရေးသားဖော်ပြခဲ့ပါတယ်။

ဒီမိုကရေစီပြောင်းလဲရေး လှုပ်ရှားမှုပါတီ (အမ်ဒီစီ) က ရွေးကောက်ပွဲကျင်းပရေး အစိုးရကြေညာချက်ကို လက်ခံခဲ့သော်လည်း ရွေးကောက်ပွဲဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကို ရွေးကောက်ပွဲမကျင်းပမီ တစ်ခါတည်း အပြီးသတ် လုပ်ဆောင်သွားနိုင်ရေး တိုက်တွန်းခဲ့ပါတယ်။

**အမ်ဒီစီ ရွေးကောက်ပွဲအတွက် ကြိုတင်ပြင်ဆင်ထား**

ရွေးကောက်ပွဲ ဝင်ရောက်ရန် ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနိုင်မယ်လို့ မျှော်လင့်ကြောင်း ဒီမိုကရေစီပြောင်းလဲရေး လှုပ်ရှားမှုပါတီ (အမ်ဒီစီ) ရဲ့ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဒေါက်ကလပ် အမ်ဝန်ဇိုရာက ပြောခဲ့ပါတယ်။

ဒါတင်ပဲလားဆိုတော့ မဟုတ်ပါဘူး။ ဒီမိုကရေစီပြောင်းလဲရေး လှုပ်ရှားမှုပါတီ (အမ်ဒီစီ) က ဘာထပ်ပြောခဲ့သလဲဆိုရင် မဲပေးသူတွေရဲ့ လုံခြုံရေးအတွက်လည်း ပြုလုပ်ပေးစေလိုကြောင်းနဲ့ သမာသမတ်ကျတဲ့ မီဒီယာဖော်ပြမှုတွေလဲလိုချင်ကြောင်း ပြောခဲ့ပါတယ်။



သမ္မတရွေးကောက်ပွဲ ပထမအကျော့မှာ ရွေးကောက်ခံသမ္မတလောင်းများ ရလဒ်မပြတ်သားပါက ဘယ်သူ သမ္မတဖြစ်မှာလဲဆိုတဲ့ အဖြေကို စက်တင်ဘာ ၈ ရက်မှာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

**လွတ်လပ်ပြီးတရားမျှတတဲ့ ရွေးကောက်ပွဲ**

အာဏာရှင်ခေါင်းဆောင် ရောဘတ်မူဂါဘီလက်ထက်မှာ လုပ်ဆောင်သွားတဲ့ ရွေးကောက်ပွဲတွေဟာ အကျင့်ပျက်ခြစားမှုတွေ၊ ခြိမ်းခြောက်မှုတွေ၊ အကြမ်းဖက်မှုတွေနဲ့ ဘယ်တော့မှ အောင်မြင်ခဲ့တယ်ဆိုတာ မရှိပါဘူး။ အမြဲပဲ တရားမျှတမှုမရှိဘဲ ပြီးဆုံးခဲ့ပါတယ်။ သို့သော်လည်း လက်ရှိ မနန်ဂွါလက်ထက်မှာတော့ အခုကျင်းပမယ့် ရွေးကောက်ပွဲဟာ တရားမျှတပြီး၊ လွတ်လပ်တဲ့ ရွေးကောက်ပွဲဖြစ်ရမယ်လို့ မနန်ဂွါက ပြောခဲ့ပါတယ်။

ဒီရွေးကောက်ပွဲလှုပ်ရှားမှုမှာ နိုင်ငံခြားရောက် ဇနူးပီအက်ဖ်ပါတီရဲ့ပြိုင်ဘက်အတိုက်အခံတွေအနေနဲ့ တားမြစ်ခံထားရမှုတွေရှိနေသလို နိုင်ငံတွင်းမှာ ရှိမနေတဲ့ မည်သည့် ဇင်ဘာဘွေနိုင်ငံသားမျှ မဲပေးလို့ မရဘူးလို့ နိုင်ငံရဲ့ အမြင့်ဆုံးတရားရုံးက မေ ၂၈ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။

ဒါကြောင့် ဒီမိုကရေစီပြောင်းလဲရေး လှုပ်ရှားမှုပါတီ (အမ်ဒီစီ)က နိုင်ငံခြားရောက်ပြည်သူတွေကို ဇင်ဘာဘွေနိုင်ငံအတွက် မဲပေးခွင့်ရှိရေးအတွက်လည်း တောင်းဆိုထားပါတယ်။

**ယခင်ရွေးကောက်ပွဲတွေနဲ့မတူ**

ယခုကျင်းပမယ့် ဇင်ဘာဘွေသမ္မတရွေးကောက်ပွဲဟာ ဟိုးအရင် ၂၀၀၀ပြည့်နှစ်ကတည်းက ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲတွေနဲ့ တူမှာမဟုတ်သလို တရားမျှတမှုတွေနဲ့ လွတ်လပ်မှုတွေဖြစ်စေနိုင်တယ်လို့ ဇင်ဘာဘွေအရေး လေ့လာစောင့်ကြည့်နေသူ ချားလ်လော်ရီက ပြောခဲ့ပါတယ်။

**အာဏာရှင်ခေါင်းဆောင် ရောဘတ် မူဂါဘီ နုတ်ထွက်သွားပြီးနောက်ပိုင်းမှာ ယခုအစိုးရဟာ ယခင်က အပေါက်အလမ်းမတည့်ခဲ့သူတွေနဲ့ ပြန်လည်အပေါက်အလမ်းတည့်ရေး ကြိုးစားခဲ့သလို ဇင်ဘာဘွေနိုင်ငံဟာလည်း ဓနသဟာယအဖွဲ့မှာ ပြန်လည်ပါဝင်ရေး နောက်ထပ်တစ်ဖန်ကြိုးစားခဲ့**

ရွေးအစဉ်အဆက် ရွေးကောက်ပွဲထက်စာရင် ယခုကျင်းပမယ့် ဇင်ဘာဘွေရွေးကောက်ပွဲမှာ အနောက်နိုင်ငံတွေက လေ့လာစောင့်ကြည့်သူတွေအနေနဲ့ လေ့လာခွင့်ရမယ့် ပထမဆုံးရွေးကောက်ပွဲပဲဖြစ်ပါတယ်။

**အနောက်အုပ်စုက ရွေးကောက်ပွဲကို လေ့လာစောင့်ကြည့်မယ်**

ဟာရာရီအဖွဲ့နဲ့ ဥရောပသမဂ္ဂက နှစ်ပေါင်း ၁၆ နှစ်အတွင်း ပထမဆုံးအကြိမ်အနေဖြင့် တောင်ပိုင်းအာဖရိကပြည်ထောင်စုတွေရဲ့ ရွေးကောက်ပွဲတွေကို လေ့လာစောင့်ကြည့်သွားမှာ ဖြစ်တယ်လို့ ကြေညာခဲ့ပါတယ်။

နောက်ဆုံး ဥရောပသမဂ္ဂက လေ့လာစောင့်ကြည့်ရေးတာဝန်ခံ ပယ်ရီစကော်ရီကို ပြစ်ချက်တွေ များနေတယ်လို့ ဝေဖန်မှုတွေနဲ့ ပြည့်နေတဲ့ ၂၀၀၂ ခုနှစ် ဇင်ဘာဘွေ သမ္မတရွေးကောက်ပွဲကနေ ထုတ်ပယ်ခဲ့ပါတယ်။

အဲဒီ ကတောက်ကဆတ်ဖြစ်ပြီး နောက်ပိုင်းမှာ ဇင်ဘာဘွေနိုင်ငံဟာ ဥရောပသမဂ္ဂနဲ့ အခြားအနောက်နိုင်ငံက လေ့လာသူတွေကို ဇင်ဘာဘွေနိုင်ငံရဲ့မဲပေးမှုတွေမှာ ပါဝင်စွက်ဖက်နိုင်ခြင်း မရှိအောင် တားဆီးခဲ့ပါတယ်။

အဲဒီအချိန်ကတည်းက အာဏာရှင်ခေါင်းဆောင် ရောဘတ်မူဂါဘီဟာ ၎င်းရဲ့ ကျဆုံးခန်းထိတိုင်အောင် ဝေဖန်ထိုးနှက်မှုတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။

**ဓနသဟာယအဖွဲ့မှာ ပြန်လည်ပါဝင်ရေး နောက်ထပ်တစ်ဖန်ကြိုးစား**

အာဏာရှင်ခေါင်းဆောင် ရောဘတ်မူဂါဘီနုတ်ထွက်သွားပြီး နောက်ပိုင်းမှာ ယခုအစိုးရဟာ ယခင်က အပေါက်အလမ်း မတည့်ခဲ့သူတွေနဲ့ ပြန်လည်အပေါက်အလမ်းတည့်ရေး ကြိုးစားခဲ့သလို ဇင်ဘာဘွေနိုင်ငံဟာလည်း ဓနသဟာယအဖွဲ့မှာ ပြန်လည်ပါဝင်ရေး နောက်ထပ်တစ်ဖန်ကြိုးစားခဲ့ပါတယ်။

၂၀၀၂ ခုနှစ် ဇင်ဘာဘွေရွေးကောက်ပွဲမှာ အကျင့်ပျက်ခြစားမှုတွေ၊ အကြမ်းဖက်မှုတွေ၊ လွတ်လပ်ပြီး မျှတမှုမရှိတဲ့ အကြောင်းတွေနဲ့ အော့ကြောလန်ဖြစ်ခဲ့ရတဲ့အတွက် ဇင်ဘာဘွေနိုင်ငံကို ဟာရာရီအဖွဲ့ရဲ့ အဖွဲ့ဝင်အဖြစ်မှ ၂၀၀၃ ခုနှစ်မှာ ရပ်ဆိုင်းခဲ့ပါတယ်။

ဇင်ဘာဘွေနိုင်ငံဟာ အကြမ်းဖက်မြေယာပိုင်ဆိုင်မှုတွေဖြစ်နေတဲ့ အချိန်မှာပဲ ဓနသဟာယအဖွဲ့က ကျော်ခိုင်းခဲ့ပါတယ်။ အကြမ်းဖက်မြေယာပိုင်ဆိုင်မှုကိစ္စရပ်တွေမှာ လူဖြူလယ်သမားတွေကို လူမည်းမြေယာမဲ့တွေက နှင်ထုတ်မှုတွေ ရှိခဲ့ပါတယ်။ အဲလိုနှင်ထုတ်တဲ့မူဝါဒတွေကြောင့်ပဲ စိုက်ပျိုးရေးကဏ္ဍမှာ ပျက်စီးမှုတွေနဲ့ရင်ဆိုင်ခဲ့ရသလို စီးပွားရေးပျက်စီးပြီး ပြိုကျမှုတွေလည်း ဖြစ်ခဲ့ပါတယ်။

ဓနသဟာယအဖွဲ့ အတွင်းရေးမှူးချုပ် ပက်ထရစ်ရှာစကော့တလန်က ဓနသဟာယအဖွဲ့အနေနဲ့ ဇင်ဘာဘွေရွေးကောက်ပွဲအတွက် လေ့လာစောင့်ကြည့်သူတွေ စေလွှတ်သွားမှာဖြစ်တယ်လို့ အတည်ပြုပြောကြားခဲ့ပါတယ်။

မူဂါဘီဟာ ဟိုးအရင်က ရွေးကောက်ပွဲမှာ တာဝန်ရှိခဲ့တဲ့ အငြိမ်းစားဗိုလ်ချုပ်တစ်ဦးနှင့် အွန်လိုင်းပေါ်တင်ခဲ့တာဟာ သူ့အနေနဲ့ ဆယ်စုနှစ်များစွာ အုပ်စိုးခဲ့တဲ့ ဇနူးပီအက်ဖ်ပါတီမှ တစ်ဆင့် အုံ့သြမှင်သက်မှုတွေကို လှစ်ဟပြလိုက်သလိုပါပဲ။

**ဇင်ဘာဘွေပြည်သူတွေရဲ့ ထောက်ခံမှုကို ရရှိ**

တစ်ချိန်က မူဂါဘီရဲ့ ညာလက်ရုံးတစ်ဆူလိုဖြစ်ခဲ့ပြီး ဇနူးပီအက်ဖ်ပါတီရဲ့ အရေးပါဆုံးပုဂ္ဂိုလ် မနန်ဂွါဟာ မူဂါဘီ ဇင်ဘာဘွေနိုင်ငံကို ၃၇ နှစ်ကြာ အုပ်စိုးဖို့ ကူညီခဲ့လေသလားဆိုတာကိုတော့ တပ်အပ်သေချာ မသိပေမယ့် ဇင်ဘာဘွေပြည်သူတွေရဲ့ထောက်ခံမှုတွေကိုတော့ ရရှိခဲ့ပါတယ်။

ဇင်ဘာဘွေရွေးကောက်ပွဲ ကျင်းပဖို့ တိကျတဲ့ရက်ကို ကြေညာလိုက်ချိန်ကတည်းက ဇင်ဘာဘွေရွေးကောက်ပွဲကော်မရှင်က ဆန္ဒမဲပေးသူတွေကို ငြိမ်းချမ်းစွာ ဆန္ဒမဲပေးကြဖို့ တိုက်တွန်းခဲ့ပါတယ်။

ထို့အတူ အချင်းချင်းသည်းခံပြီး ဝိုင်းဝန်းကူညီကြဖို့၊ ငြိမ်းငြိမ်းချမ်းချမ်းရှိကြဖို့၊ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲဖြစ်ဖို့ အတွက်လည်း ဇင်ဘာဘွေရွေးကောက်ပွဲကော်မရှင် ပရစ်ဆီလာချီဂမ်ဘာက တိုက်တွန်းခဲ့ပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ**

## နိုင်ငံတကာခြေစမ်းပွဲများ

**သောကြာနေ့ (၁-၆-၁၈)**

| | | | |
|---|---|---|---|
| ညနေ ၅း၃၀ | တောင်ကိုရီးယား | - | ဘော့စနီးယား |
| ညနေ ၅း၃၀ | ဩစတြေးလျ | - | ချက် |
| ည ၁၁း၃၀ | ဂျော်ဂျီယာ | - | မော်လ်တာ |
| နံနက် ၀၀း၄၅ | တူနီးရှား | - | တူရကီ |
| နံနက် ၁း၃၀ | ပြင်သစ် | - | အီတလီ |
| နံနက် ၁း၄၅ | အီဂျစ် | - | ကိုလံဘီယာ |
| နံနက် ၃း၃၀ | အယ်ဂျီးရီးယား | - | ကိတ်ဗတ် |

**စနေနေ့ (၂-၆-၁၈)**

| | | | |
|---|---|---|---|
| ည ၆း၀၀ | ထိုင်း | - | တရုတ် |
| ည ၁၀း၃၀ | ဩစတြီးယား | - | ဂျာမနီ |
| ည ၁၀း၄၅ | အင်္ဂလန် | - | နိုင်ဂျီးရီးယား |
| နံနက် ၀၀း၁၅ | ဆွီဒင် | - | ဒိန်းမတ် |
| နံနက် ၀၀း၄၅ | မွန်တီနီဂရိုး | - | စလိုဗေးနီးယား |
| နံနက် ၁း၁၅ | ဘယ်ဂျီယံ | - | ပေါ်တူဂီ |
| နံနက် ၁း၃၈ | အိုင်ယာလန် | - | အမေရိကန် |
| နံနက် ၂း၃၀ | အိုက်စလန် | - | နော်ဝေ |
| နံနက် ၆း၃၀ | မက္ကဆီကို | - | စကော့တလန် |

**တနင်္ဂနွေနေ့ (၃-၆-၁၈)**

| | | | |
|---|---|---|---|
| ည ၈း၃၀ | ဘရာဇီး | - | ခရိုအေးရှား |
| နံနက် ၀၀း၃၀ | ကော်စတာရီကာ | - | မ/အိုင်ယာလန် |
| နံနက် ၀၀း၃၀ | ဆော်ဒီအာရေဗျ | - | ပီရူး |
| နံနက် ၁း၃၀ | စပိန် | - | ဆွစ်ဇာလန် |

**တနင်္လာနေ့ (၄-၆-၁၈)**

| | | | |
|---|---|---|---|
| ည ၉း၃၀ | မော်လ်ဒိုဗာ | - | အာမေးနီးယား |
| နံနက် ၁း၁၅ | အီတလီ | - | ဟော်လန် |
| နံနက် ၁း၃၀ | ဆားဘီးယား | - | ချီလီ |
| နံနက် ၂း၃၀ | မော်ရိုကို | - | ဆလိုဗက်ကီးယား |



# ပြင်သစ်နဲ့အီတလီအားပြိုင်မယ့် နိုင်ငံတကာခြေစမ်းပွဲများ

● ဝေ မိုး ဆက်

### တ/ကိုရီးယား Vs ဘော့စနီးယား

| | | | | |
|---|---|---|---|---|
| နောက်ဆုံးရလဒ် | တောင်ကိုရီးယား | ၂ | ၀ | ဘော့စနီးယား |

တောင်ကိုရီးယားက အာရှအသင်းတစ်သင်းဖြစ်ပေမယ့် အရည်အသွေးပြည့်ဝတဲ့အသင်း ဖြစ်ပါတယ်။ တောင်ကိုရီးယားဟာ ဒီခြေစမ်းပွဲအတွက်လည်း ဆွန်ဟောင်မင်၊ ကီဆောင်ယန်းတို့အပါအဝင် ဥရောပအခြေစိုက်ကစားသမားတွေကို ရွေးချယ်ထားတာ တွေ့ရပါတယ်။ ဒါပေမယ့် ဘော့စနီးယားကလည်း ဥရောပရဲ့အသင်းကောင်းတစ်သင်းဖြစ်ပြီး ကမ္ဘာ့ဖလား ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိပေမယ့်လည်း ကစားသမားကောင်းတွေ ရှိနေပါတယ်။ ဒီခြေစမ်းပွဲအတွက်လည်း ဇက်ကို၊ အိုင်ဘီဆီဗစ်၊ မီလို ဆီဗစ်၊ ပီဂျာနစ်၊ ဘီဆစ်တို့ကို ရွေးချယ်ထားပါတယ်။ ဒါကြောင့်ဒီပွဲစဉ်မှာတောင်ကိုရီးယားတို့ ဘော့စနီးယားကိုလွယ်လွယ်အနိုင်မရနိုင်ပါဘူး။ အတွေ့အကြုံပိုင်း ပိုမိုပြည့်ဝသလို အသင်းလိုက်ခြေစွမ်းပိုင်းလည်း ပိုမိုကောင်းမွန်တဲ့ ဘော့စနီးယားကသာ နိုင်ပွဲရသွားမှာပါ။

### ဩစတြေးလျ Vs ချက်

| | | | | |
|---|---|---|---|---|
| နောက်ဆုံးရလဒ် | ချက် | ၃ | ၁ | ဩစတြေးလျ |

ဥရောပအသင်းတစ်သင်းဖြစ်တဲ့ချက်ဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း မရှိပေမယ့်လည်း အသင်းကောင်းတစ်သင်း ဖြစ်ပါတယ်။ ခြေစစ်ပွဲအတွင်း ဂျာမနီ၊ မြောက်အိုင်ယာလန်တို့လို အသင်းကောင်းတွေနဲ့ ဆုံတွေ့ခဲ့ရတာကြောင့်သာ ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းမရှိတာဖြစ်ပြီး အသင်းလိုက်ကစားပုံလည်း ကောင်းမွန်မှုရှိတဲ့အသင်း ဖြစ်ပါတယ်။ ဩစတြေးလျကတော့ ဗီဒူကာတို့နောက်ပိုင်းမှာ ကစားသမားအရည်အသွေး တဖြည်းဖြည်းကျဆင်းလာသလို ဒီတစ်ကြိမ်ကမ္ဘာ့ဖလားခြေစစ်ပွဲကို အောင်မြင်ခဲ့ရမှာလည်း ခက်ခက်ခဲခဲ ကစားခဲ့ရပါတယ်။ လက်ရှိအချိန်အထိအသက် ၃၈ နှစ်အရွယ်တင် ကာဟေးလ်နဲ့ အသက် ၃၃ နှစ်အရွယ် ဂျီဒီနက်တို့ကိုတောင် ပစ်ပယ်နိုင်ခြင်းမရှိသေးတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာတော့ ချက်ပဲ အနိုင်ရမယ်။

### ဩစတြီးယား Vs ဂျာမနီ

| | | | | |
|---|---|---|---|---|
| နောက်ဆုံးရလဒ် | ဂျာမနီ | ၃ | ၀ | ဩစတြေးလျ |

ဂျာမနီဟာ ဥရောပရဲ့ထိပ်တန်းအသင်းကြီးတစ်သင်းဖြစ်ပြီး ကမ္ဘာ့ဖလားပြိုင်ပွဲရဲ့လက်ရှိချန်ပီယံအသင်းလည်း ဖြစ်နေပါတယ်။ လက်ရှိအချိန်မှာလည်း ဂျာမနီဟာ ကမ္ဘာ့ဖလားချန်ပီယံဆုကို အောင်မြင်စွာကာကွယ်နိုင်ဖို့အသင်းကို အသေအချာပြင်ဆင်ထားတာ တွေ့ရပါတယ်။ မူလာ၊ အိုဇေးလ်၊ ဂန်ဒိုဂန်၊ ဆာနေး၊ မာကိုရုစ်တို့လိုကစားသမားတွေကိုလည်းအသင်းမှာရွေး ချယ်ထားပြီး ဟမ်မဲလ်၊ ရူဒီဂါ၊ ဘိုတန်တို့လိုခံစစ်မှူးတွေလည်း ခေါ်ယူထားပါတယ်။ ဩစတြီးယားကတော့ အသင်းကောင်းတစ်သင်း ဖြစ်ပေမယ့် ဂျာမနီကိုယှဉ်ကစားနိုင်ဖို့တော့ ခက်ခဲနေပါတယ်။ တစ်ဦးချင်းအရည်အသွေးပိုင်းလည်း ကွာဟနေတာကြောင့် ဂျာမနီပဲ နိုင်ပွဲရမယ်။

### အင်္ဂလန် Vs နိုင်ဂျီးရီးယား

| | | | | |
|---|---|---|---|---|
| နောက်ဆုံးရလဒ် | နိုင်ဂျီးရီးယား | ၀ | ၀ | အင်္ဂလန် |

အင်္ဂလန်ဟာ ပြိုင်ပွဲကြီးတွေမှာဆိုရင် ခြေစွမ်းမတည်ငြိမ်တတ်ပေမယ့်ခြေစမ်းပွဲတွေနဲ့ ခြေစစ်ပွဲတွေမှာဆိုရင်တော့ ခြေစွမ်းကောင်းတွေကို ပြသလေ့ရှိတဲ့အသင်း ဖြစ်ပါတယ်။ ခြေစစ်ပွဲ တစ်လျှောက်မှာလည်း ခြေစွမ်းကောင်းတွေကို ပြသ၍ ရှုံးပွဲမရှိ ခြေစစ်ပွဲတိုက်ရိုက်အောင်မြင်ခဲ့သလို ခြေစမ်းပွဲတွေမှာလည်း အီတလီ၊ ဟော်လန်၊ ဘရာဇီး၊ ဂျာမနီတို့လိုအသင်းကောင်းတွေကို အကောင်းဆုံး ရင်ဆိုင်နိုင်ခဲ့တာတွေ့ရပါတယ်။ အခုအသင်းမှာရွေးချယ်ထားတဲ့ ဟယ်ရီကိန်း၊ စတားလင်း၊ အလီ၊ လင်ဂတ်တို့ဟာ လူငယ်ကစားသမားတွေသာဖြစ်ကြပေမယ့်လည်း ခြေစွမ်းပိုင်းအရတော့ ကောင်းမွန်သူတွေဖြစ်ကြပါတယ်။ အင်္ဂလန်ပဲ နိုင်ပွဲရမှာပါ။

### ပြင်သစ် Vs အီတလီ

| | | | | |
|---|---|---|---|---|
| နောက်ဆုံးရလဒ် | အီတလီ | ၁ | ၃ | ပြင်သစ် |

အီတလီဟာ ကမ္ဘာ့ဖလားခြေစစ်ပွဲ အောင်မြင်ခဲ့ခြင်းမရှိပေမယ့်လည်း အစစအရာရာ တောင့်တင်းတဲ့အသင်းဖြစ်ပြီး အခုအချိန်မှာ မန်ချီနီလိုထိပ်တန်းနည်းပြကိုလည်း နည်းပြအဖြစ် ခန့်အပ်ထားပါတယ်။ ဒါ့အပြင် အီတလီမှာ ဘာလိုတယ်လီ ပြန်လည်ပါဝင်လာသလို အင်ဆိုင်နီ၊ ဘီလော့တီ၊ ဇာဇာတို့လို တိုက်စစ်မှူးကောင်းတွေလည်း ပါဝင်လာနိုင်တာကြောင့် တိုက်စစ်ပိုင်း ပိုမိုကောင်းမွန်လာနိုင်ပါတယ်။ ဒါပေမယ့် ပြင်သစ်ကလည်း ထိပ်တန်းအသင်းတစ်သင်းဖြစ်ပြီး အမ်ဘာပေ၊ ဂရစ်ဇ်မန်း၊ ဒမ်ဘီလီ၊ ဂျရူးတို့လို တိုက်စစ်မှူးကောင်းတွေအပြင် ပေါ့ဂ်ဘာ၊ မာတူဒီ၊ ကန်တီတို့လို ကွင်းလယ်ကစားသမားကောင်းတွေကိုလည်း ရွေးချယ်ထားပါတယ်။ ဒါကြောင့်လည်း အီတလီတို့ ပြင်သစ်ကို လွယ်လွယ်အနိုင်မရနိုင်ပါဘူး။ ဒီပွဲစဉ်မှာ ပြင်သစ်တို့ နိုင်ပွဲရယူသွားနိုင်မှာပါ။

### အီဂျစ် Vs ကိုလံဘီယာ

| | | | | |
|---|---|---|---|---|
| နောက်ဆုံးရလဒ် | - | - | - | - |

အီဂျစ်ဟာအသင်းကောင်းတစ်သင်းဖြစ်သလို ကမ္ဘာ့ဖလားခြေစစ်ပွဲအောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့တာမှန်ပေမယ့် အီဂျစ်ရဲ့အဓိက ကျောရိုးဟာဆာလတ်အပေါ်မှာ တည်မှီနေပါတယ်။ ဒါကြောင့် ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာရရှိခဲ့တဲ့ဒဏ်ရာကြောင့် ဒီပွဲမှာဆာလတ်မပါဝင်နိုင်တဲ့အတွက် အီဂျစ်တို့စွမ်းဆောင်ရည်ကျဆင်းလာနိုင်ပါတယ်။ ကိုလံဘီယာကလည်း တောင်အမေရိကအသင်းပီပီ အသင်းလိုက်ကစားပုံ ကောင်းမွန်မှုအပြည့်ရှိတဲ့အသင်းဖြစ်ပြီး တစ်ဦးချင်းခြေစွမ်းလည်း ထက်မြက်မှုရှိပါတယ်။ လက်ရှိအချိန်မှာလည်း ကိုလံဘီယာအနေနဲ့ ဖယ်ကာအို၊ ကားလို့ဘာကာတို့လို တိုက်စစ်မှူးကောင်းတွေကို ရွေးချယ်ထားတဲ့အပြင် ဂျိမ်းရိုဒရီဂေးဇ်၊ ကားလို့ ဆန်းချက်ဇ်၊ ကူဒရာဒိုတို့လို ကွင်းလယ်ကစားသမားကောင်းတွေကိုပါရွေးချယ်ထားပါတယ်။ ကိုလံဘီယာကပ်နိုင်မယ်။

### ဘယ်လ်ဂျီယံ Vs ပေါ်တူဂီ

| | | | | |
|---|---|---|---|---|
| နောက်ဆုံးရလဒ် | ပေါ်တူဂီ | ၂ | ၁ | ဘယ်လ်ဂျီယံ |

ဘယ်လ်ဂျီယံဟာကစားသမားအင်အားပိုင်း တောင့်တင်းလွန်းတဲ့အသင်းဖြစ်ပြီး ကမ္ဘာ့ထိပ်တန်းအသင်းတိုင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်တဲ့အသင်း ဖြစ်ပါတယ်။ နေရာစုံမှာ ကစားသမားကောင်းတွေရှိနေကာ ဟာဇက်၊ လူကာကူ၊ မာတန်တို့လို တိုက်စစ်မှူးကောင်းတွေအပြင် ဒီဘရူနီ၊ ဒမ်ဘီလီ၊ ဖယ်လာနီတို့လို ကွင်းလယ်ကစားသမားကောင်းတွေလည်း ရှိနေပါတယ်။ ဒါ့အပြင် ကွန်ပါနေးလ်၊ ဗာမာလန်၊ ဗာတွန်ဂန်တို့လိုခံစစ်မှူးတွေလည်း ရှိနေတယ်။ ပေါ်တူဂီကတော့ လက်ရှိဥရောပချန်ပီယံဖြစ်ပေမယ့်လည်း နေရာစုံတောင့်တင်းမှုရှိတဲ့အသင်းတော့ မဟုတ်ပါဘူး။ တိုက်စစ်မှာရော်နယ်ဒိုလို ကစားသမားမျိုးရှိနေပေမယ့် ကွင်းလယ်ပိုင်းမှာတော့ မွန်တင်ဟို၊ ဘာနာဒိုဆေးလ်ဗား၊ အန်ဒရီဆေးလ်ဗားတို့လောက်ကိုသာအားပြုနေရပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဘယ်လ်ဂျီယံတို့အနိမ့်ဆုံး သရေရမယ်။

### အိုင်ယာလန် Vs အမေရိကန်

| | | | | |
|---|---|---|---|---|
| နောက်ဆုံးရလဒ် | အိုင်ယာလန် | ၄ | ၁ | အမေရိကန် |

အမေရိကန်ဟာ လက်ရှိအချိန်မှာ ကစားသမားကောင်းတွေရှားပါးနေကာ ကမ္ဘာ့ဖလား ခြေစစ်ပွဲကိုတောင် အောင်မြင်ခဲ့ခြင်း မရှိတာကို တွေ့ရပါတယ်။ အခုနောက်ပိုင်းခြေစမ်းပွဲတွေမှာ အမေရိကန်ဟာ ပါရာဂွေးကိုအနိုင်ယူနိုင်ခဲ့သလို ဘော့စနီးယားကိုလည်းသရေကစားနိုင်ခဲ့တယ်ဆိုပေမယ့် အဆိုပါပွဲတွေဟာ အိမ်ကွင်းမှာကစားခဲ့ရတာ ဖြစ်ပါတယ်။ ဒီပွဲကတော့ ဒူဘိုင်းမှာကစားမှာလည်းဖြစ်သလို အိုင်ယာလန်ကလည်း အသင်းကောင်းတစ်သင်း ဖြစ်ပါတယ်။ တစ်ဦးချင်းခြေစွမ်းပိုင်းသာမန်သာရှိပေမယ့် အသင်းလိုက်စွမ်းဆောင်ရည်ကောင်းတဲ့ အသင်းဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲမှာတော့ အမေရိကန်ကို အိုင်ယာလန်တို့ထိန်းချုပ်ကစားနိုင်ဖို့ရှိနေပါတယ်။ ရှိန်းလောင်း၊ ဟန်ဒရစ်၊ ကိုးလ်မန်းတို့လို ကစားသမားကောင်းတွေ ရှိနေတဲ့ အိုင်ယာလန်ကသာ ဒီပွဲစဉ်မှာ နိုင်ပွဲရယူသွားနိုင်ဖို့ ရှိနေပါတယ်။

# ကမ္ဘာ့ဖလားပြိုင်ပွဲနှင့် လွဲချော်ရခြင်းကို အာဆင်နယ် ကစားသမား ဝီလ်ရှီးယား ပြက်လုံးထုတ်

ထက်အောင်

အာဆင်နယ်အသင်း ကွင်းလယ်ကစားသမား ဂျက်ဝီလ်ရှီးယားက လာမည့် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်လက်ရွေးစင်အသင်း၌ ပါဝင်ခွင့်မရခဲ့သည့် အဓိကအကြောင်းရင်းမှာ မိမိ၏ နိုင်ငံကူးလက်မှတ် သက်တမ်းကြောင့်ဖြစ်ကြောင်း ပြက်လုံးထုတ်ဖော်ပြခဲ့သည်။

အသက် ၂၆ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ဝီလ်ရှီးယားသည် ပြီးခဲ့သည့် မတ်လ ၂၄ ရက်တွင် ဟော်လန်နှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့သော အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ခေါ်ယူခြင်းခံခဲ့ရသော်လည်း ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အင်္ဂလန်အသင်းအတွက် ကစားသမား ရွေးချယ်ရာတွင် မန်နေဂျာ ဆောက်ဂိတ်၏ ချန်လှပ်မှုခံခဲ့ရသူဖြစ်သည်။ မန်နေဂျာ ဆောက်ဂိတ်က ကွင်းလယ်ကစားသမား ဝီလ်ရှီးယားအနေဖြင့် အင်္ဂလန်အသင်းအတွက် အရန်အသင်း၌ပင် နေရာရရှိမည်မဟုတ်ဟု အသိပေးပြောဆိုထားသည်။ အင်္ဂလန်အသင်းအတွက် ဝီလ်ရှီးယားအား ရွေးချယ်မှုမပြုခဲ့ခြင်းမှာ ဝီလ်ရှီးယား၏ ကြံ့ခိုင်မှုအခြေအနေနှင့် ဒဏ်ရာပြဿနာများအပေါ် မန်နေဂျာ ဆောက်ဂိတ်က စိုးရိမ်ပူပန်မှုများ ရှိနေခြင်းကြောင့်ဖြစ် သည်ဟု ဆိုသည်။

ကွင်းလယ်ကစားသမား ဝီလ်ရှီးယားက ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်အသင်းတွင် ပါဝင်ခွင့်မရခြင်းနှင့်ပတ်သက်၍ သူ၏ လူမှုရေး စာမျက်နှာ၌ လန်ဒန်ရှိ နိုင်ငံကူးလက်မှတ်ရုံး၏ ဓာတ်ပုံနှင့်အတူ "ကျွန်တော့်ရဲ့ နိုင်ငံကူးစာအုပ်သက်တမ်းက ကုန်ဆုံးသွားပါပြီ၊ ဒါဟာ ရုရှားနိုင်ငံကို ကျွန်တော်လိုက်ပါခွင့်မရခြင်းရဲ့ အဓိကအကြောင်းရင်းပဲ ဖြစ်ပါတယ်"ဟု ရေးသားဖော်ပြခဲ့ခြင်းဖြစ်သည်။

ဝီလ်ရှီးယားသည် အင်္ဂလန်လက်ရွေးစင်အသင်းအတွက် ၂၀၁၀ ပြည့်နှစ်တွင် စတင်ပါဝင်ကစားခွင့်ရရှိခဲ့ကာ နိုင်ငံတကာပွဲပေါင်း ၃၄ ပွဲ ပါဝင်ကစားထားပြီး နှစ်ဂိုးသွင်းယူထားသူ ဖြစ်သည်။

အာဆင်နယ်အသင်းနှင့် ဝီလ်ရှီးယားတို့ ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းသည် ယခုနွေရာသီအတွင်းတွင် ကုန်ဆုံးမည်ဖြစ်ပြီး ဝီလ်ရှီးယားအနေ ဖြင့် အာဆင်နယ်နှင့် စာချုပ်သစ် ချုပ်ဆိုနိုင်ရန် မျှော်လင့်နေသည်ဟုဆိုသည်။ အာဆင်နယ်အသင်း၏ မန်နေဂျာသစ်အဖြစ် ခန့်အပ်ခြင်းခံထားရသူ မန်နေဂျာ အမ်မရီသည် နွေရာသီ ဈေးကွက်ကာလအတွင်းတွင် ကစားသမားသစ်ခေါ်ယူရေးအတွက် အသုံးပြုရန် ပေါင် ၆၀ သာ ခွင့်ပြုချက်ရရှိထားသည့်အတွက် မန်နေဂျာ အမ်မရီအနေဖြင့် ကစားသမားသစ်များ ခေါ်ယူရေးအတွက် အသင်းမှ ကစားသမားအချို့အား ရောင်းချဖွယ်ရှိနေသည်။



# ကြိုးကြာနီ ရဲ့ အားသစ်ဖြစ်လာတဲ့ ဖာဘင်ညို

**အောင်က**

**ချန်ပီယံလိဂ်မှာ အရှုံးနဲ့ရင်ဆိုင်ခဲ့ ရတဲ့ လီဗာပူးအသင်းဟာ အသင်းရဲ့အင်အားကို ထပ်မံဖြည့်တင်းနိုင်ဖို့အတွက် မိုနာကိုအသင်းကွင်းလယ်ကစားသမား ဖာဘင်ညိုကို ခေါ်ယူလိုက်ပြီ ဖြစ်ပါတယ်။ လီဗာပူးအသင်းဟာ ဖာဘင်ညိုကို ပေါင်၃၉ သန်းနဲ့ခေါ်ယူခဲ့တာဖြစ်ပြီး အပိုဆုကြေးတွေလည်း ထပ်ဆောင်းပေးရမယ်လို့ ဆိုပါတယ်။ လီဗာပူးကွင်းလယ်ကစားသမား အမ်မရီချန်ကလည်းဒီနှစ် နွေရာသီဈေးကွက်မှာ အသင်းကနေ ထွက်ခွာဖို့ရှိနေတာကြောင့် လီဗာပူးအသင်းဟာ ဖာဘင်ညိုကိုမဖြစ်မနေကို ခေါ်ယူလိုက်တာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကြိုးကြာနီရဲ့အင်အားသစ်ဖြစ်လာတဲ့ ဖာဘင်ညိုနဲ့ပတ်သက်တဲ့ အချက်အလတ်တချို့ကို ပရိသတ်တွေသိရှိစေဖို့အတွက် တင်ပြလိုက်ပါတယ်။**



### မန်ယူ၊ အက်သလက်တီကို အသင်းတို့ကို ငြင်းပယ်ခဲ့သူ

မန်ယူအသင်းဟာ ပြီးခဲ့တဲ့နှစ်ကတည်းက အသက် ၂၄ နှစ်သာရှိနေသေးတဲ့ ဖာဘင်ညိုကို ခေါ်ယူဖို့စိတ်ဝင်စားနေခဲ့တာ ဖြစ်ပါတယ်။ မိုနာကို ကစားသမားတွေဖြစ်တဲ့ ဘာကာယိုကို၊ ဘာနာဒို ဆေးလ်ဗားတို့ အင်္ဂလန်ကို ပြောင်းရွှေ့ခဲ့စဉ်ကတည်းက ဖာဘင်ညိုဟာ မန်ယူအသင်းကို ပြောင်းရွှေ့ဖို့ရှိတယ်လို့ သတင်းတွေထွက်ပေါ်နေခဲ့သူ ဖြစ်ပါတယ်။ အခုနွေရာသီဈေးကွက် စတင်ချိန်ကတည်းကလည်း မန်ယူအသင်းဟာ ဖာဘင်ညိုကိုခေါ်ယူဖို့ပြင်ဆင်နေခဲ့တာ ဖြစ်ပါတယ်။ စပိန်ကလပ်အက်သလက်တီကို အသင်းဆိုရင်လည်း ပေါင်သန်း ၃၀ နဲ့တောင်ခေါ်ယူဖို့ကမ်းလှမ်းခဲ့ပါသေးတယ်။ ဖာဘင်ညိုရဲ့ပြီးခဲ့တဲ့ ရာသီတွေအတွင်း ခြေစွမ်းပြကစားနိုင်မှုတွေကြောင့် ဥရောပရဲ့ထိပ်တန်းအသင်းတွေဖြစ်တဲ့ မန်စီးတီး၊ အာဆင်နယ်၊ ပီအက်စ်ဂျီ၊ ဂျူဗင်တပ်စ်နဲ့ အင်တာ အသင်းတို့ကတောင် စိတ်ဝင်စားနေခဲ့ ကြပါတယ်။ ဒါပေမယ့် လီဗာပူးအသင်းဟာ ပြိုင်ဘက်အသင်းတွေကို ဖြတ်ကျော်ပြီး ဖာမီနိုကို အရခေါ်ယူနိုင်ခဲ့ပြီဖြစ်ပါတယ်။

### ဖာဘင်ညိုရဲ့အရည်အသွေး

ဖာဘင်ညိုရဲ့အရည်အသွေးနဲ့ ခြေစွမ်းခြေစကတော့ သူကစားတဲ့အသင်းတိုင်းမှာ အကောင်းဆုံးရှိခဲ့တယ်လို့ ပြောရမှာပါ။ သူ့ရဲ့ခြေစွမ်းတွေကို ကြည့်မယ်ဆိုရင်တော့ သူဟာမိုနာကိုအသင်းနဲ့အတူ ပယ်နယ်တီဂိုး အကြိမ် ၂၀ သွင်းယူခဲ့ဖူးပြီး လွဲခဲ့တာက တစ်ကြိမ်ပဲ ရှိပါတယ်။ အဲဒီတစ်ကြိမ်ကလည်း ပြီးခဲ့တဲ့နှစ် ဒေါ့မွန့်အသင်းနဲ့ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ ဖြစ်ပါတယ်။ ပြင်သစ်လိဂ်ဝမ်းမှာတော့ သူဟာပင်နယ်တီ ၁၅ ကြိမ်သွင်းယူထားပြီး တစ်ကြိမ်မှ လွဲခဲ့ဖူးခြင်းမရှိတဲ့သူဖြစ်သလို ဥရောပ ထိပ်တန်းလိဂ် ငါးခုမှာတော့ ပယ်နယ်တီ အသွင်းရဆုံးသော ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာဆိုရင် သူဟာ ဘောလုံးပေးပို့မှုပေါင်း ၁၉၈၀ ရှိခဲ့ပြီး ပြင်သစ်လိဂ်ဝမ်းမှာ သူ့လောက် ဘောလုံးပေးပို့နိုင်သူ မရှိပါဘူး။ အောင်မြင်စွာဘောလုံးဖြတ်ထုတ်နိုင်မှု အကြိမ်ပေါင်းကလည်း ၁၁၂ ကြိမ် ရှိခဲ့ပါတယ်။ အမြင့်ဘောလုယူနိုင်မှုမှာလည်း ၉၉ ကြိမ်ရှိခဲ့ပြီး ပြင်သစ်လိဂ်ဝမ်းမှာ အကောင်းဆုံးအမြင့်ဘော လုယူနိုင်သူလည်း ဖြစ်ပါတယ်။

### စူပါအေးဂျင့်ဂျော့မန်ဒက်စ်ရဲ့ကစားသမား

ဖာဘင်ညိုဟာ ဘရာဇီးသားဖြစ်ပြီး ဖလူမီနီစီလူငယ်အကယ်ဒမီကျောင်းက ပေါ်တူဂီကလပ် ရီယိုအေ့ဗ်အသင်းမှာ စတင်ကစားခဲ့တာ ဖြစ်ပါတယ်။ သူဟာအသက် ၂၀ အရွယ်ကတည်းက စူပါအေးဂျင့်ဖြစ်တဲ့ဂျော့မန်ဒက်စ်ရဲ့ ကစားသမားအဖြစ်ရှိနေခဲ့ပါတယ်။ အသက် ၅၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂျော့မန်ဒက်စ်ဟာ ကမ္ဘာကျော်တိုက်စစ်မှူး ရော်နယ်ဒို၊ရိုဒရီဂေးဇ်၊ ဒီမာရီယာနဲ့ အခြားနာမည်ကြီးကစားသမား တော်တော်များများအပြင် မော်ရင်ညိုရဲ့အေးဂျင့်ဖြစ်သူလည်း ဖြစ်ပါတယ်။ အရင်ကဆိုရင် မော်ရင်ညိုခေါ်ယူချင်တဲ့ ကစားသမားတော်တော်များများကိုလည်း ဂျော့မန်ဒက်စ်က ကူညီပေးခဲ့ဖူးပါတယ်။ ဒါပေမယ့် ဒီတစ်ကြိမ်မှာတော့ ဂျော့မန်ဒက်စ်ရဲ့ကစားသမားကိုတော့ မော်ရင်ညိုမခေါ်ယူနိုင်ဘဲ လီဗာပူးက ခေါ်ယူသွားနိုင်တယ်လို့ ပြောရမှာပါ။

### ရီးရဲမက်ဒရစ်ကစားသမားဟောင်း

ဖာဘင်ညိုဟာ ရီးရဲမက်ဒရစ်အသင်းမှာ ကစားခဲ့ဖူးတဲ့ ကစားသမားဟောင်းတစ်ဦး ဖြစ်တယ်ဆိုတာကတော့ အမှန်ပါပဲ။ ဖာဘင်ညိုဟာ ပေါ်တူဂီကလပ် ရီယိုအေ့ဗ်အသင်းကနေ ရီးရဲမက်ဒရစ်အသင်းကိုအငှားနဲ့ သွားကစားခဲ့ပါတယ်။ ရီးရဲမက်ဒရစ်အသင်းဟာ အရန်အသင်းအတွက် ဖာဘင်ညိုကို ခေါ်ယူခဲ့တာဖြစ်ပေမယ့် အသက် ၁၉ နှစ်သာရှိသေးတဲ့ ဖာဘင်ညိုရဲ့ ခြေစွမ်းကို နှစ်သက်တာကြောင့်အသင်းကြီးမှာ ခေါ်သုံးခဲ့ပါသေးတယ်။ သူဟာ ရီးရဲမက်ဒရစ် အသင်းကြီးမှာတော့ တစ်ပွဲသာ ပါဝင်ကစားခွင့် ရရှိခဲ့ပေမယ့် အဲဒီတစ်ပွဲမှာ ဂိုးရအောင်တစ်ကြိမ် ပံ့ပိုးပေးနိုင်ခဲ့ပါတယ်။ အဲဒီအချိန်တုန်းက ရီးရဲမက်ဒရစ်အသင်းရဲ့နည်းပြကမော်ရင်ညို ဖြစ်ခဲ့ပါတယ်။ ဒါကြောင့်လည်း မော်ရင်ညို အနေနဲ့ သူ့ရဲ့လက်အောက်မှာ ကစားခဲ့ဖူးတဲ့ ဖာဘင်ညိုလို ကစားသမားကို ခေါ်ယူဖို့ စိတ်ဝင်စားနေတာကတော့ သိပ်မထူးဆန်းဘူးလို့ ပြောရမှာပါ။ ။

> **‘ သူ့ရဲ့ခြေစွမ်းတွေကို ကြည့်မယ်ဆိုရင်တော့ သူဟာမိုနာကိုအသင်းနဲ့အတူ ပယ်နယ်တီဂိုး အကြိမ် ၂၀ သွင်းယူခဲ့ဖူးပြီး လွဲခဲ့တာက တစ်ကြိမ်ပဲ ရှိပါတယ်။ အဲဒီတစ်ကြိမ်ကလည်း ပြီးခဲ့တဲ့နှစ် ဒေါ့မွန့်အသင်းနဲ့ ကစားခဲ့တဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ ဖြစ်ပါတယ်။ ပြင်သစ်လိဂ်ဝမ်းမှာတော့ သူဟာပင်နယ်တီ ၁၅ ကြိမ်သွင်းယူထားပြီး တစ်ကြိမ်မှ လွဲခဲ့ဖူးခြင်းမရှိတဲ့သူဖြစ်သလို ဥရောပ ထိပ်တန်းလိဂ် ငါးခုမှာတော့ ပယ်နယ်တီ အသွင်းရဆုံးသော ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ် ’**

# အာဆင်နယ်အသင်းနည်းပြခန့်အပ်မှုအပေါ် ပီတစ်မှတ်ချက်ပြု



အာဆင်နယ်အသင်းမန်နေဂျာသစ် အမ်မရီအား ယခုနွေရာသီဈေးကွက်ကာလအတွင်း ကစားသမားသစ်ခေါ်ယူရေးအတွက် ပေါင်သန်း ၆၀ သာ သုံးစွဲခွင့်ပြုခဲ့သည့် အာဆင်နယ်အသင်း တာဝန်ရှိသူများကို ပြင်သစ်နှင့် အာဆင်နယ်ကွင်းလယ်ကစားသမားဟောင်း အီမန်နျူရယ် ပီတစ်က ပြစ်တင်ပြောဆိုလိုက်သည်။

အသက် ၄၇ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားဟောင်း ပီတစ်သည် ၁၉၉၇ ခုနှစ်မှ ၂၀၀၀ ပြည့်နှစ်အထိ အာဆင်နယ်အသင်းတွင် ပါဝင်ကစားခဲ့ကာ အာဆင်နယ်အသင်းနှင့်အတူ ပရီမီယာလိဂ်နှင့် အက်ဖ်အေဖလားတို့ကို တစ်ကြိမ်စီ၊ ကွန်မြူနတီဒိုင်းအား နှစ်ကြိမ်ရရှိခဲ့သူဖြစ်သည်။

အာဆင်နယ်အသင်းတာဝန်ရှိသူများသည် ၂၀၁၇-၁၈ ခုနှစ် ဘောလုံးရာသီကုန်ဆုံးချိန်တွင် အာဆင်နယ်အသင်းနှင့် လမ်းခွဲခဲ့သူ မန်နေဂျာ အာစင်ဝင်းဂါး၏နေရာတွင် ပီအက်စ်ဂျီ အသင်းနည်းပြဟောင်း အမ်မရီအား နှစ်နှစ်သက်တမ်းရှိ စာချုပ်ဖြင့် ပြီးခဲ့သည့် မေ ၂၃ ရက်တွင် ခန့်အပ်ခဲ့ခြင်း ဖြစ်သည်။ အာဆင်နယ်အသင်းအနေဖြင့် မန်နေဂျာသစ်အမ်မရီအား ကစားသမားသစ် ခေါ်ယူရေးအတွက် ငွေကြေးအနည်းငယ်သာ သုံးစွဲခွင့်ပြုထားသောကြောင့် မန်နေဂျာအမ်မရီသည် ပြောင်းရွှေ့ကြေး နည်းပါးသည့် ကစားသမားများကိုသာ ခေါ်ယူရဖွယ်ရှိနေသည်။ အမ်မရီသည် လာမည့် ဇွန် ၃၀ ရက်တွင် ဂျူဗင်တပ်စ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည့် ဆွစ်ဇာလန်ခံစစ်မှူး လီချက်စတိန်နာ၊ ပြောင်းရွှေ့ကြေးတန်ဖိုး ပေါင် ၁၆ သန်းခန့်ရှိ ဒေါ့မွန်အသင်းခံစစ်မှူး ပါပါစတာသို ပူးလော့စ်တို့ကို ခေါ်ယူရန် ပစ်မှတ်ထားလာဖွယ်သည်ဟုဆိုသည်။

ပီတစ်က “မန်နေဂျာသစ် အမ်မရီကို ကစားသမားသစ်ခေါ်ယူရေးမှာ အသုံးပြုဖို့ အာဆင်နယ်အသင်းက ခွင့်ပြုပေးတဲ့ ငွေပမာဏကို ကျွန်တော် ကြားသိလိုက်ချိန်မှာ ယုံတောင်မယုံနိုင်ဘူး ဖြစ်သွားတယ်၊ ပေါင်သန်း ၆၀ နဲ့ ဘာလုပ်လို့ရမှာလဲ၊ ဒီလောက်ငွေပမာဏသာ သုံးခိုင်းမယ်ဆိုရင် ကမ္ဘာ့အကောင်းဆုံးနည်းပြကို တာဝန်ပေးခဲ့ရင်တောင် အသင်းကဘာမှပြောင်းလဲလာမှာ မဟုတ်ဘူး၊ အာဆင်နယ်က အရည်အသွေးရှိတဲ့ အသင်းတစ်သင်းပါ၊ ဒါပေမယ့် မန်စီးတီး၊ လီဗာပူးတို့လို အသင်းတွေနဲ့တော့ ယှဉ်ဖို့ခက်တယ်၊ အာဆင်နယ်အသင်းအနေနဲ့ အရည်အသွေးမြင့်မားတဲ့ ကစားသမားတွေ ခေါ်ယူဖို့လိုပါတယ်၊ အာဆင်နယ်အသင်းဘုတ်အဖွဲ့ကို ကျွန်တော်ပြောချင်တာက တစ်နှစ်တစ်နှစ်မှာ အသင်းဆီ လူငယ်ကစားသမားတွေ ခေါ်ယူနေတာကို ရပ်တန့်ဖို့ပါပဲ၊ အသင်းမှာ လူငယ်ကစားသမားတွေ လုံလောက်နေပါပြီ၊ အာဆင်နယ်အသင်း လိုအပ်နေတာက အရည်အချင်းနဲ့ အတွေ့အကြုံ ရှိပြီးသား ကစားသမားတွေပါ၊ မန်နေဂျာ အမ်မရီအတွက် အာဆင်နယ်အသင်းက ခွင့်ပြုပေးတဲ့ ပေါင်သန်း ၆၀ ဆိုတဲ့ ပမာဏဟာ ကျွန်တော့်အတွက်တော့ ရယ်စရာပါပဲ”ဟု ပြောဆိုခဲ့သည်။

**ထက်အောင်**

# ရီးရဲမက်ဒရစ်အသင်းနှင့် ရော်နယ်ဒိုတို့ လမ်းခွဲဖြစ်နိုင်သည်ဟု ထင်ကြေးပေးမှုများ ထွက်ပေါ်လာ




စပိန်ကလပ် ရီးရဲမက်ဒရစ်အသင်းသည် ယခုနွေရာသီ ဈေးကွက်ကာလအတွင်း တိုက်စစ်ကစားသမား ခရစ္စတီယာနို ရော်နယ်ဒိုသည်အသင်းမှ ထွက်ခွာဖွယ်ရှိကြောင်း အရိပ်အမြွက်ဖော်ပြမှုတစ်ခု ပြုလုပ်ခဲ့ကြောင်း သတင်းများတွင် ရေးသား ဖော်ပြထားသည်။

လာမည့် ဘောလုံးရာသီတွင် ရီးရဲမက်ဒရစ်အသင်း ဝတ်ဆင်ကစားမည့် ဂျာစီသစ်ကို ရီးရဲအသင်း ဝက်ဘ်ဆိုက်မှ မိတ်ဆက်ကြေညာရာတွင် ရီးရဲမက်ဒရစ်အသင်း၏ ပထမကစားသမား ၂၃ ဦး၏ ဂျာစီသစ် ဝတ်ဆင်ထားသည့်ပုံများကို ဖော်ပြခဲ့သော်လည်း ရော်နယ်ဒို၏ နေရာ၌ ရုပ်ပုံဖော်ပြခြင်းမရှိဘဲ ရော်နယ်ဒို ဝတ်ဆင်ကစားသည့် နံပါတ် ၇ ဂျာစီကိုသာ ဖော်ပြခဲ့ခြင်းဖြစ်သည်။ ထိုသို့ ဖော်ပြမှုကြောင့် ပေါ်တူဂီကစားသမား ရော်နယ်ဒိုသည် ယခုနွေရာသီ ဈေးကွက်ကာလအတွင်းတွင် ရီးရဲမက်ဒရစ်အသင်းကို စွန့်ခွာလိမ့်မည်ဟု ထင်ကြေးပေးမှုများ ထွက်ပေါ်လာခြင်းဖြစ်သည်။

ရော်နယ်ဒိုသည် ရီးရဲမက်ဒရစ်အသင်း၏ စပွန်ဆာဖြစ်သော Adidas ကုမ္ပဏီ၏ ပြိုင်ဘက်ကုမ္ပဏီဖြစ်သော Nike ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုထားခြင်းကြောင့် ယခုကဲ့သို့ ရီးရဲအသင်း၏ အသင်းဂျာစီသစ် မိတ်ဆက်ရာတွင် ရုပ်ပုံဖော်ပြမှုမရှိခြင်းဖြစ်နိုင်ကြောင်း ယူဆမှုများရှိသော်လည်း ရော်နယ်ဒိုသည် ယခင်က ရီးရဲမက်ဒရစ်အသင်း၏ ဂျာစီသစ်မိတ်ဆက်မှုများတွင် ပါဝင်ခဲ့သူဖြစ်သည်။

စပိန်ဂျာနယ်လစ်တစ်ဦးဖြစ်ကာ ရော်နယ်ဒို၏ မိတ်ဆွေတစ်ဦးလည်းဖြစ်သူ နူနိုဂိုမက်စ်က ရော်နယ်ဒိုအနေဖြင့် ရီးရဲမက်ဒရစ်အသင်းနှင့် စာချုပ်သစ် ချုပ်ဆိုရေးကိစ္စအပေါ် မပျော်မရွှင်ဖြစ်နေရသော်လည်း လာမည့်ဘောလုံးရာသီတွင် ရီးရဲအသင်း၌ပင် ဆက်ရှိနေနိုင်သည်ဟု ပြောဆိုခဲ့သည်။

ဂိုမက်စ်က “ရော်နယ်ဒိုဟာ ရီးရဲ မက်ဒရစ်ကနေ ထွက်ခွာသွားလိမ့်မယ် လို့ ကျွန်တော် မထင်ဘူး၊ ဒါပေမယ့် ရီးရဲအသင်းက ရော်နယ်ဒိုကို စာချုပ်သစ် ချုပ်ဆိုရာမှာ အရင်စာချုပ်တွေ တုန်းကလို အချက်အလက်တွေနဲ့ပဲ စာချုပ်သစ် ချုပ်ဆိုသွားဖို့ ရည်ရွယ်ထားခြင်းကို ရော်နယ်ဒိုက မပျော်မရွှင်ဖြစ်နေရပါတယ်၊ ရော်နယ်ဒိုဟာ ကမ္ဘာ့အကောင်းဆုံးကစားသမားပါ၊ သူရရှိနေတဲ့ လုပ်ခငွေကို ကြည့်ရင် သူဟာ အလွန်နည်းပါးတဲ့ လုပ်ခငွေကိုသာ ရရှိနေတာဖြစ်တယ်ဆိုတဲ့အချက်ကို မြင်တွေ့နိုင်ပါတယ်၊ ရော်နယ်ဒိုက ဘာစီလိုနာအသင်းနဲ့ ဇာဗီ၊ အင်နီယေစတာ၊ မက်ဆီတို့ ချုပ်ဆိုခဲ့တဲ့ စာချုပ်မျိုးချုပ်ဆိုဖို့ ဆန္ဒရှိနေပါတယ်”ဟု ပြောဆိုခဲ့သည်။

ရော်နယ်ဒိုနှင့် ရီးရဲမက်ဒရစ် အသင်းတို့ ချုပ်ဆိုထားသည့် လက်ရှိ စာချုပ်သက်တမ်းမှာ ၂၀၂၁ ခုနှစ်တွင်မှ ကုန်ဆုံးမည်ဖြစ်သည်။

**ထက်အောင်**

> **နူနိုဂိုမက်စ်က ရော်နယ်ဒိုအနေဖြင့် ရီးရဲမက်ဒရစ်အသင်းနှင့် စာချုပ်သစ် ချုပ်ဆိုရေးကိစ္စအပေါ် မပျော်မရွှင်ဖြစ်နေရသော်လည်း လာမည့်ဘောလုံးရာသီတွင် ရီးရဲအသင်း၌ပင် ဆက်ရှိနေနိုင်သည်ဟု ပြောဆိုခဲ့သည်။**

# ငပုတောမြို့နယ် လူထုဗဟိုပြုစီမံကိန်း၏ သတင်းပြန်ကြားရေးနှင့် စည်းရုံးလှုံ့ဆော်ခြင်း ပြပွဲပြုလုပ်

**ငပုတော မေ ၃၁**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းအကောင်ထည်ဖော်နေသော လူထုဗဟိုပြုစီမံကိန်းကို ငပုတောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၆၇ အုပ်စုမှ ကျေးရွာပေါင်း ၃၄၇ ရွာတွင် ဆောင်ရွက်လျက်ရှိရာ လူထုဗဟိုပြုစီမံကိန်းမှ ဆောင်ရွက်နေသည့် လုပ်ငန်းများကို ပြည်သူများအနေဖြင့် ပိုမိုနားလည်သဘောပေါက်စေရန်နှင့် စီမံကိန်းလုပ်ငန်းများကို ရင်းနှီးကျွမ်းဝင်မှုရှိစေရန်အတွက် ပဉ္စမအကြိမ် သတင်းပြန်ကြားဆက်သွယ်ရေးနှင့် စည်းရုံးလှုံ့ဆော်ခြင်းပြပွဲကို သက်နိုးကုန်းအုပ်စု သက်နိုးကုန်းကျေးရွာ၌ မေ ၃၀ ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါအခမ်းအနားသို့ ငပုတောမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ တာဝန်ရှိသူများ၊ အနီးအနားကျေးရွာများမှ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စုအတွင်းရှိကျေးလက်နေပြည်သူများ၊ စီမံကိန်းအထောက်အကူပြုကော်မတီဝင်များ၊ သက်ဆိုင်ရာလူထုစည်းရုံးရေးမှူးနှင့် လက်ထောက်နည်းပညာမှူးများ တက်ရောက်ခဲ့ကြပြီး စီမံကိန်းနှင့်ပတ်သက်သည့် အချက်အလက်များကို တက်ရောက်လာသောပြည်သူများအားမေးမြန်းကာ အဖြေမှန်ဖြေဆိုနိုင်သူများအား စီမံကိန်းအမှတ်တံဆိပ်ပါသည့် တီရှပ်များနှင့် ကျောပိုးအိတ်များ လက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# သမဝါယမအသင်းများ ချေးငွေအရစ်ကျ ပေးဆပ်နိုင်ရေး ဆွေးနွေး

**မင်းလှ မေ ၃၁**
သရက်ခရိုင် မင်းလှမြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်းများက Exim Bank မှ ချေးယူထားသည့် ချေးငွေနှင့် စက်ကိရိယာချေးငွေများကို အရစ်ကျ ပြန်လည်ပေးဆပ်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်သမဝါယမအသင်းစု အစည်းအဝေးခန်းမ၌ မေ ၃၁ ရက်က ပြုလုပ်ခဲ့သည်။

**ရှင်းလင်းပြောကြား**

အစည်းအဝေးတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက ချေးငွေပြန်လည်ပေးဆပ်ရာတွင် အပြေအကျေပြန်လည်ပေးဆပ်ရန်နှင့် ဆောင်ရန်ရှောင်ရန်အချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌက ချေးငွေပေးဆပ်နိုင်ရေးနှင့် ဆောင်ရွက်ပေးမည့် နည်းလမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

မြို့နယ်သမဝါယမအသင်းအနေဖြင့် Exim Bank ချေးငွေများကို မြို့နယ်အတွင်းရှိ သမဝါယမအသင်း ၁၄၆ သင်းသို့ ထုတ်ချေးထားပြီး ပြန်လည်ပေးဆပ်ရန် ချေးငွေနှင့်အတိုးစုစုပေါင်း ကျပ် ၁၅၂၄၉ သိန်းကျော်ရှိကာ စက်ကိရိယာများ ရောင်းချထားပြီး အရစ်ကျပေးချေရမည့်ငွေမှာ စက်ကိရိယာနှင့် ယာဉ် ၉၅ စီးအတွက် ကျပ် ၁၀၆၆၁ သိန်းကျော်ရှိကြောင်း သိရသည်။

**ကိုသက် (အထက်မင်းလှ)**

# ရေတာရှည်မြို့နယ်တွင် ဒေသနှင့်ကိုက်ညီသည့်စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးလာ

**ရေတာရှည် မေ ၃၁**
မကြာမီရက်ပိုင်းအတွင်း တောင်သူများအနေဖြင့် မိုးစပါးများကို စတင်စိုက်ပျိုးကြတော့မည်ဖြစ်ရာ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းမှ တောင်သူများအနေဖြင့် ဈေးကွက်ဝင်ပြီး ဒေသနှင့်ကိုက်ညီသော စပါးမျိုးများကို ရွေးချယ်စိုက်ပျိုးလာကြသည်ကို တွေ့ရသည်။ တောင်သူများ စိုက်ပျိုးကြသည့် စပါးမျိုးများမှာ ရတနာတိုး၊ ထိုင်းကောက်၊ ရေဆင်းသုခ(၂)၊ ရွှေဘိုမနော်၊ ရောမင်း၊ ပျော့ထွန်း၊ ကောက်ကြီး(ဘေးကြား) အစရှိသည့် စပါးမျိုးများ ဖြစ်ကြသည်။

"တောင်သူတွေက ကိုယ်စိုက်ချင်တာ စိုက်လို့မရဘူး၊ အချိန်တန် စပါးပေါ်ရင် အရောင်းအဝယ်သွက်မယ့်စပါးမျိုးတွေကို စိုက်ကြရတာ၊ မျိုးရွေးချယ်တဲ့အခါမှာ ကိုယ့်ရေမြေအနေအထားနဲ့ကိုက်ညီမယ့် စပါးမျိုးကို ရွေးချယ်ကြဖို့လိုပါတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။ ယခုကာလသည် မိုးစပါးစိုက်ပျိုးရန် အချိန်လိုအပ်သေးသော်လည်း ရာသီချိန်ရောက်လျှင် ထွန်ယက်ရေး ဆောင်ရွက်ကြသည့်အခါ ထွန်စက်အစီးရေနည်းပါးခြင်းကြောင့် အချိန်ကြန့်ကြာမှုမရှိစေရန် ကြိုတင်၍ ထယ်ရေးပြင်ဆောင်ရွက်ခြင်းတို့ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

"ခုချိန်က စောသေးတယ်ဆိုပေမယ့် နွေစပါးစိုက်ပြီးတဲ့လယ်တွေဖြစ်တဲ့အတွက် ထယ်ရေးလုန်ထားဖို့လိုတယ်၊ ရိုးပြတ်နဲ့မြက်ပင်တွေ သေအောင်လို့ပါ၊ မိုးလဲဖြိုင်ဖြိုင်ရွာပြီဆိုရင် ထယ်ရေးပြင်ထားတဲ့အကွက်တွေကို ရိုတာဗေတာထွန်နဲ့ နှစ်စပ်လောက်ခုတ်တာနဲ့ စပါးစိုက်လို့ရတယ်"ဟု အထက်ပါ တောင်သူက ဆက်လက်ပြောကြားသည်။



မိုးစပါးအတွက် မျိုးရွေးချယ်ကြရာတွင် တောင်သူအချင်းချင်း မျိုးသန့်လဲလှယ်ဝယ်ယူခြင်းနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ထုတ်လုပ်ရောင်းချပေးသော မျိုးသန့်များကို ဝယ်ယူခြင်းတို့ဖြင့် မျိုးရွေးချယ်ကြပြီး အချို့သောတောင်သူများမှာ မျိုးသစ်ရရှိရန် နေပြည်တော်၊ ရေဆင်း စိုက်ပျိုးရေးဌာနအထိ သွားရောက်ဝယ်ယူကာ မျိုးသန့်ပွားယူ စိုက်ပျိုးခြင်းများ ဆောင်ရွက်ကြသည်ကိုလည်း တွေ့ရသည်။ မိုးရာသီစိုက်ပျိုးသည့် စပါးများမှာ နွေကာလကဲ့သို့မဟုတ်ဘဲ ရာသီဥတုအခြေအနေအပေါ်မူတည်သည့်အတွက် စပါးလေ့လွင့်မှုနည်းပါးစေရန် အထွက်နှုန်းကောင်းမွန်ပြီး ဥတုရာသီဒဏ်ခံနိုင်သော မျိုးစပါးများကို အများဆုံး ရွေးချယ်စိုက်ပျိုးလာကြခြင်း ဖြစ်သည်။

**ကိုလွင်(ဆွာ)**

# ချောင်းဆုံ၌ လေပြင်းတိုက်ခတ်မှုကြောင့်ပျက်စီးခဲ့သည့် အိမ်များအား ငွေနှင့် ထောက်ပံ့ပစ္စည်းပေးအပ်

**ချောင်းဆုံ မေ ၃၁**
မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်တွင် မေ ၂၉ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က တိုက်ခတ်သောလေပြင်းကြောင့် သဖန်ပင်ကြီးတစ်ပင် ပြိုလဲပြီး ရွာလွတ်မဟာဝိဟာရကျောင်းတိုက်မှ ဘုရားဆောင်ပျက်စီးခဲ့သလို လေပြင်းဒဏ်ကြောင့် မြို့နယ်အတွင်းမှ နေအိမ်အချို့၏ အစိတ်အပိုင်းအချို့ ပျက်စီးမှုများလည်းရှိခဲ့ကြောင်း သိရသည်။

အဆိုပါပျက်စီးခဲ့သောနေရာများသို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ တာဝန်ရှိသူများက မေ ၃၀ ရက်တွင် လာရောက်ကြည့်ရှုပြီး ဘုန်းကြီးကျောင်းဘုရားဆောင် ပြုပြင်ရန် ငွေကျပ်တစ်သိန်းနှင့် ကျောင်းသားတစ်ဦး ဆေးကုသစရိတ် ငွေကျပ်ငါးသောင်း၊ ပျက်စီးသည့် နေအိမ်တစ်လုံးလျှင် ငွေကျပ်တစ်သိန်းစီနှင့် နေအိမ်သုံးလုံးအတွက် တစ်အိမ်လျှင် ထောက်ပံ့ပစ္စည်း ၁၁ မျိုးကို ပေးအပ်ခဲ့သည်။ ပျက်စီးသွားသောနေအိမ်များမှာ ဒေါင်းရပ်အနောက်တွင် အိမ်တစ်လုံး၊ ထန်းပင်ကုန်းကျေးရွာတွင် အိမ်တစ်လုံးနှင့် ခရိုက်နီးဟုကျေးရွာတွင် အိမ်တစ်လုံးဖြစ်ကာ လေပြင်းဒဏ်ကြောင့် အမိုးများ တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ကြောင်းသိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# အမျိုးသမီးဘဝမှ အမျိုးသားဘဝသို့ လိင်ပြောင်းလဲလာခဲ့သည့် မသန်စွမ်းသူတစ်ဦး အီလက်ထရွန်နစ်ပညာသင်ကြားရန် ဆန္ဒရှိနေ

**စလင်း မေ ၃၁**
မွေးရာပါ အမျိုးသမီးဘဝမှ လိင်သဘာဝများ အမျိုးသားတစ်ဦးအသွင် ပြောင်းလဲလာခဲ့သည့် စလင်းမြို့ ပေါင်းပင်ဇင်းရပ်ရှိ မသန်စွမ်းသူတစ်ဦးမှာ အီလက်ထရွန်နစ်ပညာသင်ကြားရန် ဆန္ဒရှိနေပြီး ၎င်းအနေဖြင့် သင်ကြားခွင့်ရရန် အခက်အခဲများကြုံတွေ့နေရကြောင်း သိရသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားမှတ်တမ်းအရ ပညာသင်လိုသူမှာ မနွယ်နွယ်ဝင်း အသက် ၃၀ နှစ်ဖြစ်ပြီး ၎င်းမှာ အသက် ၁၆ နှစ်အရွယ်ခန့်ကတည်းက မလိင်သဘာဝမှ ကျားလိင်သဘာဝသို့ တဖြည်းဖြည်းပြောင်းလဲခဲ့ကြောင်း၊ မြန်မာစာကို ကောင်းမွန်စွာဖတ်တတ်ကာ အင်္ဂလိပ်စာအချို့ကို ဖတ်နိုင်စွမ်းရှိပြီး မည်သူ့ဆီ ကမှ မသင်ယူရပါဘဲ လျှပ်စစ်နှင့်ပတ်သက်သည့် ပစ္စည်းအချို့ကို ပြုပြင်နိုင်စွမ်းရှိနေကာ အီလက်ထရွန်နစ်ပညာကို သင်ကြားရန် ဆန္ဒရှိနေခြင်းဖြစ်ကြောင်း သိရသည်။

၎င်းအားကူညီပေးနိုင်ရန် ကြိုးပမ်းနေသည့် မကွေးပရဟိတအဖွဲ့ ဦးဆောင်သူ ကိုမိုးက "ချောစုဝေအလှပြုပြင်ရေးက ချိတ် ဆက်အကူအညီတောင်းခံတာကြောင့် မြန်မာနိုင်ငံ မသန်စွမ်း သူများရှေ့ဆောင်အဖွဲ့ (မကွေး) ရုံးခွဲတာဝန်ခံ ကိုနေစိုးလင်း၊ အစ်မချောစုဝေတို့ ဇနီးမောင်နှံတို့နဲ့ သွားခဲ့ပါတယ်၊ တတ်နိုင် သမျှ အကူအညီလေးတွေ ပေးခဲ့ပါတယ်၊ သူက အီလက်ထရွန်နစ် ပညာရပ်ကို သင်ချင်ပေမယ့် မသန်စွမ်း သင်တန်းကျောင်းမှာ သင်ကြားခွင့်ရဖို့က အခြေခံပညာ အထက်တန်းအဆင့် ရှိရမှာ ဖြစ်တာကြောင့် ဆံပင်ညှပ်၊ တံဆိပ်ရိုက်အစရှိတဲ့ အခြားအသက် မွေးဝမ်းကျောင်းပညာရပ်တွေ ရွေးချယ်စဉ်းစားပြီး တက်လို့ရအောင် ကူညီပေးမယ်လို့ ကိုနေစိုးလင်းက ရှင်းပြပြီး စိတ်ခွန်အားပဲ ပေးခဲ့ရပါတယ်"ဟု ပြောပြသည်။

မနွယ်နွယ်ဝင်းအား ကိုယ်တိုင်တွေ့ဆုံခဲ့သူ ကိုမိုး၏ ပြောကြားချက်အရ ၎င်းမှာ မလိင်အင်္ဂါ လုံးလုံးမရှိတော့ဘဲ ကျား အင်္ဂါ (မဖွံ့ဖြိုးသေး)ထွက်ပေါ်နေကြောင်း၊ မနွယ်နွယ်ဝင်း၏အသံမှာလည်း ယောကျ်ားတစ်ယောက်၏အသံဖြစ်နေပြီး နာမည် ကို မင်းခန့်(ခ)အာနိုးဟု ပြောင်းလဲထားကြောင်း သိရသည်။

"အကူအညီလိုတာကတော့ စားဝတ်နေရေးအတွက်ပဲ၊ သူ သင်ချင်တဲ့အတတ်ပညာက ပညာအရည်အချင်း ကန့်သတ် ထားတော့ မကူညီနိုင်ဘူးပေါ့၊ သူ့မိခင် မုဆိုးမကြီးက အကြော် ရောင်းပြီး စားဝတ်နေရေး ဖြေရှင်းနေခဲ့ရလို့ သူ့ကို ကျောင်းထားမပေးနိုင်ခဲ့ဘူးလို့ သိရပါတယ်"ဟု ကိုမိုးက ဆက်ရှင်းပြသည်။

နွယ်နွယ်ဝင်းခေါ် မင်းခန့် ခေါ် အာနိုးနှင့် ၎င်း၏မိခင်မှာ မိခင်၏ညီမဖြစ်သူ အိမ်ဝိုင်းထဲတွင် အိမ်ငယ်လေးထိုး၍ ညီမ၏ ကျွေးမွေးစောင့်ရှောက်မှုဖြင့် နေခဲ့ရကြောင်း၊ ယခုအခါ ညီမဖြစ်သူ ကွယ်လွန်သွားသည်မှာ ငါးလခန့်ရှိနေ၍ သားအမိနှစ်ဦး အခက်အခဲဖြစ်ပေါ်နေရကြောင်း၊ မသန်စွမ်းသဖြင့် ပုဆိုးမဝတ်နိုင်သည့် အာနိုးအတွက် အဝတ်အစားများ လှူဒါန်း ပေးနိုင်ရန် လုပ်ဆောင်သွားမည်ဖြစ်ပြီး ကူညီထောက်ပံ့လှူဒါန်းလိုပါက ကိုမိုး(မကွေးပရဟိတအဖွဲ့) ဖုန်း-၀၉-၅၃၄၃၁၆၄၁ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ဇေယျာတု(မကွေး)**

# အင်းတော်မြို့နယ်အတွင်း မော်တော်ယာဉ်မှတ်ပုံတင်နှင့် ယာဉ်မောင်းလိုင်စင်များ နယ်လှည့်ဆောင်ရွက်ပေးမည်

**အင်းတော် မေ ၃၁**
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ အစီအစဉ်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်း မော်တော်ယာဉ်မှတ်ပုံတင်နှင့် ယာဉ်မောင်းလိုင်စင်များကို နယ်လှည့်ဆောင်ရွက်ပေးရန် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(စစ်ကိုင်း)က စီစဉ်လျက်ရှိကြောင်းသိရသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး(စစ်ကိုင်း)မှ လက်ထောက်အင်ဂျင်နီယာ ဦးစဘားစတင်း ဦးဆောင်သည့် နယ်လှည့်စစ်ဆေးရေးအဖွဲ့သည် အင်းတော်မြို့နယ်တွင် ဇွန် ၈ ရက်မှ ၉ရက်အထိ နှစ်ရက်အတွင်း မှတ်ပုံတင်မဲ့ဆိုင်ကယ်များအား "SGG" နံပါတ် သတ်မှတ်၍ အသစ်မှတ်ပုံတင်ပေးခြင်း၊ မော်တော်ယဉ်နှင့် မော်တော်ဆိုင်ကယ်များ နယ်ဝင်မှတ်ပုံတင်ပေးခြင်း၊ နှစ်လဲသက်တမ်းတိုးခြင်း၊ မော်တော်ဆိုင်ကယ် အမောင်းလိုင်စင် အသစ်ထုတ်ပေးခြင်းနှင့် သက်တမ်းတိုးခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ဝ၆၇**

## စံပြစိုက်ခင်းစိုက်ပျိုးမည့် ရေးမြို့နယ်မှ တောင်သူများအား မျိုးစပါးပေးအပ်

**ရေး မေ ၃၁**
ရေးမြို့နယ်အတွင်း အဆင့်မြင့်နည်းပညာဖြင့် ဘက်စုံစံပြစိုက်ခင်းနှင့် ပျိုးခင်းများ စိုက်ပျိုးဆောင်ရွက်မည့် တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုးစပါးပေးအပ်ပွဲကို ရေးမြို့နယ် အစင်စံပြကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ မေ ၃၀ ရက်က ကျင်းပသည်။ မျိုးစပါးပေးအပ်ပွဲတွင် မြို့နယ်စီမံကိန်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မင်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်လှလှဝင်းက ဘက်စုံစံပြစိုက်ခင်းနှင့်ပတ်သက်၍ အဓိကအချက်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ စက်မှုလယ်ယာနှင့် အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ်နိုင်ခြင်း၊ ရေတော် မိုးတော်ဖြစ်ရမည့်နေရာဖြစ်ခြင်း၊ တစ်ကွင်းတစ်စပ်တည်း အနည်းဆုံး ဧက ၃၀၀ နှင့် အများဆုံးဧက ၁၀၀၀ ရှိခြင်းနှင့် အနည်းဆုံး စပါးအပါအဝင် နှစ်သီးစားစိုက်ပျိုးနိုင်ခြင်း စသည့်အချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် စံပြစိုက်ခင်းစိုက်ပျိုးမည့် တောင်သူ ၁၉ ဦးထံသို့ ပေါ်ဆန်းယဉ်မျိုးစပါး တင်း ၁၀၀ ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ပေးအပ်ခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**

# လူလိမ်များ၏ စားကျက်ဖြစ်လာနေသော ဖေ့စ်ဘုတ်နှင့် ငွေကြေးလိမ်လည်မှုများ

သူရဖြိုး

*(ယခင်တစ်ပတ်မှအဆက်)*

ပြီးခဲ့သည့်အပတ်က ဆောင်းပါးတွင် MLM လုပ်ငန်းများက ဖေ့စ်ဘုတ်ပေါ်၌ လိမ်ညာနေမှုများကြောင့် လူကြီး လူငယ်မရွေး အလိမ်ခံနေရပုံများကို ဖော်ပြခဲ့ပါသည်။

MLM ဆိုသည်မှာ Multi Level Marketing ကို အတိုကောက်ခေါ်သောနာမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင်မှု MLM ကုမ္ပဏီများမှာ နာမည်ပျက်လာသောကြောင့် Network Marketing ဟုလည်းကောင်း၊ Word of mouth marketing ဟုလည်းကောင်း နာမည်ပြောင်းခေါ်၍ မလိမ့်တပတ် လုပ်နေကြသည်များလည်း ရှိသည်။

MLM ကုမ္ပဏီများသည် ၎င်းတို့၏ထုတ်ကုန်များကို ရောင်းချရာတွင် ဆိုင်တွင် တင်၍ရောင်းချခြင်းမပြုဘဲ မင်ဘာအဆင့်ဆင့် ရောင်းချစေပြီး လက်လီဆိုင်များအပါအဝင် ဖြန့်ချိရေးအဆင့်ဆင့်သို့ပေးရမည့် အမြတ်ငွေများကို မင်ဘာများ ထံသို့ပေးသည့် ပုံစံအဖြစ် ပြောဆိုလေ့ရှိသည်။ MLM ကုမ္ပဏီများသည် တရားဝင် ကုမ္ပဏီမှတ်ပုံတင်လုပ်၍ ဖွင့်လှစ်ရောင်းချသလို ထုတ်ကုန်များမှာလည်း FDA ထောက်ခံချက်ယူ၍ ရောင်းချနေခြင်းဖြစ်ရာ မသိသူများအဖို့ ရုတ်တရက် ဆိုလျှင် လိမ်နေကြောင်းသိရန် ခဲယဉ်းလေသည်။

### MLM များ၏ လိမ်ပုံ



MLM များသည် ၎င်းတို့၏ထုတ်ကုန်များအတွက် ဖြန့်ချိရေးအဆင့်ဆင့်သို့ ပေးရမည့်အမြတ်ကို တစ်ဆင့်ရောင်းချပေးသည့် မင်ဘာများထံ ပေးသည်ဟု ဆိုသော်လည်း MLM စနစ်တွင် မင်ဘာအဆင့်ဆင့်ကို အမြတ်ပေးနေရခြင်းကြောင့် MLM ကုမ္ပဏီများ၏ ထုတ်ကုန်များသည် ပုံမှန်ဖြန့်ချိရောင်းချသည့် နာမည်ကြီးအမှတ်တံဆိပ် ထုတ်ကုန်များထက်ပင် အမြဲဈေးကြီးနေလေ့ရှိသည်။ ဈေးပိုကြီးသော်လည်း အရည်အသွေးပိုင်းတွင် နာမည်ကြီးထုတ်ကုန်များလောက် အာမခံချက်မရှိသောကြောင့် ရောင်းချပေးရသည့် မင်ဘာအဆင့်ဆင့်မှာ ကုန်ပစ္စည်း၏ အရည်အသွေးကို နဂိုရှိသည်ထက် ချဲ့ကားကြော်ငြာပြီးမှ ရောင်းရလေသည်။

ဥပမာ MLM ကုမ္ပဏီတစ်ခု၏ ကော်ဖီမစ်တစ်ထုပ်သည် ကျပ် ၇၀၀၊ ၈၀၀ ခန့်ကျနေသည့်အခါ ရောင်းထွက်စေရန်အတွက် ကော်ဖီမစ်သောက်ပါက အဆီကျစေနိုင်သည်ဟု လိမ်ရခြင်းမျိုးဖြစ်သည်။ မင်ဘာများက လိမ်နေကြသော်လည်း ထိုကော်ဖီမစ်ကို FDA သို့တင်၍ ထောက်ခံချက်ယူစဉ်က စားသောက်ကုန်အဖြစ်သာ ထောက်ခံချက်ယူထားပြီး အဆီကျဆေးအဖြစ် ထောက်ခံချက်ယူထားခြင်း မဟုတ်သောကြောင့် ထိုကော်ဖီမစ်ကိုသောက်လျှင် အဆီကျစေသည်ဟု ကုမ္ပဏီက တရားဝင် မကြော်ငြာရဲခြင်းမျိုးဖြစ်သည်။ ထို့အတူ ဓာတ်စာများမှာလည်း FDA တွင် ထောက်ခံချက်ယူစဉ်က မည်သည့်ရောဂါကိုမှ မကာကွယ် မကုသနိုင်သော ‘ဓာတ်စာ’ အဖြစ် ကုမ္ပဏီက ထောက်ခံချက်ယူသော်လည်း မင်ဘာများက ရောင်းချသည့်အခါ ကင်ဆာကိုပျောက်စေသလို H1N1 လို တုပ်ကွေးရောဂါမျိုးကိုပါ ကာကွယ်နိုင်သည့် ‘ဆေး’အဖြစ် လိမ်ရောင်းကြလေသည်။

MLM ကုမ္ပဏီများ၏ နောက်ထပ်လိမ်လည်မှုတစ်ခုမှာ လူဆွယ်ခြင်းဖြစ်သည်။ မင်ဘာဝင်တစ်ဦးသည် မိမိအောက်တွင် လူနှစ်ယောက်၊ ထိုနှစ်ယောက်၏အောက်တွင် နောက်ထပ်နှစ်ယောက်စီ (၁၊ ၂၊ ၄၊ ၈၊ ၁၆)စသည်ဖြင့် အဆင့်ဆင့် မင်ဘာဝင်၍ ကုန်ပစ္စည်းများကို ဝယ်ယူသုံးစွဲသူများလာအောင် စည်းရုံးပေးခြင်းဖြင့် မိမိအောက်ရှိ မင်ဘာအဆင့်ဆင့်က ကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲတိုင်း မိမိမှာလည်း အမြတ်များရနေမည်ဟု မက်လုံးပေးလေ့ရှိသည်။

သို့ရာတွင် ကုမ္ပဏီ၏ မင်ဘာဖြစ်ရန်အတွက် မင်ဘာဝင်မည့်သူသည် မင်ဘာဝင်ကြေးနှင့်အတူ ကုမ္ပဏီမှ ထုတ်ကုန်များကို သတ်မှတ်ထားသည့် ငွေကြေးပမာဏပြည့်အောင် ဈေးကြီးပေး၍ ဝယ်လိုက်ရသဖြင့် စစချင်းမှာပင် အရှုံးပေါ်လေသည်။ ထို့ကြောင့် မိမိအရှုံးပေါ်သည်ကို ကာမိစေရန်အတွက် နောက်ထပ်မင်ဘာဝင်မည့် လူများကို လိုက်ဆွယ်ပေးကြရတော့သည်။ အချို့သော MLM ကုမ္ပဏီများမှာမူ ကုန်ပစ္စည်းရောင်းချသည့် ပုံစံအစား Money game ပုံစံများအထိ ပြောင်းသွားပြီး ကုန်ပစ္စည်းမှာ ဟန်ပြဖြစ်ကာ လူဆွယ်ခြင်းကို အဓိကအနေဖြင့် လုပ်လာနေကြသည်ကိုလည်း တွေ့မြင်နေရသည်။

### ဖေ့စ်ဘုတ်ပေါ်မှာ ဘယ်လိုလိမ်သလဲ

ဖေ့စ်ဘုတ်ဆိုရှယ်နက်ဝပ်ကို လူသုံးများလာသည့်အခါတွင် MLM မင်ဘာများအတွက် ဈေးရောင်းရန်၊ လူဆွယ်ရန် နေရာကြီး ဖြစ်လာတော့သည်။ အစပိုင်းတွင် MLM ၏ ထုတ်ကုန်များကို လိမ်ညာကြော်ငြာ၍ ရောင်းကြသည်။ MLM ကုမ္ပဏီများတွင် မင်ဘာဝင်၍ ကုန်ပစ္စည်းများ ဖြန့်ချိပေးခြင်းဖြင့် လွယ်လွယ်ကူကူဖြင့် ဝင်ငွေရရှိစေနိုင်မည်ဟု ကြော်ငြာကြသည်။ ထိုသို့ အလိမ်အညာများကို ကိုယ်ပိုင် ဖေ့စ်ဘုတ်အကောင့်များတွင် ရေးကြသလို ဖေ့စ်ဘုတ် Page များထောင်၍လည်း ရေးကြသည်။

နောက်ပိုင်းတွင်မူ အများဆိုင် Page များ၊ Group များတွင်ပါ လိမ်ညာကြော်ငြာလာကြပြီး အဆိုးဆုံးမှာ အလုပ်အကိုင်ရှာဖွေရေး group များမှ အလုပ်ရှာနေသော လူငယ်များအား ပစ်မှတ်ထားလာကြခြင်းဖြစ်သည်။ ပညာအရည်အချင်းမလို၊ လုပ်ငန်းအတွေ့အကြုံရှိရန်မလို၊ အချိန်ပိုင်း အချိန်ပြည့် ကြိုက်နှစ်သက်သလို လုပ်ကိုင်နိုင်ပြီး လစဉ်ဝင်ငွေ ကျပ် နှစ်သိန်းမှ ၁၀ သိန်းခန့်အထိ ရနိုင်သည်ဟု အလုပ်အကိုင်ရှာဖွေရေး ဖေ့စ်ဘုတ် group များတွင် ဝင်ကြော်ငြာသော MLM သမားတို့၏ အလိမ်အညာကြော်ငြာများသည် ဘွဲ့ရပြီးခါစ အလုပ်ရှာနေသော လူငယ်များ၊ အချိန်ပိုင်းအလုပ်လုပ်ရင်း ကျောင်းစရိတ်ရလိုသော တက္ကသိုလ် ကျောင်းသား ကျောင်းသူများအတွက် ထောင်ချောက်တစ်ခုပင်ဖြစ်သည်။

MLM သမားများသည် ထိုသို့ အလိမ်အညာ ကြော်ငြာများကို ကြော်ငြာရာတွင် အများအားဖြင့် ကုမ္ပဏီနာမည်ကို ထည့်ပြောလေ့မရှိဘဲ စိတ်ဝင်စား၍ စုံစမ်းသူကိုမှ Private Message သို့ ထပ်ခေါ်၍ဖြစ်စေ၊ ဖုန်းခေါ်၍ဖြစ်စေ လိမ်လေ့ရှိကြသည်။

ထိုသို့ အလိမ်အညာ ကုန်ပစ္စည်းကြော်ငြာများ၊ အလိမ်အညာ အလုပ်ခေါ်ကြော်ငြာများကို MLM မင်ဘာများက ဖေ့စ်ဘုတ်တွင် ကြော်ငြာနေသည့်အခါ နားလည်သိရှိသူများက ဝင်ရောက်၍ သတိပေးခြင်းများ ပြုလုပ်ကြသည်များလည်း ရှိသည်။ ထိုအခါမျိုးတွင်လည်း MLM မင်ဘာများမှာ သတိပေးသည့် Comment များကို ဖျက်ပစ်ကာ သတိပေးသူကို block လုပ်ပြီး ဆက်လိမ်ကြလေသည်။ ယခုနောက်ပိုင်းတွင်မူ ဖေ့စ်ဘုတ်တွင် အလုပ်အကိုင်ရှာဖွေရေး Group များ ဖွင့်ထားကြသူများ ကိုယ်တိုင်က MLM စနစ်၏ ဆိုးကျိုးများကို သိရှိလာကြသဖြင့် MLM နှင့်ပတ်သက်သည့် ပို့စ်များကို လက်မခံဘဲ ဖျက်ပစ်ပေးနေကြသည်ကို တွေ့ရသည်။

MLM စနစ်၏ ကြောက်စရာကောင်းသည့်အချက်မှာ လိမ်လည်မှုတိုင်းကို MLM ကုမ္ပဏီများက ကိုယ်တိုင်လုပ်နေခြင်းမဟုတ်ဘဲ မင်ဘာဝင်မိသူများက ဆင့်ပွား၍ လိမ်သည့်အခြေအနေမျိုး ဖန်တီးထားခြင်းဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သော MLM တို့၏ အလိမ်အညာ ကြော်ငြာများတွင် မည်ရွေ့မည်မျှ ဝင်ငွေကို လွယ်လွယ်ကူကူ ရရှိစေမည်ဟု MLM မင်ဘာများက ကြော်ငြာနေကြသော်လည်း ၎င်းတို့ကိုယ်တိုင် ထိုဝင်ငွေပမာဏကို မရကြဘဲ အရှုံးပေါ်နေသည့်ကြားမှ တစ်နေ့တွင် ထိုသို့ဝင်ငွေရရန် မျှော်လင့်ချက်ဖြင့် လိမ်ပေးနေကြခြင်းမျိုး ဖြစ်သည်ကိုလည်း တွေ့ရသည်။

စတင်ပေါ်ပေါက်ချိန် နှစ်ပေါင်း ၆၀ ကျော် ရှိခဲ့ပြီဖြစ်သော MLM စနစ်မှာ ဆိုးကျိုးများကြောင့် မားကတ်တင်းပညာရပ်တစ်ခုအဖြစ် သတ်မှတ်ခြင်းမခံရသလို နိုင်ငံတကာတွင်လည်း အခြေအနေအရ MLM ကို လက်ခံထားသည့်တိုင် MLM ကုမ္ပဏီများအတွက် တင်းကျပ်သော စည်းမျဉ်းစည်းကမ်းများကို အစိုးရက ချမှတ်ထားကြသည်။ MLM စနစ်ကို လုံးဝလက်မခံကြသော နိုင်ငံများလည်းရှိသည်။ မြန်မာနိုင်ငံတွင်မူ MLM ကုမ္ပဏီ များမှာ အရှိန်ရနေဆဲဖြစ်ကာ ၎င်းတို့အား ဖေ့စ်ဘုတ်ပေါ်တွင် ဝေဖန်ရေးသားသူကိုပင် ဆက်သွယ်ရေးဥပဒေဖြင့် ပြန်လည်တရားစွဲသည့် အခြေအနေဖြစ်နေလေသည်။

သို့ဖြစ်၍ ဖေ့စ်ဘုတ်ပေါ်တွင် လုပ်နေကြသည့် လိမ်လည်မှုအမျိုးမျိုးအနက် ရှယ်ယာလိမ်ခြင်း၊ စုမဲလိမ်ခြင်းတို့ကဲ့သို့ ပြောင်လိမ်ခြင်းမဟုတ်ဘဲ တရားဝင် ကုမ္ပဏီထောင်၍ မလိမ့်တပတ် လိမ်နေကြသည့် MLM ကုမ္ပဏီများနှင့် MLM မင်ဘာများ၏ လိမ်လည်မှုများတွင် သားကောင်မဖြစ်ကြစေရန် အလုပ်အကိုင်ရှာနေသော လူငယ်များ၊ အပိုဝင်ငွေရမည့် အချိန်ပိုင်းအလုပ်လုပ်ချင်နေသော အိမ်ရှင်မများ၊ ဝန်ထမ်းအလုပ်မှ ထွက်၍ စီးပွားရေးလုပ်ချင်နေသော လူငယ်များအနေဖြင့် သတိထားကြရမည်ဖြစ်သည်။ ထို့အတူ ရောဂါတစ်ခုကြောင့် ဆေးကုနေရသူများအနေဖြင့်လည်း MLM ကုမ္ပဏီများ၏ ဆေးမဟုတ်သော ဓာတ်စာများကို ယုံကြည်မိပါက ကျန်းမာရေးကိုပါ ပို၍ဆိုးရွားစေမည်ဖြစ်သောကြောင့် MLM ကုမ္ပဏီများအား ဝေးဝေးရှောင်ကြဖို့ သတိပြုကြရမည်ဖြစ်ပေသည်။

**“မြန်မာနိုင်ငံတွင်မူ တရားဥပဒေစိုးမိုးရေး လိုအပ်ချက်များ ရှိနေသေးသောကြောင့်လည်းကောင်း၊ စည်းမျဉ်းစည်းကမ်းများ အားနည်းနေခြင်းကြောင့်လည်းကောင်း MLM ကုမ္ပဏီများမှာ အရှိန်ရနေဆဲဖြစ်ကာ ၎င်းတို့အား ဖေ့စ်ဘုတ်ပေါ်တွင် ဝေဖန်ရေးသားသူကိုပင် ဆက်သွယ်ရေးဥပဒေဖြင့် ပြန်လည်တရားစွဲသည့် အခြေအနေဖြစ်နေလေသည်”**

## မြန်မာဝီကီကို ယူနီကုတ်မရှိသောဖုန်းများတွင် ဖတ်နိုင်မည့် အပလီကေးရှင်းထုတ်လုပ်

**ရန်ကုန် မေ ၃၁**

အွန်လိုင်းစွယ်စုံကျမ်းဖြစ်သည့် ဝီကီပီးဒီးယား၏ မြန်မာနိုင်ငံအတွက် ဝက်ဘ်ဆိုက်ဖြစ်သည့် မြန်မာဝီကီပီးဒီးယားဝက်ဘ်ဆိုက်(my.wikipedia.org)မှ အချက်အလက်များကို ယူနီကုတ်မရှိသော ဖုန်းများတွင် ဇော်ဂျီဖောင့်ရှိရုံဖြင့်ပင် ဖတ်ရှုနိုင်မည့် မိုဘိုင်းအပလီကေးရှင်းတစ်ခုဖြစ်သည့် ZawgyiPedia အပလီကေးရှင်းကို DevHouse Myanmar က ရေးဆွဲထုတ်လုပ်ထားပြီဖြစ်သည်။

မြန်မာဝီကီပီးဒီးယား ဝက်ဘ်ဆိုက်မှာ မူလ ဝီကီပီးဒီးယား ဝက်ဘ်ဆိုက်ကဲ့သို့ပင် စွယ်စုံကျမ်းဝက်ဘ်ဆိုက်ဖြစ်ပြီး မြန်မာနိုင်ငံမှ အကြောင်းအရာများကို မြန်မာဘာသာဖြင့် ရေးသားထားသော ဝက်ဘ်ဆိုက်ဖြစ်သည်။ ဝက်ဘ်ဆိုက်မှ အကြောင်းအရာများကို မည်သူမဆို ဝင်ရောက်ကြည့်ရှု ကိုးကားနိုင်ကာ ရေးသားထားသော အချက်များမှ လိုအပ်ချက်များကိုလည်း တည်းဖြတ်ပြင်ဆင်နိုင်သည်။ ဝက်ဘ်ဆိုက်အတွင်းမှ စာများကို မြန်မာဘာသာဖြင့်ရေးသားရာတွင် ယူနီကုတ်ဖောင့်စနစ်ကို သုံးထားပြီး ပြည်တွင်းမှ ဖုန်းအသုံးပြုသူအများစုမှာ ဇော်ဂျီဖောင့်ကိုသာ အသုံးပြုနေသဖြင့် ဝက်ဘ်ဆိုက်မှစာများကို ဖတ်ရှုရန် အဆင်မပြေသောကြောင့် အဆင်ပြေစွာ ဖတ်ရှုနိုင်ရန် အပလီကေးရှင်းကို ထုတ်လုပ်ခြင်းဖြစ်ကြောင်း DevHouse မှ ကိုမြတ်မင်းစိုးက ပြောသည်။

အပလီကေးရှင်းကို အသုံးပြု၍ ဖုန်းတွင် ဇော်ဂျီဖောင့်ရှိရုံဖြင့်ပင် မြန်မာဝီကီဝက်ဘ်ဆိုက်မှ စာများကို အဆင်ပြေချောမွေ့စွာ ဖတ်နိုင်သလို ဖတ်လိုသည့်အချက်အလက်များကိုလည်း ဇော်ဂျီဖောင့်ဖြင့် ရိုက်ထည့်၍ပင် အလွယ်တကူ ရှာနိုင်မည်ဖြစ်သည်။ ဝက်ဘ်ဆိုက်အတွင်း စာများကို ဇော်ဂျီဖောင့်ဖြင့် ဝင်ရောက်ရေးသားနိုင်ရန်လည်း Update အပလီကေးရှင်းကို နောက်ပိုင်းတွင် ထပ်ထုတ်သွားရန်ရှိကြောင်း၊ စွယ်စုံကျမ်းဝက်ဘ်ဆိုက်ဖြစ်သောကြောင့် အက္ခရာစီခြင်း၊ Link ချိတ်ခြင်းများ ပြုလုပ်ရသည့်အတွက် စာရေးသားနိုင်အောင် လုပ်သည့်အခါတွင် ဇော်ဂျီဖောင့်ဖြင့် ရိုက်ထည့်သည့်အနေအထား လုပ်၍မရနိုင်ကြောင်း၊ ယူနီကုတ်ဖောင့်ကိုဇော်ဂျီလက်ကွက်ဖြင့် ရိုက်ထည့်သည့် အနေအထားသာ ပြုလုပ်၍ ရနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဖုန်းများတွင် ဇော်ဂျီဖောင့်နှင့် ယူနီကုတ် နှစ်ခုစလုံး ရှိသူများအနေဖြင့်မူ ဖုန်း၏ browser မှ ဝက်ဘ်ဆိုက်သို့ဝင်၍ ယူနီကုတ်ဖြင့် တိုက်ရိုက်ဖတ်ရှုခြင်းက ပိုအဆင်ပြေပြီး အပလီကေးရှင်းအသုံးပြု၍ ဖတ်ရာတွင် စာလုံးအချို့ အဆင်မပြေသည်ကို တွေ့ရသည်။ သို့ရာတွင် Browser ဖြင့်ဖတ်သည့်အခါ အများဆုံး သုံးနေကြသော ဇော်ဂျီလက်ကွက်ဖြင့် ရိုက်၍ မရှာနိုင်ဘဲ အပလီကေးရှင်းတွင်မူ ဇော်ဂျီလက်ကွက်အတိုင်းရိုက်၍ ရှာနိုင်ခြင်းက အားသာချက်ဖြစ်နေသည်ကိုလည်း တွေ့ရသည်။

အပလီကေးရှင်းကို ဒေါင်းလုတ်ရယူလိုပါက အန်းဒရွိုက်အတွက် Google play store နှင့် အခြား အန်းဒရွိုက်အပလီကေးရှင်း ဝက်ဘ်ဆိုက်များတွင်ဖြစ်စေ၊ အိုင်ဖုန်းအတွက် Apple app store တွင်ဖြစ်စေ ZawgyiPedia ဟု ရှာ၍ ဒေါင်းလုတ်ရယူနိုင်မည်ဖြစ်သည်။

အပလီကေးရှင်းကို ထုတ်လုပ်ပြီးသည့်နောက်တွင် မြန်မာဝီကီဝက်ဘ်ဆိုက်သို့ ဝင်ရောက်ကြည့်ရှုသည့် အရေအတွက်မှာလည်း တိုးလာပြီး ယခင်က တစ်ရက်လျှင် အကြိမ်နှစ်သောင်းခန့်ရှိရာမှ ယခုအခါ အကြိမ်လေးသောင်းခန့်အထိ ရှိလာကြောင်း သိရသည်။

သူရဖြိုး

## OPPO F7 နှင့် OPPO F7 Youth စမတ်ဖုန်းသစ်များ မိတ်ဆက်

**ရန်ကုန် မေ ၃၁**

OPPO Myanmar က ပြီးခဲ့သည့် မေ ၃၀ ရက်တွင် ရန်ကုန်မြို့ Melia Hotel ၌ စမတ်ဖုန်းသစ်များဖြစ်သော OPPO F7 နှင့် OPPO F7 Youth တို့တရားဝင် မိတ်ဆက်ပေးလိုက်ပြီး မိတ်ဆက်ပွဲသို့ OPPO ၏ Ambassador အနုပညာရှင်များ တက်ရောက်ခဲ့သည်။

ယခု F Series ထုတ်ကုန်သစ်များမှာ ယခင် F Series များနှင့် ဒီဇိုင်းပိုင်းတွင် ထူးခြားပြောင်းလဲပြီး ဖုန်း၏ နောက်ကျောဘက်ကိုဖန်သားမျက်နှာပြင် ဖန်တီးလုပ်ဆောင်ပေးထားသည်။ OPPO F7 မှာ ကမ္ဘာ့ပထမဆုံး 25MP အရည်အသွေးရှိ Selfie ကင်မရာနှင့်အတူ အဆင့်မြှင့်တင်ပေးထားသော AI Beauty 2.0 နည်းပညာ ထည့်သွင်းထားသည်။ ထို့အပြင် Sony ၏ 576 sensor အမျိုးအစားကိုပါ Selfie ကင်မရာအတွက် အသုံးပြုထားခြင်းကြောင့် သမားရိုးကျ software HDR ထက်ကောင်းမွန်သော Sensor HDR အဖြစ် လုပ်ဆောင်ပေးသည်။

မျက်နှာပြင်အရွယ်အစား ၆ ဒသမ ၂၃ လက်မရှိပြီး 2280x1080 pixel အရည်အသွေးရှိ FullHD+ Super Full Screen ဖြစ်ကာ Octa-core 2.0 GHz CPU နှင့်အတူ RAM 4GB ပါဝင်သည်။ အင်တာနယ်မင်မိုရီ 64GB ပါဝင်ပြီး SD card မှတစ်ဆင့် 256GB အထိ ထပ်တိုးအသုံးပြုနိုင်ဦးမည်ဖြစ်သည်။ 4G ဆင်းကတ်နှစ်ကတ် တစ်ပြိုင်တည်း အသုံးပြုနိုင်မည့် Triple slot tray အမျိုးအစားကို သုံးပေးထားသည်။ နောက်ကင်မရာမှာ ၁၆ မဂ္ဂါပစ်ဇယ်ရှိပြီး ကင်မရာတစ်လုံးတည်းဖြင့် Portrait ဓာတ်ပုံများကိုပါရိုက်ယူနိုင်မည်ဖြစ်သည်။ ဘက်ထရီပိုင်းတွင် AI Management စနစ်များပါသည့် 3400 mAh battery ကို အသုံးပြုထား၍ ပုံမှန်အတိုင်း အသုံးပြုပါက ၁၅ နာရီကြာခံမည်ဖြစ်သည်။ အန်းဒရွိုက်ဗားရှင်း 8.1 ကိုOPPO ၏ Color OS 5.0 နှင့် တွဲသုံးထားပြီး အနီ၊ အနက်နှင့် ငွေရောင်များ ထုတ်လုပ်ထားကာ ကျပ် ၃၉၉၀၀၀ ဖြင့် ရောင်းချပေးမည်ဖြစ်သည်။



OPPO F7 Youth မှာ မျက်နှာပြင်အကျယ် ခြောက်လက်မရှိပြီး နောက်ကင်မရာမှာ ၁၃ မဂ္ဂါပစ်ဇယ်ရှိကာ Portrait ပုံများကိုပါ ရိုက်ယူနိုင်စေမည်ဖြစ်သည်။ ရှေ့ဘက် Selfie ကင်မရာအတွက် ရုပ်ထွက်ကြည်လင်မှုရှိစေမည့် 8MP ကို သုံးပေးထားပြီး ယခင် လူကြိုက်များခဲ့သည့် OPPO F5 Youth ကို အဆင့်မြှင့်တင်ထားသည့် upgrade ဖုန်းတစ်လုံးဖြစ်ပြီး ဈေးနှုန်းမှာ OPPO F5 Youth အတိုင်း 319000 ကျပ်ဖြစ်သည်။ **မင်းခေတ်၊ ဓာတ်ပုံ- မိုးမခ**

# မြေအောက်ရေနှင့် ကျန်းမာရေး

◆ မောင်ကျေးရေ ◆

***ယမန်နေ့မှအဆက်***

**(၉) ဆာလ်ဖိတ် (ကန့်)** Sulphate($SO_4^{--}$)

စံနှုန်းသတ်မှတ်ချက်(၂၅၀)။ ဆာလ်ဖိတ်ကိုသဘာဝအလျောက်ရေခိုအောင်းနေသော မြေလွှာ၊ ကျောက်လွှာများတွင် ဓာတ်ပေါင်းအဖြစ် တွေ့ရသည်။ ဆိုဒီယမ်၊ ကယ်လ်စီယမ်၊ မဂ္ဂနီစီယမ်တို့နှင့် ပေါင်းစပ်နေသော ဓာတ်ပေါင်းသည် သတ်မှတ်အဆင့်ထက်ကျော်ပါက ရေကိုခါးစေသည်။ အော့အန်ခြင်း၊ ဗိုက်နာဗိုက်အောင့်ဖြစ်စေသည်။ ကန့်နံ့ကိုပေးသည်။ ခန္ဓာကိုယ်မှရေဓာတ်လျော့နည်းစေပါသည်။ပိုက်များကို ချိုးတက်စေသည်။ ရေပိုက်(သံပိုက်၊ ကြေးပိုက်၊ ဂျီအိုင်ပိုက်)များကို တမြည့်မြည့်ယိုယွင်းပျက်စီးစေပါမည်။

အောက်သိုးသိုး၊ ပုပ်သိုးသောအနံ့အရသာ ကြက်ဥ၊ ဘဲဥပုပ်နံ့အရသာရပါက ဟိုက်ဒရိုဂျင်ဆာလ်ဖိတ် ($H_2S$)၊ မှော်၊ ရေညှိစသည်တို့နှင့် ဗက်တီးရီးယားပိုးမွှားများရေတွင် ပျော်ဝင်နေသောကြောင့် ဖြစ်သည်။

**(၁၀) နိုက်ထရိတ် + နိုက်ထရိုတ်** (Nitrade($N0_3^-$ )+Nitrite)

စံနှုန်းသတ်မှတ်ချက်မှာ (၅၀ + ၃) ဖြစ်သည်။ စံနှုန်းသတ်မှတ်ချက်ထက်များပါက ခါးသောအရသာကိုပေးပြီး ကလေးငယ်များအတွက် မောပန်းနွမ်းနယ်ခြင်း၊ အရေပြား ပြာနှမ်းခြင်း၊ (Blue baby)အဆိပ်အတောက်ဖြစ်စေသည်။ အိမ်တွင်း သောက်သုံးရေအဖြစ် မသုံးသင့်ပါ။

သွေးတွင်းရှိ အောက်ဆီဂျင်ပါဝင်နှုန်းကို ကျဆင်းစေသည်။ မိလ္လာစွန့်ပစ်ရေဆိုးများ၊ ဓာတ်မြေဩဇာပျော်ဝင်နေသော စိုက်ပျိုးရေများပျော်ဝင်နေပါက စံသတ်မှတ်ချက်ထက်မြင့်နေခြင်း ဖြစ်သည်။ လိုအပ်သော ဇီဝဗေဒဆိုင်ရာ စမ်းသပ်မှုများ (COD,BOD)ဆက်လက်ပြုလုပ်ရန် လိုအပ်မည်ဖြစ်သည်။

**(၁၁) ဖလူလိုရိုက်** Fluoride

စံနှုန်းမှာ ၁ ဒသမ ၅၀ ဖြစ်သည်။ သွား၊ သွားဖုံးနှင့်ပတ်သက်သော ရောဂါများကိုဖြစ်ပွားစေပါသည်။ သတ်မှတ်ချက်အတွင်းရှိပါက သွားများကိုခိုင်မာစေသည်။ သွားများကိုဖြူဖွေးစေပါသည်။

ဖလူလိုရိုက် (Fluoride)ကို ဓာတ်ပစ္စည်းတစ်ခုအနေဖြင့် မြေအောက်ရေတွင် ၊ မြေသားကျောက်သားများတွင် အတွေ့ရများပါသည်။ သတ်မှတ်ချက်ထက်များသောရေကို နှစ်ရှည်လများသောက်သုံးပါက သွားဖုံး၊ အရိုးအဆစ်များ နာကျင်စေပါမည်။

**(၁၂) မဂ္ဂနီဓာတ်** (Magnese(Mn))

စံနှုန်းသတ်မှတ်ချက် ၀ ဒသမ ၀၅ မဂ္ဂနီကို မြေအောက်ရေတွင် သံဓာတ် (Iron,Fe)နှင့် တွဲတွေ့ရသည်။ သတ်မှတ်ချက်ထက်ကျော်လွန်ပါက သံဓာတ်ကဲ့သို့ပြုမူပါသည်။ ရေအိုးရေခွက်နှုတ်ခမ်းများကို အစွန်းအထင်းဖြစ်စေသည်။ ရေစစ်ဆန်ခါများ၊ ပိုက်များကို ညှိမည်းစေပြီး မဂ္ဂနီအနည်များက ရေဝင်ဆန်ခါကို ပိတ်ဆို့စေပါသည်။ သံဓာတ်ကဲ့သို့ အနက်ရောင်၊ ညိုညစ်ညစ်အရောင်အစွန်းအထင်းဖြစ်စေပါသည်။ ထမင်းချက်ရင်လည်း ထမင်းအရောင်မဖြူဖွေးပါ။ ရေနွေးကြမ်းလည်း သောက်မကောင်းပါ။ သံဓာတ်နှင့် မဂ္ဂနီရောနေသည့်ရေသည် သတ်မှတ်အဆင့်ထက် ကျော်လွန်ခြင်းရှိ မရှိကို သိလိုပါက မိမိအိမ်ရှိစက်ရေတွင်းမှရေကို အနည်းငယ်ရယူ၍ မြန်မာလက်ဖက်ခြောက်၊ လက်ဖက်ရည်ကြမ်းထည့်ထားသောခွက်ထဲသို့ အတော်အသင့် သွန်ထည့်ကြည့်ပါ။ ထိုအခါ ရေနွေးကြမ်းရေသည် ညိုမည်းသွားပါက ထိုရေသည်သတ်မှတ်အဆင့်ထက် (၂-၃)ဆမက ပိုမိုများပြားနေမည်။

(သံဓာတ်နှင့်မဂ္ဂနီများပြားနေပါက အာဆင်းနစ်ကို စမ်းသပ်သင့်ပါသည်)

**(၁၃) ခဲဓာတ်** (Lead,Pb)

သတ်မှတ်ချက်စံနှုန်းမှာ ၀ ဒသမ ၀၁ သတ်မှတ်အဆင့်ထက် အနည်းငယ်မျှကျော်လွန်ပါက သောက်သုံးသူကို အဆိပ်အတောက်ဖြစ်စေသည်။ ထိုင်းမှိုင်းခြင်း၊ ဝမ်းဗိုက်နာခြင်း၊ ဝမ်းချုပ်ခြင်း၊ သွေးအားနည်းခြင်း၊ ကြွက်သားများ တဖြည်းဖြည်းတုံ့ဆိုင်းလာခြင်းနှင့် သေဆုံးခြင်းများကို ဖြစ်စေသည်။ အဆိပ်အတောက်၊ ဘေးအန္တရာယ်ဖြစ်စေသော သတ္တုပစ္စည်းများဖြစ်ကြပြီး ရေတွင်အလွန့်လွန် နည်းပါးစွာပျော်ဝင်နေသဖြင့် (Trace Elements / Minerals and toxic Materials) ဟု ခေါ်ပါသည်။ စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာများ ပျော်ဝင်နေသော စွန့်ပစ်ရေ၊ စက်ရုံ၊ အလုပ်ရုံက စွန့်ပစ်ရေများသည် မြေအောက်ရေအောင်းလွှာ (Shallow Groundwater)သို့ စီးဆင်းစိမ့်ဝင်သွားခြင်းတို့ကြောင့် ဖြစ်ပါသည်။

**(၁၄) သွပ်ဓာတ်** (Zinc(Zn))

စံနှုန်းသတ်မှတ်ချက်မှာ ၀ ဒသမ ၃၀ ဖြစ်သည်။ ဇင့်သည် ကျန်းမာရေးအရ လူနှင့်သတ္တဝါတို့၏ ဇီဝကမ္မအတွက် လိုအပ်သောသတ္တုဓာတ်စင်ဖြစ်သည်။ သို့သော် စိုက်ပျိုးရေး၊ စက်မှုလုပ်ငန်းများက စွန့်ပစ်အဆိပ်ရေများ မြေအောက်ရေ (Shallow Groundwater)ထဲသို့စီးဝင်ပြီး ဓာတ်ပေါင်းအဖြစ် ပျော်ဝင်နေသည့် ရေသည် သတ်မှတ်စံနှုန်းထက်များနေပါက လူ့ကျန်းမာရေးကို ထိခိုက်စေပါသည်။

**(၁၅) ကြေးနီဓာတ်** (Copper(Cu))

စံနှုန်းသတ်မှတ်ချက်သည် ၂ ဒသမ ၀ ဖြစ်သည်။ သတ်မှတ်ချက်ထက်များပါက အရောင်အဆင်းစွန်းထင်းစေသည်။ ကော်ဖီ၊ လက်ဖက်ရည်များ အနံ့မကောင်းပါ။ အသည်းကိုပျက်စီးစေသည်။ အဆိပ်အတောက်ဖြစ်စေသည်။ ဝမ်းတွင်းကလီစာများကို ဒုက္ခပေးနိုင်သည်။ အဆိုပါ ဓာတ်သတ္တုများဖြစ်တည်မှုမှာ စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာများ ပျော်ဝင်နေသော စွန့်ပစ်ရေ၊ စက်ရုံ၊ အလုပ်ရုံက စွန့်ပစ်ရေ၊ သတ္တုတွင်းများမှထွက်ရှိသော စွန့်ပစ်ရေများသည် အဓိကဖြစ်၏။

**(၁၆) နီကယ်လ်** (Nickel)

စံနှုန်းသတ်မှတ်ချက်မှာ ၀ ဒသမ ၀၇ ဖြစ်သည်။ သတ်မှတ်ချက်ထက်ပိုသောရေကိုသောက်သုံးမိပါက လူ၊ သတ္တဝါကို အဆိပ်အတောက်ဖြစ်စေပါသည်။ အဆိုပါ ဓာတ်သတ္တုများဖြစ်တည်မှုမှာ စိုက်ပျိုးရေးသုံး ဓာတ်မြေဩဇာများ ပျော်ဝင်နေသော စွန့်ပစ်ရေ၊ စက်ရုံ၊ အလုပ်ရုံက စွန့်ပစ်ရေ၊ သတ္တုတွင်းများမှ ထွက်ရှိသောစွန့်ပစ်ရေများသည် မြေအောက်ရေအောင်းလွှာသို့ စီးဆင်းစိမ့်ဝင်သွားခြင်းဖြင့် မြေအောက်ရေကို အဆိပ်အတောက်ဖြစ်စေသည်။



မြေအောက်ရေနှင့်ကျန်းမာရေး

**(၁၇) အာဆင်းနစ်** (Arsenic)

စံနှုန်းသတ်မှတ်ချက်မှာ ၀ ဒသမ ၀၃ (၀ ဒသမ ၀၁) ဖြစ်သည်။ သတ်မှတ်ချက်ထက်ကျော်လွန်ပါက အသားအရေကို ပျက်စီးစေပါသည်။ သွေးလည်ပတ်မှုစနစ်ကို မမှန်မကန်ဖြစ်စေသည်။ အချိန်မြင့်စွာသောက်သုံးမိလာပါက အရေပြားနှင့်ဆိုင်သော၊ ကျောက်ကပ်၊ ဆီးအိမ်၊ ဆီးနှင့်ပတ်သက်သောရောဂါ၊ နှလုံးသွေးကြောနှင့်ဆိုင်သောရောဂါ၊ ကင်ဆာရောဂါများကိုဖြစ်လာစေနိုင်ပါသည်။ အာဆင်းနစ်သည် သဘာဝအလျောက် သတ္တုဓာတ်စင်များပျော်ဝင်နေသည့် မြေလွှာ၊ ကျောက်လွှာများကို တိုက်စားပြီး မြေအောက်ရေတွင် ပျော်ဝင်နေနိုင်သည်။ (မြန်မာနိုင်ငံမြစ်ဝကျွန်းပေါ်ဒေသတွင် ထိုသို့မြေအောက်ရေတွင် ပျော်ဝင်နေသည်)သတ္တုတွင်း စွန့်ပစ်ရေဆိုးများ မြေအောက်ရေထဲသို့စိမ့်ဝင်ပြီးပျော်ဝင်နိုင်သည်။ လျှပ်စစ်ပစ္စည်း၊ အီလက်ထရွန်နစ်ပစ္စည်း၊ စက်ရုံများက စွန့်ပစ်ရေဆိုးများ မြေအောက်ရေထဲသို့ စိမ့်ဝင်ပြီး ပျော်ဝင်နိုင်သည်။ အဆိပ်အတောက်၊ ဘေးအန္တရာယ်ဖြစ်စေသော သတ္တုပစ္စည်းများဖြစ်ကြပါသည်။

မြေအောက်ရေကို ညစ်ညမ်းစေသော အဓိကအကြောင်းအရင်းများမှာ ဇီဝဗေဒဆိုင်ရာလုပ်ငန်းများမှ စွန့်ပစ်ရေများ၊ လူတို့စွန့်ပစ်သည့် အညစ်အကြေးများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံစွန့်ပစ်ပစ္စည်း၊ သတ္တုတွင်းမှ စွန့်ပစ်ရေဆိုးများ၊ ဓာတ်ဆီဆိုင်များရှိ မြေအောက်ဆီသိုလှောင်ကန်များက စိမ့်ထွက်သောဆီများ မြေကြီးအတွင်းစိမ့်ဝင်ပြီး မြေအောက်ရေအောင်းလွှာတွင် ရေနှင့်ထိတွေ့ပြီး မြေအောက်ရေထု ညစ်ညမ်းစေခြင်းတို့ဖြစ်သည်။ မြေအောက်ရေ အရည်အသွေးကို ဆိုးကျိုးသက်ရောက်စေသည်။

**ဆောင်ရွက်သင့်သည်များ -**

သတ်မှတ်ထားသည့်နေရာများတွင် စက်ရေတွင်းတူးပြီး ရေအသုံးပြုခြင်း၊ စနစ်တကျ အကာအရံများရှိသော လက်တူးတွင်းများ အသုံးပြုခြင်းနှင့် စနစ်ကျသော စိတ်ချရသည့် မိလ္လာရေဆိုးထုတ်စနစ်ကို အသုံးပြုခြင်း၊ ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ အသုံးပြုခြင်း၊ ကျေးလက်ဒေသများတွင် လေဝင်လေထွက်ကောင်းသည့် အနံ့အသက်ကင်းသော ကျင်းအိမ်သာများ အသုံးပြုစေခြင်းတို့ဖြစ်ပါသည်။

က။ သောက်သုံးရေအတွက် စက်ရေတွင်းတူးရန် နေရာရွေးချယ်ပါက အောက်ပါတို့ကို အဓိကစဉ်းစားပါရန်။

၁။ မိလ္လာအညစ်အကြေးစွန့်ကန်၊ ပိုက်လိုင်းများနှင့် အနည်းဆုံးပေ ၅၀ ကွာဝေးရန်
၂။ အသုံးမပြုသည့်တွင်းနှင့် အနည်းဆုံးပေ ၅၀ ကွာဝေးရန်
၃။ ခြံဝင်းအတွင်းရှိ ကျင်းအိမ်သာနှင့် အနည်းဆုံးပေ ၅၀ ကွာရန်
၄။ စွန့်ပစ်ပစ္စည်းအမှိုက်ပုံနှင့် အနည်းဆုံးပေ ၅၀ ကွာဝေးရန်
၅။ သင်္ချိုင်းအုတ်ဂူနှင့် အနည်းဆုံးပေ ၅၀ ကွာဝေးရန်
၆။ အိမ်မွေးတိရစ္ဆာန်ထားသည့် အဆောက်အအုံနှင့် အနည်းဆုံးပေ ၅၀ကွာဝေးရန်
၇။ တိရစ္ဆာန်အစားအစာ သိုလှောင်ထားသည့် အဆောက်အအုံနှင့် အနည်းဆုံး ပေ ၅၀ ကွာဝေးရန်
၈။ ဆီဂါလန် ၁၀၀၀ နှင့်အထက်သိုလှောင်သည့် ကန်၊ (မြေတွင်း)တို့နှင့် အနည်းဆုံး ပေ ၅၀ ကွာဝေးရန်
၉။ ဓာတ်ငွေ့ပိုက်လိုင်းနှင့် အနည်းဆုံးပေ ၅၀ ကွာဝေးရန်
၁၀။ ရေကန်၊ ချောင်းမြောင်းစသည်တို့နှင့် အနည်းဆုံး ၃၅ ပေ ကွာဝေးရန်
၁၁။ ရေကူးကန်(အိမ်ခြံဝင်းအတွင်းရှိ)နှင့် အနည်းဆုံးပေ ၂၀ ကွာဝေးရန်
၁၂။ အိမ်သုံးဆီလှောင်ကန်(ဂါလန် -၁၀၀၀-အောက်)နှင့် အနည်းဆုံးပေ ၂၀ ကွာဝေးရန်
၁၃။ လျှပ်စစ်ဓာတ်အားလိုင်းနှင့် အနည်းဆုံး ၁၀ ပေ ကွာဝေးရန်
၁၄။ အိမ်အဆောက်အအုံနှင့် အနည်းဆုံး သုံးပေ ကွာဝေးရန်

ခ။ စက်ရေတွင်းမှရေကို စမ်းသပ်စစ်ဆေးပါ။

မြေအောက်ရေကို သောက်သုံးရေ အဖြစ်အသုံးပြုနေသူများသည် မိမိတို့အိမ်ရှိ စက်ရေတွင်းမှထွက်သော ရေ၏အရည်သွေးကိုသိရှိရန်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO / World Health Organization) က သတ်မှတ်ထားသော သောက်သုံးရေ အရည်အသွေးအဆင့်အတန်း (Drinking Water Quality Standard) တန်းနှင့်ချိန်ထိုး၍ အခြေခံအချက်အလက်များကို သိထားရန်ဖြစ်သည်။ တစ်နှစ်တစ်ခါ ပုံမှန်ရေစမ်းသပ်စစ်ဆေးသင့်ပါသည်။ ကျွမ်းကျင်သူများနှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်း NHL (National Health Laboratory) ၌ စမ်းသပ်စစ်ဆေးပေးသည်။

**ဦးစားပေးစမ်းသပ်သင့်သည်များမှာ -**

(၁) ပီအိတ်(ချ်) pH ၊
(၂) သံဓာတ် Iron(Fe) ၊
(၃) မဂ္ဂနီဓာတ် (Magnese(Mn)) ၊
(၄) ဓာတ်ဆားပျော်ဝင်မှု စုစုပေါင်း Total Dissolved Solid(TDS)၊
(၅) ကလိုရိုဒ် (အငန်ဓာတ်၊ ဆားဓာတ်) Chloride($Cl^-$) တို့ဖြစ်ပါသည်။

**ရေကောင်းရေသန့်နှင့် လူတို့၏ အခြေခံရပိုင်ခွင့် -**

(၁) အရောင်အဆင်းအနည်အနှစ် အနံ့အရသာတို့ကိုဖြစ်စေသော ရုပ်ဝတ္ထုများ ကင်းစင်စေခြင်း။
(၂) လူတို့၏စိတ်ရောကိုယ်ပါ ကျန်းမာမှုကိုထိခိုက်စေသော ဓာတ်ပစ္စည်းများ ကင်းစင်စေခြင်း။
(၃) လူတို့အားရောဂါရစေသောပိုးမွှားများ ကင်းစင်စေခြင်းစသည့် အရည်အချင်းသုံးရပ်နှင့် ပြည့်စုံသောရေကို ရေကောင်းရေသန့်ဟု ခေါ်ပါသည်။

ရေသည် ကမ္ဘာလောကသားအားလုံးအတွက် မရှိမဖြစ် အခြေခံအလိုအပ်ဆုံးသောအရာဖြစ်ပါသည်။ စိတ်ချစွာ သောက်သုံးနိုင်သောရေနှင့် သန့်စင်သောလေရရှိရေးသည် လူသားအားလုံးအတွက် မွေးရာပါရပိုင်ခွင့်ဖြစ်ပါသည်။

မြေအောက်ရေသည် မြေပေါ်ရေထက်ပမာဏ၊ အဆများစွာ ဖြစ်တည်နေပါသည်။ ထို့ကြောင့် မြေအောက်ရေကို အဆိပ်အတောက်၊ ရောဂါပိုးပွားများပျော်ဝင်ညစ်ညမ်းမှုမရှိအောင် စဉ်ဆက်မပြတ် ဆက်လက်စောင့်ရှောက်ထိန်းသိမ်းထားရမည်ဖြစ်ပါသည်။ သို့မှသာ လူသားအားလုံးအတွက် အလိုအပ်ဆုံးသော သောက်သုံးရေကို အမြဲရယူသုံးစွဲနိုင်မည်ဖြစ်ပေသည်။

**နိဂုံး**

သန့်ရှင်းကောင်းမွန်သောရေသည် လူသားအားလုံး၏ ကျန်မာရေးနှင့် သန့်ရှင်းသော ပတ်ဝန်းကျင်အတွက် အရေးကြီးသော၊ တန်ဖိုးရှိသော လာဘ်တစ်ပါးဖြစ်ပါသည်။ စိတ်ချစွာသောက်သုံးနိုင်သော သန့်စင်သည့်ရေ၊ မိလ္လာနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးသည် လူ့ကျန်းမာရေးအတွက်အဓိကဖြစ်သည်။ ပြည်သူအများကျန်းမာနေမှ တိုင်းပြည်စီးပွားတိုးတက်ရေး ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သောက်သုံးရန်သင့်လျော်သော ရေ (Portable water) သောက်သုံးရန်သင့်လျော်သောရေကို ၉၃ ဒသမ ၂ ရာခိုင်နှုန်းသော မြို့နေလူထုနှင့် ကျေးလက်နေပြည်သူ ၇၇ ဒသမ ၆ ရာခိုင်နှုန်း အသုံးပြုနေကြသည်။ ကောင်းမွန်သော မိလ္လာနှင့်ရေဆိုးထုတ်စနစ်ကို မြို့နေပြည်သူ ၈၅ ရာခိုင်နှုန်းနှင့် ကျေးလက်နေပြည်သူ ၇၅ ရာခိုင်နှုန်း အသုံးပြုနေကြကြောင်း ကျန်းမာရေးမှတ်တမ်းအစီရင်ခံစာများတွင် တွေ့ရသည်။

စွန့်ပစ်ရေဆိုးများ စနစ်တကျစွန့်ပစ်စေရေး၊ စွန့်ပစ်ရေဆိုးများကို စနစ်တကျ သန့်စင်ပြီး ပြန်လည်အသုံးချစေရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ရေအရင်းအမြစ်များ အစဉ်သန့်စင်နေစေရေး စသည့် ရေအရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံတစ်ဝန်း လုပ်ဆောင်ကြရမည်ဖြစ်ပေသည်။ ပြည်သူ ပြည်သားများ၏ ကျန်းမာရေးကို တိုးတက်ကောင်းမွန်စေမည်။ ဤလုပ်ရပ်များသည် နိုင်ငံဖွံ့ဖြိုးရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပါသည်။

ပြည်သူ့ကျန်းမာရေးအတွက် မြေအောက်ရေအရင်းအမြစ်ကို ကာကွယ်ရန်မှာ ပြည်သူပြည်သားများ၏ တာဝန်သာဖြစ်ပေသည်။ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ မြေအောက်ရေကြောင့် ကျန်းမာရေး ဘေးဒုက္ခကင်းစေရန် . . . ။ ။

**“မြေအောက်ရေကို ညစ်ညမ်းစေသော အဓိကအကြောင်းအရင်းများမှာ ဇီဝဗေဒဆိုင်ရာလုပ်ငန်းများမှ စွန့်ပစ်ရေများ၊ လူတို့စွန့်ပစ်သည့် အညစ်အကြေးများနှင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ စက်ရုံ၊ အလုပ်ရုံစွန့်ပစ်ပစ္စည်း၊ သတ္တုတွင်းမှ စွန့်ပစ်ရေဆိုးများ၊ ဓာတ်ဆီဆိုင်များရှိ မြေအောက်ဆီသိုလှောင်ကန်များက စိမ့်ထွက်သောဆီများ မြေကြီးအတွင်း စိမ့်ဝင်ပြီး မြေအောက်ရေအောင်းလွှာတွင် ရေနှင့်ထိတွေ့ပြီး မြေအောက်ရေထု ညစ်ညမ်းစေခြင်းတို့ဖြစ်သည်။ မြေအောက်ရေ အရည်အသွေးကို ဆိုးကျိုးသက်ရောက်စေ”**

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီး
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကုသရေးဦးစီးဌာန၊ ရန်ကုန်မြို့ မျက်စိရောဂါအထူးကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော FDA အသိအမှတ်ပြုဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၉-၅-၂၀၁၈ရက် (အင်္ဂါနေ့)
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၈-၆-၂၀၁၈ရက်(ကြာသပတေးနေ့) ညနေ ၄နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ဝယ်ယူ စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး**
**မျက်စိရောဂါအထူးကုဆေးရုံကြီး**
**အမှတ်(၃၀)၊ နတ်မောက်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၅၅၇၉၅၆၊ ၅၄၉၁၇၀**

## ကတ္တရာပီပါခွံများ လေလံတင်ရောင်းချခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုနှင့် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်အသုံးပြုခဲ့သော ကတ္တရာပီပါခွံ ၁၀၅၀၁လုံးအား ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချလိုပါသည်။

**လေလံလျှောက်လွှာစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၄-၆-၂၀၁၈ရက် နံနက် ၉း၃၀နာရီ
**လေလံလျှောက်လွှာပိတ်ရက်နှင့်အချိန်** - ၁၄-၆-၂၀၁၈ရက် ညနေ ၅း၀၀နာရီ
**ဈေးပြိုင်လေလံဖွင့်မည့်ရက်နှင့်အချိန်** - ၁၅-၆-၂၀၁၈ရက် နံနက် ၁၀း၀၀နာရီ

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက မကွေးခရိုင်၊ လမ်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး ဖုန်း-၀၆၃-၂၀၂၃၀၅၃ နှင့် ၀၆၃-၂၀၂၅၈၈၆သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**မှတ်ချက်**။ တင်ဒါအောင်မြင်သူသည် ကတ္တရာပီပါခွံများကို မြို့နယ်များအလိုက် သွားရောက်ယူဆောင်ရမည်။

**လေလံတင်ရောင်းချရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)တွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါ ယာဉ်/ယန္တရားနှင့်စက်ပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | Car Crane(5Ton) | (၁) စီး |
| (ခ) | Wheel Loader(Bucket Capacity 3m³) | (၂) စီး |
| (ဂ) | Backhole Loader | (၁) စီး |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၁-၆-၂၀၁၈ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၁၄-၆-၂၀၁၈ရက် ၁၂း၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်)ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ် အချက်အလက်များကို ဖုန်း-၃၈၈၇၃၂ သို့လည်းကောင်း၊ စံချိန်စံညွှန်းသတ်မှတ်ချက်များအတွက် ဖုန်း-၀၉-၅၁၉၄၁၆၃ သို့လည်းကောင်း ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

### ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
### ကုသရေးဦးစီးဌာန
### ခုတင်(၅၀၀)ဆံ့ လှိုင်ကော်ပြည်သူ့ဆေးရုံကြီး၊ ကယားပြည်နယ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ခုတင် (၅၀၀)ဆံ့ လှိုင်ကော်ပြည်သူ့ဆေးရုံကြီး၊ ကယားပြည်နယ်တွင် တက်ရောက်ကုသလျက်ရှိသော လူနာများအတွက်လိုအပ်သော FDA အသိအမှတ်ပြု ဆေးဝါးနှင့် ဆေးပစ္စည်း၊ Consumables၊ အောက်ဆီဂျင်၊ ဓာတ်မှန်၊ ဓာတ်ခွဲခန်းသုံးပစ္စည်းတို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အစိုးရအသိအမှတ်ပြု လိုင်စင်ရဆေးကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၂၅-၅-၂၀၁၈ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၅-၆-၂၀၁၈ရက် ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ဆေးဝါးများစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ခုတင်(၅၀၀)ဆံ့ လှိုင်ကော်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးခန်းတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**
**ခုတင်(၅၀၀)ဆံ့လှိုင်ကော်ပြည်သူ့ဆေးရုံကြီး၊ ကယားပြည်နယ်**
**ဆက်သွယ်ရမည့် ဖုန်း-၀၈၃-၂၂၂၁၃၆၅၊ ၀၈၃-၂၂၂၁၅၁၁**

## မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် နေပြည်တော်အသင်းခွဲပထမအကြိမ်နှစ်ပတ်လည် အစည်းအဝေး(၂၀၁၈)ကို အောက်ပါအစီစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ပြည်နယ်/တိုင်းဒေသကြီးအသင်းခွဲများမှ ဥက္ကဋ္ဌအတွင်းရေးမှူးများနှင့် စိတ်ပါဝင်စားသူ သွားနှင့်ခံတွင်းဆရာဝန်များ တက်ရောက်နိုင်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်

**အစီအစဉ်**
**နေ့ရက်** - ၁၆-၆-၂၀၁၈(စနေနေ့) ၁၇-၆-၂၀၁၈(တနင်္ဂနွေနေ့)
**အချိန်** - နံနက် ၉း၀၀နာရီမှ ညနေ ၅း၀၀နာရီ
**နေရာ** - မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗန်းရှင်းစင်တာ(၂) MICC II, နေပြည်တော်
ညီလာခံမှတ်ပုံတင်ကြေးတစ်ဦး ၃၀၀၀၀ကျပ် (နေထိုင်စားသောက်စရိတ်အပါ)
Hand-on course နှစ်ခု ၃၀၀၀၀ကျပ် (GOLFER များအတွက် ဂေါက်သီးရိုက်ပြိုင်ပွဲပါဝင်ပါသည်)

**ဆက်သွယ်ရန်**
ဒေါက်တာကြည်လွင်(ပုလဲသွားနှင့်ခံတွင်းဆေးခန်းများ)
ဖုန်း-၀၉-၄၂၀၇၇၈၇၄၄
ဒေါက်တာကျော်သူဦး(Perfect)သွားနှင့်ခံတွင်းဆေးခန်း
ဖုန်း-၀၉-၅၀၂၉၃၃၈
ဒေါက်တာဝင်းဇော် ဖုန်း-၀၉-၂၅၆၀၈၀၁၄၆
ဒေါက်တာအောင်ကျော်မျိုး ဖုန်း-၀၉-၂၆၀၃၀၆၁၀၆
ဒေါက်တာ တင်သီတာထွန်း ဖုန်း-၀၉-၃၁၀၀၈၆၀၃

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
## ကုသရေးဦးစီးဌာန
## စိတ်ကျန်းမာရေးဆေးရုံကြီး(မန္တလေးမြို့)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအား ကုသပေးရန်လိုအပ်သော ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁-၆-၂၀၁၈ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၆-၂၀၁၈ရက် ညနေ ၄နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့်ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီးရုံး၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၉-၂၅၉၄၇၆၁၈၅၊ ၀၉-၉၆၂၀၅၈၄၄၃**

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
### မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၁)ရေနံဓာတ်ငွေ့ရည်စက်ရုံ (မင်းဘူး)မှ ပရိုပိန်းရေနံဓာတ်ငွေ့ရည် ၁၅၀ တန် (တန်တစ်ရာ့ငါးဆယ်တိတိ)နှင့် ဗြူတိန်းရေနံဓာတ်ငွေ့ရည် ၂၅၀ တန် (တန်နှစ်ရာ့ငါးဆယ်တိတိ) စုစုပေါင်း ရေနံဓာတ် ငွေ့ရည် ၄၀၀ တန် (တန်လေးရာတိတိ)ကို တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ပါ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ထုတ်ပေးထားသည့် ရေနံဓာတ်ငွေ့ရည် တင်သွင်း သိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချခွင့်လိုင်စင် လိုင်စင်(ခ)သို့မဟုတ် လိုင်စင်(စ) လက်ဝယ်ရှိသူများ အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါတင်သွင်းရန်နောက်ဆုံးရက်/အချိန်နှင့်နေရာ** - ၁၁-၆-၂၀၁၈ ရက် (တနင်္လာနေ့) ၁၂း၀၀နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း (ရုံးချုပ်)ရုံးအမှတ်(၄၄)၊ နေပြည်တော်

၃။ **တင်ဒါဖွင့်ပွဲပြုလုပ်မည့်ရက်နှင့်အချိန်** - ၁၁-၆-၂၀၁၈ ရက် (တနင်္လာနေ့)၊ ၁၄း၀၀ နာရီ

၄။ တင်ဒါစည်းကမ်းချက်နှင့်တင်ဒါပုံစံများအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website (www.moee.gov.mm) တွင် ၂၉-၅-၂၀၁၈ ရက်မှစ၍ ဝင်ရောက်ကြည့်ရှုပြီး Download ရယူနိုင်ပါသည်။

၅။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၁၉၄ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်ဇေယျ (ဘ) ဦးငွေးညွန့် ၈/မလန(နိုင်)၀၅၂၅၆၉၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ) သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၈၃၀၂၇၇၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ အထက (၆) သတ္တမတန်းမှ မောင်အောင်မြတ်ကျော်၏ ဖခင်ဦးတုံဟုံရှီး(ခ) ဦးတုံဟုန်ရှီ ၁၃/လရန(နိုင်)၁၃၅၅၀၈မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ခင်ဇော်ဦး (ဘ) ဦးအောင်ဝင်းလှိုင် ၈/တတက(နိုင်) ၂၁၄၆၄၀၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၄၉၃၃၁၅၁**

## တစ်ဦးတည်းဖြစ်ပါကြောင်း

လားရှိုးမြို့၊ အထက (၆)၊ ပဉ္စမတန်းမှ မရွှင်လန်းနန္ဒာ၏ ဖခင် ဦးတုံဟုံရှီး(ခ) ဦးတုံဟုန်ရှီ ၁၃/လရန(နိုင်)၁၃၅၅၀၈မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ရဲဝင်းနိုင်(ဘ)ဦးသာခိုင် ၉/လဝန(နိုင်)၂၀၉၀၀၅၏ နိုင်ငံကူးလက်မှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၃၂၇၇၈၄၃**

## အမည်မှန်

လားရှိုးမြို့၊ အထက (၉)၊ တက္ကသိုလ်ဝင်တန်းမှ မဇာဇာဝင်းပြည့်၏ အမည်မှန်မှာ နန်းဇာဇာဝင်းပြည့် ဖြစ်ပါသည်။

## မိခင်အမည်မှန်

ကချင်ပြည်နယ်၊ ဖားကန့်မြို့၊ အလက(ခွဲ-ရွှေတောင်ကျော်)၊ စတုတ္ထတန်းမှ မဖူးပွင့်ခိုင်၊ တတိယတန်းအောင်မှ မကြည်ဖြူခိုင်နှင့် KGတန်းမှ မောင်ကောင်းပြည့်စုံတို့၏မိခင် ဒေါ်ထွေးငယ်၏ အမည်မှန်မှာ ဒေါ်မငယ် ဖြစ်ပါသည်။

## အမည်ပြောင်း

ပူတာအိုမြို့၊ အထက(ပူတာအို)၊ ဒုတိယတန်းမှ မကြယ်စင်ချိုအား မစွဲ့ဖြိုးစန္ဒီခမ်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ဖခင်အမည်မှန်

ကသာမြို့နယ်၊ ကင်းမွန်းခြံကျေးရွာ အထက၊ ဆဋ္ဌမတန်းမှ မောင်နေဇင်တိုး၏ဖခင်အမည်မှန်မှာ ဦးသန့်ကျော် ၅/ကသန(နိုင်)၀၉၁၇၅၅ ဖြစ်ပါကြောင်း။

## မိဘအမည်မှန်

ကသာမြို့နယ်၊ ပင်းမလွတ်ကျေးရွာ၊ အထက၊ အဋ္ဌမတန်းမှ မောင်သန်းနိုင်ဦး၏မိဘ အမည်မှန်မှာ ဦးဝင်းမြင့် ၅/ကသန(နိုင်)၀၆၅၁၁၅နှင့်ဒေါ်တင်မာအေး ၅/ကသန(နိုင်)၁၃၁၇၁၆ ဖြစ်ပါကြောင်း။

## မိခင်အမည်မှန်

ကသာမြို့နယ်၊ ရပ်ကွက်(၉)၊ ထခွဲ(လ-၁)၊ နဝမတန်း(အောင်)မှ မသက်သက်နိုင်၏မိခင် အမည်မှန်မှာ ဒေါ်ညွန့်စိန် ၅/ကသန(နိုင်)၀၁၄၀၅၁ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရေနံချောင်း၊ ဒီဂရီကောလိပ်၊ ပထဝီ (တတိယနှစ်)မှ မောင်ကျော်စိန်ဝင်းနှင့် (အလက) စိန်ပန်းပင်ကျောင်း၊ သတ္တမတန်းမှ မပိုပိုချော၊တို့၏ ဖခင်အမည်မှန်မှာ ဦးတင်ဝင်း ၉/မနမ(နိုင်) ၀၉၃၅၆၉ဖြစ်ပါကြောင်း။ **ဦးတင်ဝင်း**

## ဖခင်အမည်မှန်

ရေနံချောင်းမြို့၊ အလက(ခွဲ)ပင်း၀၊ စတုတ္ထတန်းမှ မနှင်းစုဝေ၏ ဖခင်အမည်မှန်မှာ ဦးရန်လင်းမောင် ၈/ရနခ(နိုင်)၁၂၇၈၃၀ ဖြစ်ပါကြောင်း။ **ဦးရန်လင်းမောင်**

## ဖခင်အမည်မှန်

လယ်ဝေးမြို့၊သဲကောကြီး အထက၊ တက္ကသိုလ်ဝင်တန်းမှ မအေးသဇင်၏ ဖခင်အမည်မှန်မှာ ဦးတင်ထွန်း(ခ) ဦးမောင်ပု ၉/လဝန(နိုင်)၂၀၆၀၁၇ ဖြစ်ပါကြောင်း။

**ဦးတင်ထွန်း(ခ)ဦးမောင်ပု**

## ဖခင်အမည်မှန်

လယ်ဝေးမြို့၊ အလက(ခွဲ)၊ ဝဲကြီး၊ အဋ္ဌမတန်းမှ မရတနာမိုး၊ တတိယတန်းမှ မရတနာလင်းတို့၏ဖခင်အမည်မှန်မှာ ဦးပြည့်ဖြိုးကျော် ၉/လဝန (နိုင်)၂၄၀၅၅၇ဖြစ်ပါကြောင်း။

**ဦးပြည့်ဖြိုးကျော်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၄ယ/၄၉၄၀၄ Dayun 125 M/C ယာဉ်လက်ဝယ်ရှိသူ Lan Lan Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်**

## ကန့်ကွက်နိုင်ပါကြောင်း

ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက် အကွက်(၃၅)၊ ဦးပိုင်အမှတ်(၄၄၂)တွင် ဦးဒါနား-ဒေါ်ရွှေလီတို့၏သား ဦးမြင့်နိုင် ၁/ဗမန(နိုင်)၀၄၉၅၃၂က ဘိုးဘွားစဉ်ဆက်ပိုင်ဆိုင်နေထိုင်ခဲ့ပါသည်။ ယခုအခါ ဦးမြင့်နိုင်အမည်ဖြင့် ပုံစံ(၁၀၅/၁၀၆) ကူးရေးခွင့်နှင့် မြေငှားဂရန် လျှောက်ထားမည်ဖြစ်ပါ၍ ကန်ကွက်လိုသူရှိပါက ကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း အထောက်အထားအခိုင်အလုံဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။ **ဦးမြင့်နိုင်**
**ပေါက်ကုန်းရပ်၊ ဗန်းမော်မြို့**

### ပြည်တွင်းအခွန်များဦးစီးဌာန
### အောင်ဘာလေသိန်းဆုဌာနခွဲ
### အမှတ်-၃၈၄၊ မဟာဗန္ဓုလလမ်းနှင့် ၃၇လမ်းထောင့်၊ ရန်ကုန်မြို့

ရက်စွဲ။ ၂၀၁၈ ခုနှစ်၊ ဇွန် လ (၁)ရက်

## ကြေညာချက်

၁။ ၂၀၁၇ ခုနှစ်၊ ဇူလိုင်လတွင် ဖွင့်လှစ်သော (၄) ကြိမ်မြောက် ၅၀၀/- တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ရရှိသည့် အောက်ပါ ဆုလက်မှတ်ပေါင်း (၂၁) ဆု ကို ယနေ့တိုင် တောင်းခံခြင်း မရှိသေးပါ။

၂။ ဖော်ပြပါ ဆုရလက်မှတ်များကို ၂၀၁၈ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့အထိ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲရုံးများသို့ တင်ပြ၍ ဆုငွေများကို တောင်းခံနိုင်ပါသည်။

၃။ ကျပ် ၁၀၀၀၀၀၀/- အထက်ဆုငွေများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ရှိ အောင်ဘာလေသိန်းဆုဌာနခွဲတွင်သာ ထုတ်ပေးပါမည်။ ကျန်ဆုငွေ များကို အထက်ပါရုံးများအပြင် နယ်ရှိမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများတွင်လည်း ထုတ်ယူနိုင်ပါသည်။ မည်သည့် မြို့နယ်အခွန်ဦးစီး ဌာနမှူးရုံးတွင် ထုတ်ယူလိုကြောင်း သက်ဆိုင်ရာမြို့နယ် အခွန်ဦးစီးရုံး၏ စစ်ဆေး စိစစ်ချက်၊ ထောက်ခံချက်များနှင့်အတူ အထက်ပါ နေ့မတိုင်မီအကြောင်းကြား တောင်းခံ နိုင်ပါသည်။

၄။ ကျပ် ၅၀၀၀/- အပါအဝင် ဆုမဲစာရင်းများကို ပြည်နယ်(သို့မဟုတ်) တိုင်းဒေသကြီး ပြည်တွင်းအခွန်ဦးစီး ဌာနရုံးများ၊ ပြည်နယ်(သို့မဟုတ်) တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးများ၊ မြို့နယ်အခွန်ဦးစီးမှူးရုံးများ၊ မြို့နယ်စည်ပင် သာယာရေးကော်မတီ ရုံးများ အသီးသီးရှိ ကြော်ငြာ သင်ပုန်းများနှင့် www.irdmyanmar.gov.mm တွင် ကြေညာထားပါသည်။

၅။ အထက်ပါနေ့ကျော်လွန်ပြီးနောက် တောင်းခံလာသော ဆုရလက်မှတ်များကို စဉ်းစားမည်မဟုတ်ပါ ပြည်သူ့ ဘဏ္ဍာငွေအဖြစ် သိမ်းသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

### (၄)ကြိမ်မြောက် ၅၀၀ ကျပ်တန် ဘဏ္ဍာသိမ်း

| ကျပ် (၁၀၀,၀၀၀,၀၀၀/-) ဆု | ကျပ် (၃,၀၀၀,၀၀၀/-) ဆု | ကျပ် (၃၀၀,၀၀၀/-) ဆု | |
|---|---|---|---|
| က - ၉၁၄၂၅၅ | ခ - ၇၅၇၈၄၂ | ထ - ၄၇၉၇၉၀ | ကဒ - ၉၁၂၈၂၄ |
| | ဃ - ၃၂၃၃၆၇ | ကစ - ၆၈၁၄၂၀ | ကဒ - ၉၁၂၈၂၅ |
| ကျပ် (၅၀,၀၀၀,၀၀၀/-) ဆု | ကဓ - ၃၆၄၆၂၆ | ကစ - ၆၈၁၄၂၁ | ကဒ - ၉၁၂၈၂၈ |
| ဖ - ၄၃၄၀၇၁ | ကဒ - ၃၆၂၆၃၈ | ကစ - ၆၈၁၄၂၂ | ကဒ - ၉၁၂၈၂၉ |
| | | ကစ - ၆၈၁၄၂၃ | ကန - ၆၀၆၉၆၉ |
| ကျပ် (၃၀,၀၀၀,၀၀၀/-) ဆု | ကျပ် (၁,၀၀၀,၀၀၀/-) ဆု | ကစ - ၆၈၁၄၂၄ | ကပ - ၁၇၄၈၇၈ |
| ကဗ - ၅၃၉၀၂၅ | န - ၉၂၅၇၆၉ | ကဒ - ၉၁၂၈၂၃ | |

# မိမိသဘောဆန္ဒအလျောက် ဘင်္ဂလားဒေ့ရှ်မှ ပြန်လည်ဝင်ရောက်လာသူများအား နှစ်နိုင်ငံသဘောတူညီချက်ပါ လုပ်ငန်းစဉ်အတိုင်း ပြန်လည်နေရာချထား



**စစ်တွေ မေ ၃၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် စစ်တွေမြို့မှ မောင်တောမြို့နယ်ရှိ လှဖိုးခေါင်ကြားစခန်းသို့ ရောက်ရှိပြီး မိမိသဘောဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသူများအား ၎င်းတို့၏ မူလနေထိုင်ရာနေရာများ (သို့မဟုတ်) အနီးစပ်ဆုံးနေရာများသို့ နေရာချထားရန် ဆောင်ရွက်နေမှုများကို သွားရောက်ကြီးကြပ် ဆောင်ရွက်သည်။ **(ဝဲပုံ)**

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် မိမိသဘောဆန္ဒအလျောက် ပြန်လည်ဝင်ရောက်လာသူများအား အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ဆောင်ရွက်ပေးလျက်ရှိသော နိုင်ငံသားလျှောက်ထားသည့် အစီအစဉ်တွင် ပထမအဆင့် NV Card ကိုင်ဆောင်ခြင်း၊ တစ်ပြိုင်တည်းမှာပင် နိုင်ငံသားစိစစ်မှုကို ဥပဒေနှင့်အညီ ခံယူရန်လိုအပ်သော လျှောက်လွှာများဖြည့်ခြင်း၊ လူမှုဝန်ထမ်းဦးစီးဌာန တာဝန်ရှိသူများက ဘင်္ဂလားဒေ့ရှ်တွင် ကျန်ရှိသော ၎င်းတို့၏မိသားစုဝင်များအား သံတမန်နည်းလမ်းဖြင့် ဆက်သွယ်ခေါ်ယူပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးရန် ဘင်္ဂလားဒေ့ရှ်ဒုက္ခသည်စခန်းလိပ်စာနှင့် မိသားစုစာရင်းများ ရယူခြင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်၊ ဆီ၊ ဆား၊ ပဲရိက္ခာခုနစ်ရက်စာ ထောက်ပံ့နေမှုနှင့် *စာမျက်နှာ ၁၀ ကော်လံ ၅* ❖

---

**လားရှိုးမြို့၌ လက်နက်နှင့် မူးယစ်ဆေးဝါးများဖမ်းဆီးရမိ** စာ-၁၃

. . . . . . . . . . .

**အမေရိကန်က အီရန်အပေါ် ပိတ်ဆို့မှုအသစ်များ ချမှတ်** စာ-၁၄

## အာရှ ယူ-၁၆ အမျိုးသမီး ခြေစစ်ပွဲတွင် မြန်မာအသင်း အုပ်စု (င) တွင် ကျရောက်

**နေပြည်တော် မေ ၃၁**

အာရှဘောလုံးအဖွဲ့ချုပ်သည် ၂၀၁၉ အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ အုပ်စုမဲခွဲပွဲကို ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ မြန်မာအသင်းသည် အုပ်စု (င) တွင် ကျရောက်ခဲ့သည်။ မြန်မာအသင်းသည် ဖိလစ်ပိုင်၊ မလေးရှား၊ နီပေါ၊ ဆီးရီးယားအသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေခြင်းဖြစ်သည်။

ခြေစစ်ပွဲကို အုပ်စုခြောက်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ငါးသင်းခြောက်အုပ်စုပါဝင်ကာ *စာမျက်နှာ ၁၂ ကော်လံ ၃* ▲

## အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် မြန်မာအသင်း အဖွင့်ပွဲအဖြစ် တီမောအသင်းနှင့် စတင်ကစားရမည်

**နေပြည်တော် မေ ၃၁**

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို ဇူလိုင် ၁ ရက်မှ ၁၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အဖွင့်ပွဲအဖြစ် တီမောအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို မူလက ဇူလိုင် ၂ ရက်မှ ၁၄ ရက်အထိ ကျင်းပရန် စီစဉ်ထားသော်လည်း တစ်ရက်ရှေ့တိုးကာ ဇူလိုင် ၁ ရက်တွင် စတင်မည်ဖြစ်သည်။

ပြိုင်ပွဲတွင် အရှေ့တောင် အာရှနိုင်ငံ ၁၁ နိုင်ငံစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စု (က) တွင် ထိုင်း၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ စင်ကာပူ၊ လာအို၊ ဖိလစ်ပိုင်၊ အုပ်စု (ခ)တွင် မလေးရှား၊ မြန်မာ၊ တီမော၊ ကမ္ဘောဒီးယားနှင့် ဘရူနိုင်းအသင်းတို့ ပါဝင်နေသည်။ အုပ်စုပွဲများကို ဇူလိုင် ၁ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲများကို ဇူလိုင် ၁၂ ရက်၊ တတိယလုပွဲနှင့် ဗိုလ်လုပွဲကို ဇူလိုင် ၁၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဇူလိုင် ၁ ရက်တွင် တီမောအသင်း၊ ဇူလိုင် ၅ ရက်တွင် ကမ္ဘောဒီးယား၊ ဇူလိုင် ၇ ရက်တွင် ဘရူနိုင်းအသင်း၊ *စာမျက်နှာ ၁၂ ကော်လံ ၅* ●



မြန်မာ ယူ-၁၉ အသင်း လေ့ကျင့်မှုပြုလုပ်နေစဉ်။ ဓာတ်ပုံ-စိုးညွန့်



Distributed by SEIN WUT HMON CO.,LTD. No(24),Phan Chat Won U Shwe Ohh Street, Industrial Zone (2), Hlaing Thar Yar Township,Yangon.01-684 842, 09-731 26116